# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကိုချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ **အတ္တဝဂ်(ဓမ္မပဒ - ၁၅၇)**


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၉၇)


# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၄**

ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲမရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဘွဲ့တံဆိပ်ရရှိကြသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ●


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ


စာမျက်နှာ-၄





မြန်မာ့အလင်း

# တိုင်းပြည်၏ပကတိအခြေအနေမှန်နှင့် အနာဂတ်အောင်မြင်မှု

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ကျဆုံးခဲ့ရခြင်းအား တစ်ကြောင်း တည်းဖော်ပြရပါက တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို သိရှိနိုင် သော အခြေအနေတို့ ကင်းမဲ့ခြင်းကြောင့်ပင်ဖြစ်ပါသည်။

ထိုကဲ့သို့ တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို မသိရှိနိုင်ခြင်းသည် တစ်ခုတည်းသောဦးဆောင်ပါတီက တိုင်းပြည်၏ယန္တရားအရပ်ရပ် အားထိန်းချုပ်ထားသောကြောင့်ဖြစ်ပါသည်။ တိုင်းပြည်၏ယန္တရား အရပ်ရပ်၌ အထက်အဆင့်အသီးသီးက မကြားလို၊ မမြင်လို၊ မသိလို သော သတင်းတို့ကို ဆိုင်ရာဆိုင်ရာ အောက်ခြေအဆင့်ဆင့်တို့က တင်ပြနိုင်ခွင့်ကင်းမဲ့ခြင်းသည် ပကတိအခြေအနေမှန်တို့ ပျောက်ဆုံး စေခြင်း၏ အကြောင်းတရားဖြစ်ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ လွတ်လပ်သောသတင်း မီဒီယာတို့မရှိသကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများ မဆိုထားဘိ၊ သာရေး နာရေးအဖွဲ့အစည်းများကိုပင် လွတ်လွတ်လပ်လပ် ဖွဲ့စည်းခွင့်မရှိ၍ ပြည်သူလူထု၏ အသံမှာလည်း ပျောက်ဆုံးခဲ့ပါသည်။ ပြည်သူလူထု၏ အသံ ပျောက်ဆုံးခြင်းသည် ပကတိအခြေအနေမှန် မသိရှိနိုင်ခြင်းကို ပိုမိုနက်ရှိုင်းစေခဲ့ပါသည်။

ပစ္စုပ္ပန်ကာလ၌ တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ လွှတ်တော် အသီးသီး ရှိသကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့လည်း ရှိနေပြီဖြစ်ပါ သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးရှိသကဲ့သို့ ပြည်ထောင်စုအစိုးရလည်း ရှိနေပြီဖြစ်ပါသည်။ လွတ်လပ်သော သတင်းမီဒီယာတို့ အပြိုင်အဆိုင်လှုပ်ရှားနေသကဲ့သို့ အရပ်ဘက် အဖွဲ့အစည်းအသီးသီးတို့လည်းအပြိုင်းအရိုင်းတည်ရှိနေပြီဖြစ်ပါသည်။ ဤဖြစ်စဉ်ဖြစ်ရပ်တို့ကို အဓိပ္ပာယ်ဖွင့်ရပါက တိုင်းပြည်၌ ပကတိအခြေ အနေမှန်တို့အား သိရှိနိုင်သော အနေအထားတို့ကို ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

တိုင်းပြည်၏ ပကတိအခြေအနေမှန်တို့အား သိရှိနိုင်သောအနေ အထားတို့ကို ပိုင်ဆိုင်ထားသော်လည်း အဆိုပါအနေအထားတို့ကို ပြည့်ပြည့်ဝဝ၊ မှန်မှန်ကန်ကန်အသုံးချနိုင်မှသာ ပကတိအခြေအနေမှန် တို့ကို ဆုပ်ကိုင်သိရှိနိုင်ပါသည်။ ပစ္စုပ္ပန်ကာလ၌ မြန်မာနိုင်ငံတွင် လွတ်လပ်သော သတင်းမီဒီယာတို့ အပြိုင်အဆိုင်လှုပ်ရှားနေကြသော် လည်း အဆိုပါ သတင်းမီဒီယာ အသီးသီးတို့ရှိ တာဝန်ရှိပုဂ္ဂိုလ်တို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် အပြုသဘော ဝေဖန်အကြံပြု တင်ပြအပ်ပါသည်။

ဤကဲ့သို့ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို နိုင်ငံတော်ပိုင်သတင်း မီဒီယာများ၌လည်း ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော်ပိုင် အပါအဝင် သတင်းမီဒီယာတို့၌ လူငယ်များ တက်တက်ကြွကြွ ဆောင်ရွက်နေသည်မှာ အားတက်စရာ မြင်ကွင်းတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏ သမိုင်းနှင့် ခေတ်ပြိုင်ကမ္ဘာ့သမိုင်းအပါအဝင် သတင်း မီဒီယာသမားတို့သိရှိသင့် သိရှိထိုက်သည်များကို ပြုစုပျိုးထောင်ပေးမည့် ခေတ်မီပြည့်စုံသော သတင်းမီဒီယာသင်တန်းကျောင်းများ တည်ထောင် ဖွင့်လှစ်ပေးပါရန် လေးစားစွာအကြံပြုတင်ပြလိုပါသည်။

တိုင်းပြည်၏ ကဏ္ဍအသီးသီးတွင် လှုပ်ရှားလျက်ရှိသော အရပ်ဘက် အဖွဲ့အစည်းများ အားကောင်းမောင်းသန် ဖြစ်စေရေးအတွက် အထောက်အပံ့ဖြစ်မည့် အစီအစဉ်များ ချမှတ်ပေးပါရန်ကိုလည်း အလားတူ တိုက်တွန်းအကြံပြုတင်ပြလိုပါသည်။

ဤကဲ့သို့သော အစီအမံတို့ကို ချမှတ်ဆောင်ရွက်မှသာ တိုင်းပြည်၏ ပကတိအခြေအနေမှန်တို့ သိရှိနိုင်စွမ်းသည် ခိုင်မာပြည့်ဝလာပြီး တိုင်းပြည်၏ အနာဂတ်ကိုအောင်အောင်မြင်မြင် ဖန်တီးနိုင်မည်ဖြစ်ပါ သည်။ ပကတိအခြေအနေမှန်သိရှိခြင်းနှင့် အောင်မြင်မှု ရရှိခြင်းတို့သည် ခွဲခြမ်းစိတ်ဖြာ၍မရသော အကြောင်းတရားနှင့်အကျိုးတရားတို့ဖြစ်၍ ပကတိအခြေအနေမှန်ကို သိရှိနိုင်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော် တင်ပြအပ်ပါသည်။




## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော် ဇန်နဝါရီ ၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိ နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမို အားကောင်းလာကာ မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်း တို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီး နိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။ **(မိုး/ဇလ)**

## ရခိုင်ပြည်နယ်သို့ အာဆီယံနိုင်ငံများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၄**

ရခိုင်ပြည်နယ်သို့ အာဆီယံနိုင်ငံများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေး နှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်း ထုတ်ပြန်ရေးကော်မတီက ယနေ့ရက်စွဲဖြင့် သတင်း ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း သိရှိ ရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်သို့ အာဆီယံနိုင်ငံများမှ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီများပေးရာတွင် လိုက်နာရန် အချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနက ၂-၁-၂၀၁၇ ရက်စွဲဖြင့် အာဆီယံနိုင်ငံများ၏ သံရုံးများအား အကြောင်းကြားခဲ့ကြောင်း၊ အာဆီယံနိုင်ငံများ အနေဖြင့် ရခိုင်ပြည်နယ်သို့ အကူအညီများပေးပို့ရာတွင် သံတမန်လမ်းကြောင်းမှတစ်ဆင့် အကြောင်းကြား ပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကူအညီ များရောက်ရှိချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေ ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အခွန်ကင်းလွတ် ခွင့်၊ အကောက်ခွန်ရှင်းလင်းရေးကိစ္စရပ်များအတွက် သက်ဆိုင်သည့်ဌာနအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုအပ်သဖြင့် အကူအညီပေးသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ အလေးချိန်တို့ကို ကြိုတင်အကြောင်းကြားရန် လိုအပ်ကြောင်း ဖော်ပြ ထားသည်။

ထို့ပြင် အကူအညီများကို ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းနှစ်ခုလုံးအား ခွဲခြားမှုမရှိဘဲပေးရန် လိုအပ်ပြီး ကူညီရေးပစ္စည်းများ ရန်ကုန်လေဆိပ်နှင့် ဆိပ်ကမ်းများသို့ ရောက်ရှိချိန်တွင် ထိုပစ္စည်းများကို ရခိုင်ပြည်နယ်သို့ ပို့ဆောင်ရေးအတွက် သက်ဆိုင်သည့် ဌာနများနှင့် အလှူရှင်နိုင်ငံများကို နိုင်ငံခြားရေးဝန်ကြီး ဌာနက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ရခိုင်ပြည်နယ် အစိုးရက ထိုအကူအညီများကို အသိုင်းအဝိုင်း နှစ်ခုလုံးသို့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကာ အလှူရှင်နိုင်ငံအနေဖြင့် ဒေသတစ်ခု၊ သို့မဟုတ် ရွာတစ်ရွာသို့ အလှူပစ္စည်းများဖြန့်ဖြူးပေးလိုပါက ထိုနေရာများသို့ရောက်ရှိရေးအတွက် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ အလှူရှင်နိုင်ငံအနေဖြင့် ထောက်ပံ့ရေး ပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားလုပ်လို ပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပွင့်လင်း မြင်သာမှုရှိစေရေးအတွက် အကူအညီပစ္စည်းများ ပေးအပ်နိုင်မှု အခြေအနေကို သက်ဆိုင်ရာသံရုံးများ အား နိုင်ငံခြားရေးဝန်ကြီးဌာနက အကြောင်းကြား သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

အာဆီယံနိုင်ငံများအနေဖြင့် ငွေသားဖြင့် လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချ ထားရေး ဝန်ကြီးဌာန၏ ငွေစာရင်းသို့ပေးပို့လှူဒါန်း နိုင်ပြီး ရခိုင်ပြည်နယ်သို့ လှူဒါန်းလိုသူများအနေဖြင့် ထိုအချက်များကို အလေးအနက်လိုက်နာရန် လိုအပ် ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ရခိုင်ပြည် နယ်သို့ အကူအညီများပေးရာတွင် ထိုအချက်များကို အလေးအနက်ထားလိုက်နာရန် နိုင်ငံခြားရေးဝန်ကြီး ဌာနက အသိပေးအကြောင်းကြားထားကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏မူဝါဒနှင့်အညီ အင်ဒိုနီးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ ကူညီမှုများပေးအပ်ရန် တရားဝင်အဆိုပြု ကမ်းလှမ်း ထားပြီး လိုအပ်သလို ဖြန့်ခွဲပို့ဆောင်နိုင်ရေး နှစ်နိုင်ငံ ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ ・ ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ် (သတင်းစဉ်)

● *ရှေ့စာမှ*

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ယနေ့ပြုလုပ်သည့် အခမ်းအနားမှာ နိုင်ငံတော်တည်ဆောက်ရေးတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ထူးထူးချွန်ချွန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတာဝန်ကို မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရဲဝံ့စွန့်စားစွာ ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းမည့် ထူးခြားလေးနက်သော အခမ်းအနားပင်ဖြစ်ပါကြောင်း။

**လွတ်လပ်ရေးကို အရယူနိုင်ခဲ့**

ယခုလို ထူးခြားလေးနက်သည့် အခမ်းအနားကို မိမိတို့ မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကျင်းပခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး ပြန်လည်ရရှိရန် အသက်၊ သွေး၊ ချွေး ပေါင်းများစွာ ရင်းနှီးပြီး နှစ်ပေါင်းများစွာ ကြိုးစားခဲ့ကြရပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာတစ်မျိုးသားလုံး ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်ဖြင့် ညီညီညွတ်ညွတ် ကြိုးစားခဲ့သည့်အတွက် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

**နိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်**

အမျိုးသားခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင်များ စွန့်လွှတ်စွန့်စားအားထုတ် ကြိုးပမ်းရယူခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့အစဉ်ထာဝရ တည်တံ့စေရန်အတွက် လွတ်လပ်ရေးအရယူခဲ့သည့် အချိန်ကကဲ့သို့ မြန်မာတစ်မျိုးသားလုံး ညီညီညွတ်ညွတ် လက်တွဲကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း၊ (၆၉)နှစ်တိုင်ခဲ့ပြီဖြစ်သည့် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် လွတ်လပ်သည့် နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် တာဝန်သည် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။

**ဂုဏ်ပြုထိုက်သူကိုဂုဏ်ပြု**

ယခုလို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်စေရန် ရည်မှန်းချက်ထားပြီး ဘက်စုံထောင့်စုံက တည်ဆောက်ရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး တာဝန်များတွင် တိုင်းကျိုးပြည်ကျိုးကို အများထက် ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ပြုချီးမြှင့်ခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတစ်ပါးပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့၏ အသက်ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၏ ထောက်ခံတင်ပြချက်အရ ယခုလို ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပပြုလုပ်ပြီး သီဟသူရဘွဲ့တံဆိပ်ရရှိသူတစ်ဦးနှင့် သူရဘွဲ့တံဆိပ်ရရှိသူ ၁၄ ဦးတို့အား ဂုဏ်ယူစွာဖြင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ ရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များသည် မိမိတို့ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသည့်ဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံရသည့် သင်္ကေတ အမှတ်အသားတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူကိုယ်စား လေးစားဂုဏ်ယူပါသည်ဟုလည်း အလေးအနက် ပြောကြားလိုပါကြောင်း။

**စံနမူနာကောင်းများလက်ဆင့်ကမ်း**

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့် အညီဆောင်ရွက်ခြင်းဖြစ်ပြီး မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ထိုက်ထိုက်တန်တန် မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်း ခံရခြင်းဖြစ်ပါကြောင်းနှင့် ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမျိုးစွဲ၊ ဝါဒစွဲမထားဘဲ၊ စိတ်ဝမ်းမကွဲကြဘဲ သမိုင်းကြောင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရင်း မိမိတို့နိုင်ငံ၊ မိမိတို့၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပါ၊ မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ မိမိတို့လို ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများ လက်ဆင့်ကမ်းပေးကြပါဟု တိုက်တွန်းပြောကြားသည်။

**ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်**

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၆ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းခဲ့သော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သီဟသူရဘွဲ့ရရှိသူ အမှတ်(၁၀၉) ခြေမြန်တပ်ရင်းမှ ကြည်း-၅၃၀၉၈ ဗိုလ်ကြီးစွမ်းရည်အောင် (ကျဆုံး) ကိုယ်စား ဖခင်ဖြစ်သူ ဦးခင်မောင်ဝင်း၊ သူရဘွဲ့ရရှိကြသည့် အမှတ်(၄)ခြေလျင်တပ်ရင်းမှ ကြည်း-၃၁၄၈၀ ဒုတိယဗိုလ်မှူးကြီးဇော်မျိုး (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်နွဲ့ရီဝင်း၊ အမှတ်(၆)ခြေမြန်တပ်ရင်းမှ ကြည်း-၃၄၂၂၇ ဗိုလ်မှူးရာဇာမင်းထွန်း (ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်နှင်းပွင့်ဟန်၊ အမှတ်(၁)ခြေလျင်တပ်ရင်းမှ ကြည်း-၃၈၃၂၆ ဗိုလ်ကြီး နေလဝင်း (ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မြိုင်၊ အမှတ်(၁၁)ခြေလျင်တပ်ရင်းမှ ကြည်း -၄၂၆၆၇ ဗိုလ်ကြီးမင်းအောင်၊ အမှတ် (၄) ခြေလျင်တပ်ရင်းမှ ကြည်း-၄၆၉၄၇ ဗိုလ်ကြီးငြိမ်းချမ်းကျော် (ကျဆုံး) ကိုယ်စား ဖခင်ဖြစ်သူ ဦးမျိုးဝင်း၊ တပ်မတော်ကြည်း ဗိုလ်သင်တန်းကျောင်း (ဗထူး)မှ ကြည်း -၅၄၅၆၁ ဗိုလ်ကြီးစိုးညွန့်နိုင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) မှ ကြည်း-၅၅၇၀၄ ဗိုလ်ကြီးရန်ကျော်၊ စစ်တက္ကသိုလ်မှ ကြည်း-၆၀၇၇၃ ဗိုလ်ကြီးသက်ခိုင်၊ အမှတ်(၉)ခြေမြန်တပ်ရင်းမှ ကြည်း-၆၁၆၉၀ ဗိုလ်ကြီး ပြည့်စုံအောင်၊ အမှတ်(၁၀၉) ခြေမြန်တပ်ရင်းမှ ကိုယ်ပိုင်အမှတ် ၅၉၇၃၈၅ ဒုတိယအရာခံဗိုလ်ဝင်းနိုင် (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မိမိစန်း၊ အမှတ်(၆) ခြေမြန်တပ်ရင်းမှ တ/၁၂၇၁၁၁ ဒုတိယတပ်ကြပ်လှအေး (ကျဆုံး)ကိုယ်စား အစ်ကိုဖြစ်သူ ဦးလှမျိုး၊ အမှတ်(၁၁၉) ခြေမြန်တပ်ရင်းမှ တ/၁၇၂၃၅ ဒုတိယတပ်ကြပ် ရဲဇော်(ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ဇီး ဖြူမ၊ အမှတ်(၄) ခြေလျင်တပ်ရင်းမှ တ/၄၀၄၀၀၉ ဒုတိယတပ်ကြပ် နေမင်း(ကျဆုံး)ကိုယ်စား မိခင်ဖြစ်သူ ဒေါ်သန်းမြင့်၊ အမှတ်(၁၁)ခြေလျင်တပ်ရင်းမှ တ/၄၇၇၂၁၅ ဒုတိယတပ်ကြပ် ပိုးလေးတို့အား ဂုဏ်ထူးဆောင် ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သီဟသူရဘွဲ့၊ သူရဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် သီဟသူရဘွဲ့တံဆိပ်ရရှိသူ တစ်ဦးနှင့် သူရဘွဲ့တံဆိပ်ရရှိသူ ၁၄ ဦးတို့အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် သီဟသူရဘွဲ့ရရှိသူ အမှတ် (၁၀၉)ခြေမြန်တပ်ရင်းမှ ကြည်း-၅၃၀၉၈ ဗိုလ်ကြီးစွမ်းရည်အောင်(ကျဆုံး)ကိုယ်စား ဖခင်ဖြစ်သူ ဦးခင်မောင်ဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ် (၄)ခြေလျင်တပ်ရင်းမှ ကြည်း-၄၆၉၄၇ ဗိုလ်ကြီးငြိမ်းချမ်းကျော် (ကျဆုံး)ကိုယ်စား ဖခင်ဖြစ်သူ ဦးမျိုးဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၆) ခြေမြန်တပ်ရင်းမှ ကြည်း-၃၄၂၂၇ ဗိုလ်မှူးရာဇာမင်းထွန်း(ကျဆုံး)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်နှင်းပွင့်ဟန်အား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူများက လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့သည် ညနေ ၆ နာရီခွဲတွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကျင်းပမည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီးဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့် ဇနီးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်၎င်းတို့၏ ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ဂုဏ်ပြုကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

**(သတင်းစဉ်)**

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဗေဒါသီရိဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က တပ်မတော်အနေဖြင့် အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မည်သည့်အစိုးရ၊ မည်သည့်စနစ်၊ မည်သည့်ခေတ်ကာလတွင်မဆို နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာစောင့်သိပြီး ရဲဝံ့စွန့်စားသည့်စိတ်ထားဖြင့် စွမ်းရည်၊ စွမ်းအားပြည့်ဝစွာ ဆောင်ရွက်ခဲ့ကြောင်း၊ သူရသတ္တိအပြည့်ဖြင့် ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ကြရာတွင် အချိန်မှန်၊ နေရာမှန်၊ အခြေအနေမှန်တွင် ဆုံးဖြတ်ချက် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ မလိုလားအပ်သည့် ဆုံးရှုံးမှုများကို ရှောင်လွှဲနိုင်မည်ဖြစ်သကဲ့သို့ ပေးအပ်ထားသော ရည်မှန်းချက်တာဝန်ကို ဖော်ဆောင်ရာတွင် အောင်မြင်မှုများ အပြည့်အဝရရှိနိုင်မည် ဖြစ်ကြောင်း။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

တပ်မတော်အနေဖြင့် တိုင်းရင်းသားအချင်းချင်း ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရာတွင် စစ်ရေးနည်းလမ်းထက် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးကို ခေတ်အဆက်ဆက်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ စစ်ရေးဆိုသည်မှာ မိမိ၏ အသက်ခန္ဓာနှင့်ရင်းပြီး တိုက်ခိုက်ရခြင်းဖြစ်သည့်အတွက် မိမိတို့တပ်မတော်သားများအနေဖြင့် ငြိမ်းချမ်းရေးကို အလိုလားဆုံးဖြစ်ကြောင်းကို ရိုးသားစွာထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိတွင်လည်း တပ်မတော်သည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးကြီး တစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး လေးဦး၊ ဗိုလ်မှူး ရှစ်ဦး၊ ဗိုလ်ကြီး ၁၆ ဦး၊ ဗိုလ် သုံးဦး၊ ဒုတိယအရာခံဗိုလ် ခုနစ်ဦး၊ တပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး ခြောက်ဦး၊ တပ်ကြပ် ရှစ်ဦး၊ ဒုတိယတပ်ကြပ် ၁၈ ဦးနှင့် တပ်သား သုံးဦးတို့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး တစ်ဦး၊ ဗိုလ်မှူး ခြောက်ဦး၊ ဗိုလ်ကြီး သုံးဦး၊ ဒုတိယအရာခံဗိုလ် နှစ်ဦး၊ တပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ် တစ်ဦးနှင့် ဒုတိယတပ်ကြပ် နှစ်ဦးတို့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ဗိုလ်ချုပ် နှစ်ဦး၊ ဗိုလ်မှူးကြီး လေးဦး၊ ဒုတိယဗိုလ်မှူးကြီး တစ်ဦး၊ ဗိုလ်မှူး ခြောက်ဦး၊ ဗိုလ်ကြီး ရှစ်ဦး၊ အရာခံဗိုလ် သုံးဦး၊ အုပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး ငါးဦး၊ တပ်ကြပ် တစ်ဦး၊ တပ်သား နှစ်ဦးနှင့် ရဲမေ တစ်ဦးတို့အားလည်းကောင်း သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်နှင့် လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၇၅ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၆ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၄ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ကျန်သည့်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများက ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် တပ်မတော်သားများ၏ မိသားစုဝင် ရဲမေ ၂၀ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ရှစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၃ ဦး ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ ရဲမေများ၏ စွန့်လွှတ်အနစ်နာခံသည့် အာဇာနည်စိတ်ဓာတ်ဖြင့် ရဲရင့်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

နံနက် ၆ နာရီတွင် အခမ်းအနားသို့တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ဌာန ဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိ တပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

နံနက် ၆ နာရီ ၄၅ မိနစ်တွင် ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အလေးပြုခံစင်မြင့်သို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ် (သတင်းစဉ်)

# (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

**ရေကြည် ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် အဆိုပါလွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကိုအလေးပြုကြပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးဦးက ဖတ်ကြားခဲ့သည်။ **(အောက်ပုံ)**



လွတ်လပ်ရေးနေ့ အထိမ်းအမှတ်တွင် ပျော်ပွဲ၊ ရွှင်ပွဲများအဖြစ် မြို့နယ်အားကစားကွင်း၌ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲများ ကျင်းပကြပြီး ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများကျင်းပ

**မောင်တော ဇန်နဝါရီ ၄**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်က မောင်တောမြို့အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ မြို့မအားကစားကွင်း၌ပြုလုပ်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းအားကစားကွင်း၌ ကျောင်းသား ကျောင်းသူများ အားကစားပြိုင်ပွဲ များ ပြုလုပ်သည်။

မြို့မအားကစားကွင်း၌ ခြင်းလုံး၊ ဂျပန်ဂိုးကျင်း ပြိုင်ပွဲပြုလုပ်ပြီး ဗိုလ်လုပွဲနှင့် အခြားအားကစားနှင့် ပျော်ပွဲရွှင်ပွဲများ ဖြစ်သည့် ချောတိုင်တက်၊ လွန်ဆွဲ၊ မီတာ ၁၀၀ အပြေးပြိုင်၊ ရေအိုးခေါင်းတင်၊ ဆန်ကောခေါင်းတင်၊ ကင်းမြီးကောက်၊ ခြေပူး၊ ကွမ်းသီးကောက်၊ မုန့်ကိုက်ပြိုင်ပွဲ များကိုလည်း ဇန်နဝါရီ ၄ ရက်က မြို့မအားကစားကွင်း၌ကျင်းပခဲ့ပြီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ငွေကျပ် ၁၀၀ တန် အထူးထုတ်စာပို့တံဆိပ်ခေါင်း ရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၄**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ငွေကျပ် ၁၀၀ တန် အထူးထုတ် စာပို့တံဆိပ်ခေါင်း တစ်မျိုးကို ယနေ့ နံနက် ၉ နာရီခွဲမှ စတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်များ၌ စတင်ရောင်းချပေးသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ယနေ့ (လွတ်လပ်ရေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးကြောင်း သိရသည်။

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရန်ကုန်စာတိုက်ကြီးတွင် တံဆိပ်ခေါင်းချစ်သူများ၊ အထူးထုတ် တံဆိပ်ခေါင်းအသစ်အဆန်းစုဆောင်းသိမ်းဆည်းလိုသူများက ဝယ်ယူမှုများပြားသည့်အလျောက် သက်ဆိုင်ရာဝန်ထမ်းများက အဆိုပါ အထူးထုတ်တံဆိပ်ခေါင်းကို လိုသလောက်ရောင်းချပေးကြောင်း တွေ့မြင်ရသည်။ **ကိုချစ်**

❐ *ကျောဖုံးမှ*

"ပစ္စည်းတွေ ရန်ကုန်ဆိပ်ကမ်းကိုရောက်တဲ့အခါ အင်ဒိုနီးရှားအစိုးရက မြန်မာအစိုးရကို လှူဒါန်းသွားမှာဖြစ်ပါတယ်။ တရားဝင် သံတမန်လမ်းကြောင်းကနေပြီး အဆိုပြုချက်တွေအပေါ်အခြေပြုပြီး ပစ္စည်းတွေလှူဒါန်းတဲ့အခါမှာလည်း မြန်မာအစိုးရအစီအစဉ်နဲ့ ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ ဒီလို ချဉ်းကပ်ဆောင်ရွက်မှုတွေကိုလည်း မြန်မာအစိုးရက ကြိုဆိုပါတယ် " ဟု ပြောသည်။



အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ



ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျကလည်း "ရခိုင်ပြည်နယ်မှာရှိတဲ့ လူ့အဖွဲ့အစည်းနှစ်ခုကို အင်ဒိုနီးရှားနိုင်ငံက ထောက်ပံ့ရေးပစ္စည်းတွေ ထောက်ပံ့ပေးဖို့ ကမ်းလှမ်းတာ မှန်ပါတယ်။ ပြီးခဲ့တဲ့ လကုန်လောက်ကတည်းက ကမ်းလှမ်းတာပါ။ နှစ်ဖက်အစိုးရအနေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာပါ။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်၊ ၂၃ ရက်နေ့လောက်က နှုတ်နဲ့ကမ်းလှမ်းခဲ့ပါတယ်။ ပြီးတော့ စာနဲ့ တရားဝင်ပေးပို့လာပါတယ်။ ဒါနဲ့ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ စီးပွားရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက "မလေးရှားသင်္ဘော လာမယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး စစပိုင်းကတော့ ဒီမှာရှိတဲ့ သံအမတ်ကြီးက မေးတာပေ့ါ။ သူလည်း အတိအကျတော့မသိဘူး။ ထောက်ပံ့ရေးပစ္စည်းတွေ လာမယ်ဆိုရင် အသိုင်းအဝိုင်း နှစ်ခုစလုံးကို မျှမျှတတ လုပ်ဖို့ ပြောခဲ့ပါတယ်။ ကနဦးမေးကတည်းက တရားဝင်လည်း မလာတော့ ကျွန်တော်တို့ဘက်က နောက်ထပ်မမေးတော့ဘူး။ ပြောရမယ်ဆိုရင် မလေးရှားအစိုးရပိုင်းက တရားဝင် ကမ်းလှမ်းလာတာ တစ်ခုမှမရှိသေးပါဘူး။

နောက်ပိုင်း ကြားနေရတာတွေက သူတို့ ပထမသင်္ဘောနှစ်စင်းလာမယ်ဆိုတယ်။ နောက်တော့ တစ်စင်းက မလာတော့ဘူးလည်း ကြားတယ်။ ဒါတွေက ကြားရတဲ့သတင်းတွေပဲ ဖြစ်ပါတယ်။ သူတို့နဲ့ ကျွန်တော်တို့ကြားမှာ တရားဝင်တစ်ခါမှ ပြောလာတာမရှိပါဘူး" ဟု ပြောသည်။

ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းကလည်း "မလေးရှားနိုင်ငံက လာမယ့် သင်္ဘောကိစ္စနဲ့ပတ်သက်လို့ မလေးရှားသံအမတ်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဆီ ဖုန်းနဲ့ဆက်သွယ်ပြီး ပစ္စည်းတွေလာဖို့ အစီအမံတွေ ရှိတယ်လို့ ပြောပါတယ်။ အဲဒီလိုပြောတဲ့အခါ အမြဲတမ်းအတွင်းဝန်က သံတမန်လမ်းကြောင်းအတိုင်း တရားဝင်စာနဲ့ အကြောင်းကြားပေးဖို့ ပြောခဲ့တယ်။ ဒီနေ့အထိတော့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကွာလာလမ်ပူမှာရှိတဲ့ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးကို မလေးရှားအစိုးရအနေနဲ့ရော၊ အခြားအဖွဲ့အစည်းတွေအနေနဲ့ရော အကြောင်းကြားထားတာမျိုး အခုအချိန်ထိ မရှိသေးပါဘူး" ဟု ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများကို ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းပြီး ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများထံ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများက လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးအကူအညီများပံ့ပိုးပေးရန် အသင့်ရှိကြောင်းပြောကြားခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း လိုအပ်သော လူသားချင်း စာနာထောက်ထားမှုအကူအညီများ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲမှ ဆွေးနွေးချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံက ယခုကဲ့သို့ တရားဝင်သံတမန်လမ်းကြောင်းမှ ဆက်သွယ်အဆိုပြုခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအတွက် လုံချည်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်နှင့် ကလေးငယ်များအတွက် အစားအသောက်များပါသည့် ကွန်တိန်နာ ၁၀ လုံးကို အင်ဒိုနီးရှားနိုင်ငံမှ ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

*ယမန်နေ့မှအဆက်*

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်(အဆက်)**

၁၁။ ဘဒ္ဒန္တသုဇန၊ ရေရှင်ကျောင်းတိုက်၊ ရေရှင်ကျေးရွာ၊ ဆောမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဝိမလ၊ အင်္ဂါဒေါင့်ဓမ္မာစရိယကျောင်း၊ ရွှေမင်းဝန်ကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ ညောင်ဦးမြို့ မန္တလေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တခန္တီသာရ၊ သိမ်တော်ရှင်ကျောင်းတိုက်၊ သိမ်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ အဝေရာရာမရန်ကင်းကျောင်းတိုက်၊ စိန်ပန်း+သံလျက်မော်အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တကေသရာဘိဝံသ၊ ဓမ္မာဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသုမန၊ ကော့ဒွန်းကျောင်းသစ်၊ ကော့ဒွန်းကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်

၁၇။ ဘဒ္ဒန္တနာရဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ပန်းတုံးကျေးရွာ၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်

၁၈။ ဘဒ္ဒန္တပညောဘာသ၊ ဘီးလင်းတိုက်သစ်၊ ကျွန်းတောလမ်း၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တကောဝိဒဓဇ၊ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တပညောဘာသ၊ ဖလန်းကျောင်းတိုက်၊ သုံးခွကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဝေပုလ္လ၊ ဓမ္မပါလကျောင်းတိုက်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တကုမာရ၊ ဓမ္မသုခကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ (စျ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တတေဇဝန္တ၊ နဂါးပွက်ပရိယတ္တိစာသင်တိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်

၂၄။ ဘဒ္ဒန္တဝိဇ္ဇောတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုတပ်ဦးကျောင်းတိုက်၊ ပန်ဆန်းမြို့ 'ဝ'အထူး ဒေသ(၂)၊ ရှမ်းပြည်နယ်

၂၅။ ဘဒ္ဒန္တကုန္တက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အလယ်ကယန်းအထူးဒေသ(၃)၊ ဆီဘူးကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၆။ ဘဒ္ဒန္တကုသလ၊ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ တန့်ယန်းမြို့ ရှမ်းပြည်နယ်

၂၇။ ဘဒ္ဒန္တဝိမလသာရ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဣန္ဒြိဇေယျာချမ်းမြေ့ရိပ်သာကျောင်းတိုက်၊ သင်ချောင်းကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၈။ Ven.Hyun Myung(ဘဒ္ဒန္တဟွမ်မြောင်)၊ Bo Moon Jung Sa Temple, Achimgil 17-1, Chun Cheon City, Gang Won Do, Republic of Korea

၂၉။ Ven.Samdech Utdom Phanha DOUNG PHANG (ဘဒ္ဒန္တဆမ်ဒက်ဥတ္တမ ပညာဒေါင်ဖန်း)၊ Wat Mohanintiyaneranhch-araramnivet (Prek Praing), Kompong Luong commune, Ponhea Leu district, Kandal province, Cambodia

၃၀။ Ven. Phrakhru Warapinyakhun (ဘဒ္ဒန္တဖရခရုဝရပညာခွန်)၊ Wat Mahathatu, No 25, Maharaj Road, Bangkok, 10200, Thailand

၃၁။ ဘဒ္ဒန္တဝိဝေကာနန္ဒ၊ ပဏ္ဍိတာရာမ အပြည်ပြည်ဆိုင်ရာသာသနာ့ရိပ်သာ၊ လုမ္ဗိနီဥယျာဉ်၊ နီပေါနိုင်ငံ

၃၂။ Ven.Suddhananda Mahathero (ဘဒ္ဒန္တသုဒ္ဓနန္ဒ)၊ Dharmara-jika Buddhist Monastery Complex, Basaboo ရပ်ကွက်၊ Kamalapur မြို့နယ်၊ Dhaka မြို့ Bangladesh

**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရုံကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တကုသလ၊ ဟိုစဲ့မြို့သစ် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တတေဇဝန္တ၊ ဘောဂလိထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘောဂလိမြို့ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တဉာဏုတ္တရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံလဲရိကျေးရွာ၊ ထန်တလန်မြို့နယ်၊ ချင်းပြည်နယ်

၅။ ဘဒ္ဒန္တပညောဘာသ၊ ကျောဘုတ်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကျောဘုတ်ရပ်ကွက်၊ ဟားခါးမြို့ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တခေမိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တွီဒိန်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တဝါယမ၊ တပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တပ်ဦးကျောင်းတိုက်၊ သရက်ကုန်းရပ်ကွက်၊ မော်လိုက်မြို့ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တလာသန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကချင်စုကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ မင်းကျောင်းပရဟိတပရိယတ္တိစာသင်တိုက်၊ ကျောင်းစုရပ်ကွက်၊ သာယာဝတီမြို့ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကဝိဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ အန်းတားသာသနာပြုဌာန၊ အန်းတားကျေးရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဉာဏိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရေလည်ကွေ့ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဆန္ဒာဓိက၊ ရွှေပါရမီတောရကျောင်း၊ ကေလာသတောင်တန်း၊ လိပ်အင်းရပ်ကွက်၊ သထုံမြို့ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တနန္ဒာစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခွေးသေကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တကုန္ဒောဘာသ၊ သားပုံသာသနာပြုကျောင်းတိုက်၊ သားပုံကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၅။ ဘဒ္ဒန္တကောသလ္လ၊ သရဖီစံပြသာသနာပြုကျောင်း၊ သရဖီ(နတလ) စံပြကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တပညာဒီပ၊ ပရိယတ္တိပါရဂူစာသင်တိုက်၊ ဆပ်သွားအလယ်ကျေးရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်

၁၇။ ဘဒ္ဒန္တသီလာနန္ဒ၊ မေတ္တာဝါဒီဟသံာတ(ပရဟိတ)ကျောင်းတိုက်၊ မဟာမြိုင်(၁၀)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဥတ္တမသီရိ၊ သဒ္ဓမ္မဝံသကျောင်း၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တအာလောကသာရ၊ ဇေတဝန်ပရဟိတကျောင်းတိုက်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တကုန္ဒဓမ္မ၊ တောင်တန်းသာသနာပြုဗဟိုကျောင်း၊ ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့ ရှမ်းပြည်နယ်

၂၁။ ဘဒ္ဒန္တဝေပုလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ချင်းရွှေဟော်မြို့ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာတာကျောင်းတိုက်၊ သောင်ကြီးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တနန္ဒာစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နောင်ခိုင်ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဇင္ဂိလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖဲလျားကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တဥဿဇ္ဈဓမ္မ၊ ထီးပွင့်ကန်ကျောင်း၊ ထီးပွင့်ကန်သာသနာပြုဌာန၊ ဒေါကလိုးခူကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တကုသလ၊ ရွှေယောက်ကော်ကျွန်းကျောင်းတိုက်၊ အာရှလမ်းမကြီး၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ချမ်းဖြန်းကျောင်း၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တသုစိတ္တ၊ လွယ်ပန်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မနာတာအုပ်စု၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တပညာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လာဝယ်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဇာနေယျ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မွန်တုံးရှောင်ကျေးရွာ၊ လဟယ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဇနိန္ဒာစာရ၊ ရွှေကြီးမြင့်ကျောင်းတိုက်၊ စိန်ကန့်လန့်ကျေးရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တဇောတိက၊ အမှတ်(၁၃) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပုဗ္ဗာရုံကျောင်းတိုက်၊ မြောက်လူးကန်ကျေးရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တလက္ခဏဓဇ၊ ရွှေမြင်တင်ဥယျာဉ်ကျောင်းတိုက်၊ ဘူတာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တသီဟ၊ ပစ္ဆိမာရုံပရိယတ္တိစာသင်တိုက်၊ ရန်ကြီးအောင်ရပ်ကွက်၊ ရေးမြို့ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တဒါနလင်္ကာရ၊ ရွာလယ်ကျောင်းကြီး၊ ကရုပ္ပိကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်

၁၄။ ဘဒ္ဒန္တကုဏ္ဍလ၊ မြင်သာထေရဝါဒပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကန်သာယာရပ်ကွက်၊ ဘီးလင်းမြို့ မွန်ပြည်နယ်

၁၅။ ဘဒ္ဒန္တကတညုတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖုံသာခွဆုံကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တကေလာသ၊ ဆယ်သိန်းကျောင်းတိုက်၊ ဆယ်သိန်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တသံဝရ၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ အိမ်တော်ရာတိုက်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဓမ္မာစာရ၊ အောင်သီတာပရိယတ္တိစာသင်တိုက်၊ ရှူခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တကုဏ္ဍလ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ်(၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တကောဏ္ဍည၊ ဥုတ်ဖိုလ်တောရ မဟာစည်သာသနာ့ရိပ်သာနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မလစ်အရှေ့ကျေးရွာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တကုန္တကသာရ၊ ကာဟန့်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကာဟန့်ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တသုဇာတ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဒက္ခိဏာရုံကျောင်းတိုက်၊ ကောင်းခါးမြို့သစ်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်

၂၃။ ဘဒ္ဒန္တပညာသာရ၊ ရတနာဒီပထေရဝါဒဗုဒ္ဓသာသနာပြု(ဟိုလီ)ကျောင်းတိုက်၊ ကွမ်းလုံမြို့ ရှမ်းပြည်နယ်

၂၄။ ဘဒ္ဒန္တတေဇောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုစံပြကျောင်းတိုက်၊ စံပြကျေးရွာ၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၅။ ဘဒ္ဒန္တကုန္ဒောဘာသ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ တင်ထပ်သာသနာပြုဌာန၊ တင်ထပ်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၆။ ဘဒ္ဒန္တရေဝတာလင်္ကာရ၊ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ပစ္ဆိမာရုံစာသင်တိုက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၂၇။ ဒေါ်သီလစာရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်စာသင်တိုက်၊ ကျင်မွာလ်ရပ်ကွက်၊ ဖလမ်းမြို့ ချင်းပြည်နယ်

၂၈။ ဒေါ်ဥတ္တရသိကာ၊ သုဓမ္မာကျောင်းတိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ဒေါ်အဂ္ဂစာရိဏီ၊ သီရိမင်္ဂလာမဟာစည်ရိပ်သာ၊ မြဝတီမင်းကြီး(၁)လမ်း၊ အမှတ်(၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၃၀။ Mr.SANG YOUNG MIN (မစ္စတာစမ်ယောင်မင်း)၊ Room-1305, 118-dong, DMC ParkView Xi APT, Namgajwa-dong ရပ်ကွက်၊ Seodaemun-gu မြို့နယ်၊ Seoul, Republic of Korea

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ အောင်သပြေကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကော့ထင်းစံပြကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၂။ ဒေါက်တာဘဒ္ဒန္တစန္ဒသူရိယ၊ အောင်စကြာမိုးကုတ်ဓမ္မရိပ်သာကျောင်း၊ သရက်တောကျောင်းတိုက်၊ (၁၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသုခမိန္ဒ၊ လွယ်တိန်ခမ်းကျောင်းတိုက်၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၄။ Ven. PHRA PRAJAK SIRIWANNO (ဘဒ္ဒန္တဖရပရာဇာသီရိဝဏ္ဏော)၊ Soon Patibattitham Tanang Laynang Chale-amrat bo pic.91 moo 4, Tambon Soamlanrat, Amphur Dioysageat, Chaingmai,Thailand

**မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသြဘာသ၊ အဖွဲ့ခွဲအမှတ်(၃၇၄)၊ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တပညာဝံသ၊ မဟာဗောဓိမြိုင် မဟာစည်သာသနာ့ရိပ်သာကျောင်း၊ မိုင်းကိုင်းကျေးရွာ၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တတိလောက၊ စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တဇာနေယျ၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဥက္ကံသ၊ ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၊ သရက်ကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တပညာဇောတ၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ မြင်သာ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ (၆)ဝိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**ကမ္ဗောဇနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ရေကြည်စမ်းရေထွက်တောရကျောင်း၊ ကန်ကျေးရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တက္ကန္ဒက၊ ဓမ္မမာမကသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျွန်းကလေးကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တကေသရ၊ ရွှေမင်းကံမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ ဩဇာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သီရိသုဓမ္မမဏိဇောတရဘွဲ့တံဆိပ်**

၁။ ဒေါက်တာလှဝင်းအောင်၊ အမှတ်(၆၉)၊ အခန်း(၅၀၇)၊ ယုဇနကွန်ဒိုတာဝါ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်မေသက်မော်၊ လမ်း(၈၀)၊ ၂၈×၂၉ လမ်းကြား၊ တရုတ်တန်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်အေးအေးအောင်၊ အမှတ်(B-26)၊ ရတနာပုံလမ်း၊ ၆၅×၆၆ လမ်းကြား၊ (၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဒေါ်သိန်းသိန်းနိုင်၊ ဟ-၁၁၊ အမှတ်(၄၅+၅၆)၊ ၆၂ လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်တင်တင်အေး၊ အမှတ်(၂၂-က)၊ ဇောတိရိပ်သာလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါ်ခင်သီတာ၊ အမှတ်(၅က/၁)၊ မလိခလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်စမ်းရှင်၊ အမှတ်(၁၀)၊ မန်းဘခိုင်လမ်း၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီး

**သုဓမ္မမဏိဇောတရဘွဲ့တံဆိပ်**

၁။ ဦးကြည်စိုး၊ ဒ/၉၁၊ ဒေါနိုးကူးလမ်း၊ ဒေါနိုးကူးရပ်ကွက်၊ လှိုင်ကော်မြို့ ကယားပြည်နယ်

၂။ ဦးချမ်းသာ၊ မြေကွက်အမှတ်(၃၀၀၄၃)၊ ရွှေသပြေ(၁၆)လမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၃။ ဒေါက်တာဝင်းဆွေဦး၊ တိုက်(၂၇၃)၊ အကွက်(၅၄၂)၊ ၃၅ လမ်းနှင့် ၈၁ လမ်းထောင့်၊ ရတနာဘုမ္မိအရှေ့ကျားလျှာရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဦးမောင်မောင်နိုင်(ခ)ဦးစန်းသိ၊ အမှတ် လ/အ(၂၆၅)၊ လယ်ဦးရပ်၊ မိုးကုတ်မြို့ မန္တလေးတိုင်းဒေသကြီး

၅။ ဦးတင်ဝင်းညို၊ အမှတ်(၈၀/အေ)၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၆။ ဦးကျော်သူ၊ အမှတ်(၆၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်လတ်မျိုးစော၊ အမှတ်(ကက ၇/၄၄)၊ တပင်ရွှေထီးလမ်း၊ ကျိုကုန်းရပ်၊ (၇)ရပ်ကွက်၊ ရွှေဘိုမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါ်ဆွေဆွေဦး၊ အမှတ်(၁၀၃၆)၊ ညောင်လေးပင်လမ်း၊ ရာဇသင်္ဂဟအိမ်ရာ အမှတ်(၁)၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၃။ ဒေါ်တင်မေလတ်၊ (၃၄)လမ်း၊ ၇၈×၇၉ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ခင်ရွှေ၊ အမှတ်(၁၂၃)၊ ၃၄ လမ်း၊ ၇၇×၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ကြည်မေ၊ အမှတ်(၄၂၆)၊ (၇၆)လမ်း၊ ၃၂×၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်အေးအေးသန့်၊ အမှတ် ၃၅(က)၊(၅၈)လမ်း၊ ၂၄×၂၅ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်မြနှင်းဝေ၊ အမှတ်(၆၀)၊ အကွက်အမှတ် (တ-၅)၊(၆၄)လမ်း၊ သဇင်လမ်းနှင့် ငုပြာလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်သူဇာမျိုးမျိုးဝင်း၊ အမှတ်(၆၁)၊(၁၅)လမ်း၊ ၈၇×၈၈ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဒေါ်မြဝင်း(ခ)ဒေါ်မြမြဝင်း၊ အမှတ်(အေ/၃၉)၊ နှောင်ရိုးလမ်း၊ ဘုရင့်နောင် (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါ်ကြည်ခင်၊ အမှတ်(၁၈/စီ)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်ဌေးဌေးရီ၊ အမှတ်(၁၀၃၂)၊ သုမင်္ဂလာလမ်း၊ (၁၆/၁) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်သန္တာဝင်း၊ အမှတ်(အီး-၁၉-အေ)၊ (ဆ/ခ )ရပ်ကွက်၊ မေခလမ်းသွယ်(၃)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဒေါ်ရင်ရင်ဝင်း၊ အမှတ်(၁၅၂/၁၅၄)၊ (၁၉)လမ်း၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါ်မေဟန်ခင်၊ ခြံအမှတ်(၂)၊ မလိခအိမ်ရာ၊ မိုးမခလမ်း၊ ဘဝမြင့်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဒေါ်ဝင်းစိန်၊ အမှတ်(၃)၊ (၇)လမ်း၊ (၃)ရပ်ကွက်၊ ကျိုက်လတ်မြို့ ဧရာဝတီတိုင်းဒေသကြီး

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ရုံးချုပ်)၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက် ဒီမိုကရေစီအရေးတော်ပုံများတွင် အသက်သွေးချွေး စတေးခဲ့ကြသော ရဟန်းရှင်လူ ၊ကျောင်းသား၊ ပြည်သူအပေါင်းအား ဂုဏ်ပြုသောအားဖြင့် ၈ စက္ကန့် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

ထို့နောက် သဘာပတိ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်၏ နာယက သူရဦးတင်ဦးက အမှာစကားပြောကြားရာတွင် လူထုခေါင်းဆောင်၏ ဦးဆောင်မှုနှင့်အတူ လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုအားလုံး ဒီမိုကရေစီ နိုင်ငံသစ်ကို အားကြိုးမာန်တက် ထူထောင်နေကြသည့် ပုံရိပ်များကို ကြည့်ပြီး ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် ပိုမိုဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ တစ်ဆက်တည်းမှာပင် လွတ်လပ်ရေးနေ့ သစ္စာအဓိဋ္ဌာန်ပြုစာတမ်းကို သတိရမိပါကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအပေါ် အလေးအနက်ထားပြီး ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အားသွန်ခွန်စိုက် လုံးပန်းနေသည့် ကာလဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အမျိုးသားရင်ကြားစေ့ရေး မအောင်မြင်ဘဲ မည်သည့်ပြုပြင်ပြောင်းလဲမှုမှ မအောင်မြင်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးကို နိုင်ငံရေးလွတ်လပ်ခွင့် တန်းတူညီမျှခွင့်ဆိုသည့် အခြေခံအုတ်မြစ်ပေါ်တွင် အခိုင်အမာတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ငြိမ်းချမ်းရေးသည် ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းတွင် အမြင့်မြတ်ဆုံးနှုန်းစံတန်ဖိုးဖြစ်ပါကြောင်း၊ထို့ကြောင့် ၂၀၁၇ ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်နိုင်ရန် အားလုံးဝိုင်းဝန်းပြီး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။




ဆက်လက်၍ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အရန်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဖတ်ကြားပြီး အခမ်းအနားသို့ပေးပို့လာသော သဝဏ်လွှာများကို ဂုဏ်ပြု မှတ်တမ်းတင်ကြသည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝါရင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး (ပဏီတ)**

# NeID အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်း ရွှေ့ပြောင်းစမ်းသပ်ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို အမျိုးသား အီလက်ထရွန်နစ် မှတ်ပုံတင်လုပ်ငန်း Smart Card ဖြင့် National Electronic ID (NeID) ပြောင်းလဲထုတ်ပေးရေး လုပ်ငန်းစဉ်သည် နိုင်ငံတော်အစိုးရ၏ e-Government Master Plan တွင် အဓိကဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လိုအပ်သည်များကို အသေးစိတ်လေ့လာ လုပ်ဆောင်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၊ National Electronic ID (NeID) အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်း ရွှေ့ပြောင်းစမ်းသပ် ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ရန်ကုန် (မြောက်ပိုင်း)ခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် သီရိရတနာ ဓမ္မာရုံကြီး၌ ပြုလုပ်ရာ အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းပါ အမည်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းကို ဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ရေးအချက်အလက်များ ရေးသွင်းခြင်းတို့ကို ခေတ်မီ ITနည်းပညာများ အသုံးပြု၍ လုပ်ဆောင်ပေးကြသည်။

အဆိုပါ NeID အထောက်အကူပြု ရွှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်း လုပ်ငန်းဆောင်ရွက်ရာသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လုပ်ငန်းဆောင်ရွက်ပေးမှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုအခါ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တို့၌ NeID အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိကြောင်းနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများအပေါ် မူတည်၍ အားနည်းချက်၊ အားသာချက်များ ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ကာ လိုအပ်သည်များပြင်ဆင်ပြီး အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၌လည်း အဆိုပါ ရွှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# Mr. Waldemar Dubaniowski အား မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၄**

Mr. Waldemar Dubaniowski အား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပိုလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr.Waldemar Dubaniowski အား ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပိုလန်နိုင်ငံ ဝါဆောမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဝါဆောတက္ကသိုလ်တွင် လူမှုသိပ္ပံဘာသာရပ်အား လေ့လာသင်ယူခဲ့ပြီး ဝါဆောစီးပွားရေးတက္ကသိုလ်တွင် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာဘာသာရပ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်တို့အား ဘွဲ့လွန်အထိ လေ့လာသင်ယူခဲ့သည်။ Mr. Waldemar Dubaniowski သည် ၁၉၉၃ ခုနှစ်တွင် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး၏ အကြံပေးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဥရောပပေါင်းစည်းရေးနှင့် နိုင်ငံခြားအထောက်အပံ့များဆိုင်ရာ အစိုးရအဖွဲ့ရုံးတွင် ကျွမ်းကျင်ပညာရှင်အဖြစ်လည်းကောင်း၊ ဝန်ကြီးများရုံး၊ စီးပွားရေးကော်မတီတွင် ဝန်ကြီး၏အကြံပေးအဖြစ်လည်းကောင်း၊ ပိုလန်နိုင်ငံသမ္မတ၏ အစိုးရအဖွဲ့ရုံးတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ပိုလန်နိုင်ငံ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးနှင့် အစိုးရအဖွဲ့ရုံးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ စင်ကာပူနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လမှစတင်ကာ Innovative Poland ဖောင်ဒေးရှင်းတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်း ဆောင်လျက်ရှိသည်။ Mr. Waldemar Dubaniowski သည် အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာနှင့် ရုရှားဘာသာစကားများတတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်ရှင်ဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ၂၀၁၆ ခုနှစ်၊ လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့ / တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/ ၂၀၁၆ ဖြင့် ထုတ်ပြန်သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခံရသူများ၏ အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**"ဂုဏ်ထူးဆောင်ဘွဲ့"**

**သီဟသူရဘွဲ့**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း၅၃၀၉၈ | ဗိုလ်ကြီး | စွမ်းရည်အောင် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |

**သူရဘွဲ့**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း၃၁၄၈၀ | ဗိုလ်မှူး | ဇော်မျိုး | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၂။ | ကြည်း၃၄၂၂၇ | ဗိုလ်မှူး | ရာဇာမင်းထွန်း | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၃။ | ကြည်း၃၈၃၂၆ | ဗိုလ်ကြီး | နေလဝင်း | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၄။ | ကြည်း၄၂၆၆၇ | ဗိုလ်ကြီး | မင်းအောင် | အမှတ်(၁၁)ခြေလျင်တပ်ရင်း |
| ၅။ | ကြည်း၄၆၉၇၄ | ဗိုလ်ကြီး | ငြိမ်းချမ်းကျော် | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၆။ | ကြည်း၅၄၅၆၁ | ဗိုလ်ကြီး | စိုးညွန့်နိုင် | အမှတ်(၅၅)ခြေလျင်တပ်ရင်း |
| ၇။ | ကြည်း၅၅၇၀၄ | ဗိုလ်ကြီး | ရန်ကျော် | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၈။ | ကြည်း၆၀၇၇၃ | ဗိုလ်ကြီး | သက်ခိုင် | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၉။ | ကြည်း၆၁၆၉၀ | ဗိုလ် | ပြည့်စုံအောင် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၁၀။ | အမှတ်၊၅၉၇၃၈၅ | ဒုတိယအရာခံဗိုလ် | ဝင်းနိုင် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၁၁။ | တ-၃၂၇၁၁၁ | ဒုတိယတပ်ကြပ် | လှအေး | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၁၂။ | တ-၃၇၂၃၅၅ | ဒုတိယတပ်ကြပ် | ရဲဇော် | အမှတ်(၁၁၉)ခြေမြန်တပ်ရင်း |
| ၁၃။ | တ-၄၀၄၀၀၉ | ဒုတိယတပ်ကြပ် | နေမင်း | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၁၄။ | တ-၄၇၇၂၁၅ | တပ်သား | ပိုးလေး | အမှတ်(၁၁)ခြေလျင်တပ်ရင်း |

**"ဂုဏ်ထူးဆောင်တံဆိပ်"**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း၂၃၀၀၄ | ဗိုလ်မှူးကြီး | စိုးပိုင် | အနောက်မြောက်တိုင်းစစ်ဌာနချုပ် |
| ၂။ | ကြည်း၂၃၉၁၃ | ဒုတိယဗိုလ်မှူးကြီး | ကောင်းမြတ် | အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀) |
| ၃။ | ကြည်း၂၆၇၈၁ | ဒုတိယဗိုလ်မှူးကြီး | စိုးဦးဟန် | အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် |
| ၄။ | ကြည်း၃၁၇၅၉ | ဒုတိယဗိုလ်မှူးကြီး | ကျော်စိုးလင်း | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |
| ၅။ | ကြည်း၃၁၇၀၄ | ဗိုလ်မှူး | ရန်နိုင်စိုး | အမှတ်(၃၇၅)ခြေမြန်တပ်ရင်း |
| ၆။ | ကြည်း၃၂၂၃၂ | ဗိုလ်မှူး | မျိုးသုဝဏ် | အမှတ်(၇၀၁)ခြေမြန်တပ်ရင်း |
| ၇။ | ကြည်း၃၂၉၆၂ | ဗိုလ်မှူး | အောင်ဟိန်း | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၈။ | ကြည်း၃၈၁၆၁ | ဗိုလ်မှူး | တေဇာဟန် | ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် |
| ၉။ | လေ၂၄၁၂ | ဗိုလ်မှူး | ဝေမောင်ဦး | အမှတ်(၄၅)ကင်းထောက် လေယာဉ်အုပ် |
| ၁၀။ | လေ၂၄၃၁ | ဗိုလ်မှူး | ကျော်မိုးအေး | အမှတ်(၄၂)တိုက်ခိုက်ရေးအုပ် |
| ၁၁။ | လေ၂၄၄၁ | ဗိုလ်မှူး | အောင်ကျော်စိုး | အမှတ်(၂၅)ကင်းထောက် လေယာဉ်အုပ် |
| ၁၂။ | လေ၂၅၂၄ | ဗိုလ်မှူး | ထိုက်ဝေ | အမှတ်(၂၅)ကင်းထောက်လေယာဉ်အုပ် |
| ၁၃။ | လေ၂၆၁၆ | ဗိုလ်မှူး | ဇော်မြင့်ထွန်း | အမှတ်(၄၂)တိုက်ခိုက်ရေးအုပ် |
| ၁၄။ | ကြည်း၄၂၂၁၆ | ဗိုလ်ကြီး | မောင်မောင်သက် | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |
| ၁၅။ | ကြည်း၄၂၆၈၆ | ဗိုလ်ကြီး | နေမျိုးဝေ | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၁၆။ | ကြည်း၄၆၁၀၀ | ဗိုလ်ကြီး | ဇေယျာအောင် | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၁၇။ | ကြည်း၄၇၉၄၂ | ဗိုလ်ကြီး | ဇွဲရန်နိုင် | အမှတ်(၅၂၂)ခြေမြန်တပ်ရင်း |
| ၁၈။ | ကြည်း၅၀၂၈၃ | ဗိုလ်ကြီး | စိန်ငွေး | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၁၉။ | ကြည်း၅၁၁၁၈ | ဗိုလ်ကြီး | ဝေယံ | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၂၀။ | ကြည်း၅၄၅၆၀ | ဗိုလ်ကြီး | အောင်ဇော်မင်း | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၂၁။ | ကြည်း၅၆၆၀၄ | ဗိုလ်ကြီး | နောင်ဇေယျာလွင် | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၂၂။ | ကြည်း၅၉၀၈၄ | ဗိုလ်ကြီး | သူရိန်ထွန်း | အမှတ်(၁၂၅)ခြေလျင်တပ်ရင်း |
| ၂၃။ | ကြည်း၅၉၅၃၄ | ဗိုလ်ကြီး | ပြည့်ဖြိုးမောင် | အမှတ်(၁၀၈)ခြေမြန်တပ်ရင်း |
| ၂၄။ | ကြည်း၅၉၅၄၁ | ဗိုလ်ကြီး | ဇင်ပိုင်ရဲ | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၂၅။ | ကြည်း၅၉၅၈၉ | ဗိုလ်ကြီး | အောင်ကိုထွန်း | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၂၆။ | ကြည်း၆၃၆၄၇ | ဗိုလ်ကြီး | လှမျိုးဦး | အမှတ်(၁၂၅)ခြေလျင်တပ်ရင်း |
| ၂၇။ | ကြည်း၅၆၂၄၄ | ဗိုလ် | ဝေဇင်လတ် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၂၈။ | ကြည်း၆၁၇၆၁ | ဗိုလ် | ငြိမ်းမင်းဦး | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၂၉။ | ကြည်း၆၃၂၃၀ | ဗိုလ် | အောင်မြင့်ထူး | အမှတ်(၁၀၈)ခြေမြန်တပ်ရင်း |
| ၃၀။ | ကြည်း၆၃၄၇၈ | ဗိုလ် | အောင်ခန့်ဇော် | အမှတ်(၄)ခြေလျင်တပ်ရင်း |
| ၃၁။ | ကြည်း၆၄၄၂၀ | ဗိုလ် | အောင်နိုင်ထွန်း | အမှတ်(၁၀၈)ခြေမြန်တပ်ရင်း |
| ၃၂။ | ကြည်း၆၅၈၂၆ | ဗိုလ် | ဇော်မျိုးလွင် | အမှတ်(၁၁)ခြေလျင်တပ်ရင်း |
| ၃၃။ | အမှတ်၊၆၄၇၃၂၅ | ဒုတိယအရာခံဗိုလ် | အောင်လှရွှေ | အမှတ်(၈)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း |
| ၃၄။ | အမှတ်၊၇၀၈၀၃၃ | ဒုတိယအရာခံဗိုလ် | ချစ်သန်း | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၃၅။ | အမှတ်၊၇၁၅၈၀၇ | ဒုတိယအရာခံဗိုလ် | ခင်မောင်ဦး | အမှတ်(၁၄)ခြေလျင်တပ်ရင်း |
| ၃၆။ | အမှတ်၊၇၂၄၅၈၀ | ဒုတိယအရာခံဗိုလ် | အေးမောင် | အမှတ်(၁၁၉)ခြေမြန်တပ်ရင်း |
| ၃၇။ | အမှတ်၊၇၇၆၇၈၅ | ဒုတိယအရာခံဗိုလ် | ဝေ့ဆောင် | အမှတ်(၁၀၈)ခြေမြန်တပ်ရင်း |
| ၃၈။ | အမှတ်၊၈၃၇၉၃၉ | ဒုတိယအရာခံဗိုလ် | ဇော်သန်း | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၃၉။ | အမှတ်၊၉၀၆၅၅၄ | ဒုတိယအရာခံဗိုလ် | စန်းနိုင် | အမှတ်(၅၀၃)ခြေမြန်တပ်ရင်း |
| ၄၀။ | အမှတ်၊၆၃၁၄၈၅ | တပ်ခွဲတပ်ကြပ်ကြီး | သိန်းဝေ | အမှတ်(၁၁)ခြေလျင်တပ်ရင်း |
| ၄၁။ | အမှတ်၊၆၀၆၁၆၈ | တပ်ကြပ်ကြီး | အောင်နိုင် | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |
| ၄၂။ | အမှတ်၊၆၂၅၆၂၆ | တပ်ကြပ်ကြီး | စိုးသိန်း | အမှတ်(၁၁)စစ်အခြေခံ လေ့ကျင့်ရေးတပ် |
| ၄၃။ | အမှတ်၊၆၄၈၀၆၆ | တပ်ကြပ်ကြီး | စန်းတင့် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၄၄။ | အမှတ်၊၇၇၆၉၆၁ | တပ်ကြပ်ကြီး | သိန်းထွန်းဦး | အမှတ်(၁၄)ခြေမြန်တပ်ရင်း |
| ၄၅။ | အမှတ်၊၈၀၈၃၅၅ | တပ်ကြပ်ကြီး | လှမြိုင် | အမှတ်(၆၈)ခြေလျင်တပ်ရင်း |
| ၄၆။ | အမှတ်၊၉၉၂၀၇၈ | တပ်ကြပ်ကြီး | ကိုမျိုး | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၄၇။ | အမှတ်၊၅၅၀၆၂၆ | တပ်ကြပ် | ထွန်းအုံး | အမှတ်(၁၄)ခြေလျင်တပ်ရင်း |
| ၄၈။ | အမှတ်၊၆၃၃၉၆၄ | တပ်ကြပ် | ဝင်းကြိုင် | အမှတ်(၆၈)ခြေလျင်တပ်ရင်း |
| ၄၉။ | အမှတ်၊၇၁၅၁၉၆ | တပ်ကြပ် | ကျော်စိုးမိုး | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၅၀။ | အမှတ်၊၉၉၂၀၉၄ | တပ်ကြပ် | ကျော်မြင့် | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၅၁။ | တ-၉၉၈၄၀ | တပ်ကြပ် | သိန်းထွန်း | အမှတ်(၅)ခြေမြန်တပ်ရင်း |
| ၅၂။ | တ-၁၆၇၂၄၉ | တပ်ကြပ် | အောင်နိုင်ဦး | အမှတ်(၄)ခြေမြန်တပ်ရင်း |
| ၅၃။ | တ-၂၃၃၁၅၄ | တပ်ကြပ် | ဆန်းဝင်းအောင် | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၅၄။ | တ-၂၆၄၅၀၉ | တပ်ကြပ် | ဝင်းအေး | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၅၅။ | အမှတ်၊၇၃၉၆၅၇ | ဒုတိယတပ်ကြပ် | ထွန်းထွန်း | အမှတ်(၁၁၁)ခြေမြန်တပ်ရင်း |
| ၅၆။ | တ-၁၇၁၄၇၃ | ဒုတိယတပ်ကြပ် | ဝင်းသန်းဦး | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |
| ၅၇။ | တ-၃၂၄၃၅၅ | ဒုတိယတပ်ကြပ် | ဝင်းထွဋ် | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၅၈။ | တ-၃၃၇၅၈၆ | ဒုတိယတပ်ကြပ် | အေးကို | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၅၉။ | တ-၃၅၆၂၉၅ | ဒုတိယတပ်ကြပ် | စန်းဝင်း | အမှတ်(၄)ခြေမြန်တပ်ရင်း |
| ၆၀။ | တ-၃၅၆၃၀၉ | ဒုတိယတပ်ကြပ် | မိုးဝင်း | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၆၁။ | တ-၃၆၁၅၃၁ | ဒုတိယတပ်ကြပ် | သန်းဇော် | အမှတ်(၁၁၉)ခြေမြန်တပ်ရင်း |
| ၆၂။ | တ-၃၆၆၅၄၉ | ဒုတိယတပ်ကြပ် | မျိုးသီဟ | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၆၃။ | တ-၃၆၈၈၇၃ | ဒုတိယတပ်ကြပ် | လင်းလင်း | အမှတ်(၁၀၉)ခြေမြန်တပ်ရင်း |
| ၆၄။ | တ-၃၇၀၁၈၄ | ဒုတိယတပ်ကြပ် | မြင့်ရွှေ | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၆၅။ | တ-၃၇၉၅၉၅ | ဒုတိယတပ်ကြပ် | လင်းလင်းထွန်း | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၆၆။ | တ-၃၈၄၆၄၃ | ဒုတိယတပ်ကြပ် | အောင်နိုင်ဝင်း | အမှတ်(၁၁၉)ခြေမြန်တပ်ရင်း |
| ၆၇။ | တ-၄၀၇၇၀၀ | ဒုတိယတပ်ကြပ် | ရဲမင်းပိုင် | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၆၈။ | တ-၄၁၄၁၉၇ | ဒုတိယတပ်ကြပ် | ရဲကို | အမှတ်(၆၈)ခြေလျင်တပ်ရင်း |
| ၆၉။ | တ-၄၃၈၁၉၈ | ဒုတိယတပ်ကြပ် | ဝင်းထွန်းဇော် | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၇၀။ | တ-၄၃၉၅၆၆ | ဒုတိယတပ်ကြပ် | ဇော်လင်း | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၇၁။ | တ-၄၇၀၇၄၅ | ဒုတိယတပ်ကြပ် | မောင်တိုး | အမှတ်(၅၀၃)ခြေမြန်တပ်ရင်း |
| ၇၂။ | တ-၄၈၂၃၁၉ | ဒုတိယတပ်ကြပ် | သန်းဇော်မျိုး | အမှတ်(၃၅)ခြေလျင်တပ်ရင်း |
| ၇၃။ | တ-၂၇၇၀၁၁ | တပ်သား | ဂျူလိုင်ထွန်းဟန် | အမှတ်(၆)ခြေမြန်တပ်ရင်း |
| ၇၄။ | တ-၃၇၂၁၄၅ | တပ်သား | အောင်မြတ် | အမှတ်(၁)ခြေလျင်တပ်ရင်း |
| ၇၅။ | တ-၄၈၃၅၃၁ | တပ်သား | ကမ်းစွင်းမုန် | အမှတ်(၁၂၀)ခြေမြန်တပ်ရင်း |

ယနေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သီဟသူရဘွဲ့နှင့် သူရဘွဲ့ရရှိသူများကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူများနှင့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ၂၀၁၆ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်ရရှိသူ ၂၂၂ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၈၉ ဦးရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျပန်စတိုင်ဆယ်ပြားဈေး ဈေးနှုန်းသက်သာ၍ ဝယ်ယူသူအကြိုက်တွေ့

**ရန်ကုန် ဇန်နဝါရီ ၄**

မိမိအသုံးပြုသော ပိုလျှံပစ္စည်းများကို အခြားသူများအား သက်သာသော ဈေးနှုန်းဖြင့် ပြန်လည်ရောင်းချပေးသည့် ဂျပန်စတိုင်ဆယ်ပြားဈေးပွဲကို ယနေ့နံနက်ပိုင်းက မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အသင်းက ဦးဆောင်ကာ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပခဲ့ရာ ရောင်းသူ ဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **(ယာပုံ)**

"ဒီဆယ်ပြားဈေးက ပထမအကြိမ်မှာ မထင်မှတ်ဘဲ အတော်လေးအောင်မြင်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ တောင်းဆိုမှုအရ ဒုတိယအကြိမ်အဖြစ် ကျင်းပပေးတာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဂျပန်နိုင်ငံက ပြန်လာတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့ ဂျပန်နိုင်ငံက ကောင်းမွန်တဲ့ အလေ့အထတစ်ခုကို ပြည်သူတွေသိရှိအောင် ချပြပေးတာဖြစ်ပါတယ်။ ကိုယ့်ဆီက ပစ္စည်းတစ်ခုခု အခြားသူ တစ်ဦးတစ်ယောက်ကို သက်သာတဲ့နှုန်းထားနဲ့ ပြန်လည်မျှဝေပေးတဲ့သဘော ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း ဒီလိုအလေ့အကျင့်ကောင်းလေးတစ်ခု ပြည်သူတွေ သိရှိလိုတဲ့ ဆန္ဒနဲ့လုပ်တဲ့ပွဲဖြစ်ပါတယ်။ အကျိုးအမြတ်တစ်ခုအတွက် လုပ်တဲ့ပွဲမဟုတ်ပါဘူး" ဟု မြန်မာ-ဂျပန် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးငွေအောင်မိုးက ပြောပြသည်။

ဂျပန်စတိုင် ဆယ်ပြားဈေးဆိုသည်မှာ ဈေးနှုန်းအလွန်ချိုသာစွာဖြင့် ရောင်းချသည့် ဈေးဖြစ်ခြင်းကြောင့် တင်စားပြောဆိုသော စကားဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၌ ယင်းဈေးပွဲကို လစဉ်ရပ်ကွက်အသီးသီး၌ ရောင်းချလေ့ရှိကြောင်း၊ ဂျပန်နိုင်ငံ၌ ယင်းဈေးပွဲတော် ခေတ်စားနေသည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်အဖြစ် ရောင်းချသည့် ဂျပန်စတိုင် ဆယ်ပြားဈေးပွဲတွင် ဂျပန်နိုင်ငံထုတ်ပစ္စည်းများ၊ အဝတ်အထည်နှင့် ပန်းကန်ခွက်ယောက်များ၊ အလှကုန်ပစ္စည်းများ၊ အနုပညာလက်ရာပစ္စည်းများ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ ထို့အပြင် အခြားနိုင်ငံထုတ်ပစ္စည်း အမျိုးမျိုးကိုလည်း တွေ့ရသည်။

ဂျပန်စတိုင် ဆယ်ပြားဈေးမှာ ဝယ်ယူသူရောင်းချသူများဖြင့် တိုးမပေါက်အောင် စည်ကားလှသည်။ ဂျပန်စတိုင် ဆယ်ပြားဈေးကို နံနက် ၉ နာရီမှ စတင်ဖွင့်လှစ်ပြီး ညနေ ၄ နာရီအထိ ရောင်းချပေးသွားမည် ဖြစ်ကြောင်း၊ လာရောက် ဈေးဝယ်ယူသူများကို လည်း ကံစမ်းမဲအဖြစ် မဲဖောက်ပေးကြောင်း သိရသည်။



**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လူမှုအသိစိတ်ဖြင့် ဆောင်ရွက်ခဲ့သူအား ဂုဏ်ပြုချီးမြှင့်

**သီပေါ ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်အဆင့်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုဟောပြောပို့ချပေးသော အမှတ်(၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(လားရှိုး)မှ ရဲအုပ်ကျော်ခိုင်အား ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းဟန်က စလွယ်နှင့် ဆုငွေကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါ ယာဉ်ထိန်းရဲအုပ်ကျော်ခိုင် အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြောရာတွင် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ မှတ်သားသိရှိရန် တာဝန်ဝတ္တရားအပြင် လူမှုအသိစိတ်ဓာတ်ဖြင့် စိတ်ဝင်စားအောင် ထိရောက်စွာဆွေးနွေးပြောဆိုနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဂုဏ်ပြုစလွယ်နှင့် ဆုငွေကျပ်တစ်သိန်းကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။



**စိုင်း(သီပေါ)**

## ကျုံထော်ရေတံခွန်အနီး တိုက်ပွဲငယ်ဖြစ်ပွား

**လွိုင်းဘွဲ့ ဇန်နဝါရီ ၄**

လွိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့၌ ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီခွဲခန့်က တပ်မတော်တပ်စိပ်တစ်စိပ်သည် လုံခြုံရေးဆောင်ရွက်ရန် ထွက်ခွာလာခဲ့ရာ ကျုံထော်ရေတံခွန်အနီးသို့ရောက်ရှိစဉ် KKO(ခွဲထွက်)အဖွဲ့မှ သုံးဦးခန့်သည် ၄၀မမ၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်ရာ တပ်မတော်က ပြန်လည်ပစ်ခတ်ခြင်းကြောင့် ၄င်းတို့သည် အနောက်ဘက်သို့ ပြန်လည် ဆုတ်ခွာသွားခဲ့ပြီး ဖြစ်စဉ်တွင် KKO(ခွဲထွက်)အဖွဲ့မှ ထိခိုက်ကျဆုံးမှုကို စုံစမ်းဆဲဖြစ်ကြောင်းနှင့် တပ်မတော်မှ တပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# KIA လက်နက်ကိုင်အဖွဲ့များက အတင်းအဓမ္မ ဆက်ကြေးကောက် ၎င်းတို့ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲသဖြင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရ



နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူတစ်ဦးက မိုင်းထိလူနာတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် နန့်ဟိုင်ကျေးရွာ၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ မိုးကောင်း-ကာမိုင်း ကားလမ်းတွင် ဖြတ်သန်းမောင်းနှင်လျက်ရှိသော ခရီးသွားယာဉ်များအား ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီ ခွဲခန့်က KIA လက်နက်ကိုင်အဖွဲ့အင်အား ၂၀ ခန့်က ဆီကား ၁၅ စီးအားတစ်စီးလျှင် ငွေကျပ် ၁၅၀၀၀၀၊ ယာဉ်ငယ်တစ်စီးလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် အတင်းအဓမ္မ ဆက်ကြေးကောက်ခံခဲ့ပြီး ဆက်ကြေးမပေးနိုင်သည့် ကုန်စိမ်းကား ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ ဟင်းသီးဟင်းရွက်များအား ယူဆောင်သွားကာ အနောက်ဘက်သို့ ထွက်ခွာသွားကြောင်း သိရသည်။

ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့လှကျေးရွာနေ မောင်ဆန်းနှင့် မောင်သိန်းသန်းအောင်တို့နှစ်ဦးသည် ကျွဲပျောက်၍ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခန့်က မော်တော်ဆိုင်ကယ်ဖြင့် လိုက်လံရှာဖွေစဉ် မြို့လှကျေးရွာ၏ အရှေ့မြောက်ဘက် ၄ မိုင်ခန့်အကွာသို့ အရောက်၌ KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် ဒေသန္တရလုပ် တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ မိုင်းထိလူနာများအား မြို့လှဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိရာ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး လိုအပ်သည့် ထောက်ပံ့မှုများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ၌ မသင်္ကာသူ လေးဦးနှင့် လုပ်သေနတ် ၁၄ လက် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ၌ စစ်သင်တန်းပို့ချသူ တစ်ဦး၊ စစ်သင်တန်းတက်ရောက်ပြီးသူ သုံးဦးနှင့် လုပ်သေနတ် ၁၄ လက်ကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာတွင် စစ်သင်တန်းတက်ရောက်ပြီးသူများနှင့် လက်နက်များ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၄ ရက် နံနက် ၃နာရီခွဲတွင် အဆိုပါ ကျေးရွာသို့ ရောက်ရှိဖြန့်ခွဲပိတ်ဆို့ ရှင်းလင်းရာ စစ်သင်တန်းပို့ချသူ မာမက်ကာရက်နှင့် သင်တန်းတက်ရောက်ပြီးသူ ကူမူရှူး၊ ဒီမာမွတ်နှင့် မာဒူလားတို့ လေးဦးကို ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခန့်တွင် ဒီမာမွတ်၏ ကွမ်းခြံ၌ မြေရေခွံအိတ်ဖြင့်ထုပ်၍ မြေတွင်မြှုပ်ဝှက်ထားသော လုပ်သေနတ် ၁၄ လက် ဖော်ထုတ်သိမ်းဆည်းရမိသည်။ ဖမ်းဆီးရမိသူများအား စစ်ဆေးဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**





## မုံးကိုးမြို့အနီးမှ လက်နက်၊ ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသည်။

မုံးကိုးမြို့ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က မုံးကိုးမြို့၏ တောင်ဘက် ၅ မိုင်ခန့်အကွာရှိ ပြောင်းခင်းအတွင်းမှ လက်ပစ်ဗုံး နှစ်လုံး၊ အီနာဂါဗုံးသီး သုံးလုံး၊ ၉ ဒသမ ၄၅ ကျည် ၇၄ တောင့်၊ မှန်ပြောင်း တစ်လက်၊ MNDAA ယူနီဖောင်း သုံးစုံ၊ ဘိန်းဖြူ အမှုန့် ၁၆ ဂရမ်ခန့်ပါ သုံးထုပ်(ခန့်မှန်းတန်ဖိုး ကိုးသိန်းခန့်)၊ ရီမုနှစ်ခု၊ အီကွေးမန့်တစ်စုံနှင့် ဟန်းကောတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် မူဆယ်မြို့နယ် မူဆယ်-လားရှိုး ကားလမ်း နမ့်အွန်ကျေးရွာနှင့် နမ့်ပေါ်တံတားအကြား တပ်မတော်စစ်ကြောင်းက လမ်းကြောင်းလုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် နမ့်အွန်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ KIA လက်နက်ကိုင်အဖွဲ့ အင်အား ၁၀ ဦးခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်ပစ်ခတ်ခဲ့ရာ လက်နက်ကိုင်အဖွဲ့သည် အရှေ့ဘက်သို့ ဆုတ်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖားကန့်မြို့နယ်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာ မှော်သစ်ကုန်းရပ်ကွက်(၃) အိမ်အမှတ်(၁၈)တွင် ငှားရမ်းနေထိုင်သူ မရင်ဝှမ်ဖုန်၏အခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၉၃၅ ပြား၊ ဘိန်းဖြူ ၉၆ ဂရမ်တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဇန်နဝါရီ ၂ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၃ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်တွင် ထက်လွင်အောင် မောင်းနှင်ပြီး အာကာထွန်းလိုက်ပါလာသည့်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၇၉ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## မန္တလေး-မြစ်ကြီးနား ကုန်ရထားတွဲချော်မှုဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေး-မြစ်ကြီးနားသို့ စက်ခေါင်းမောင်း ဦးမျိုးထွန်းနှင့် ရထားထိန်း ဦးမြင့်စိုးတို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် DD-968 အမှတ်(၄၃)အဆန် မန္တလေး-မြစ်ကြီးနားကုန်ရထားသည် ဇန်နဝါရီ ၄ ရက် နံနက်၂ နာရီ မိနစ်၂၀က အင်းတော်မြို့နယ် နဘားရဲကင်းစခန်းအပိုင် နဘားဘူတာအနီး မိုင်တိုင်အမှတ် (၅၀၉/၂၃) နှင့်(၅၀၉/၂၄)အကြားတွင် တွဲချော်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် စက်ခေါင်းနောက် ခုနစ်တွဲမြောက်တွဲအမှတ် GBHV-11060 ၏ ဘီးအမှတ်(၃)နှင့်(၄)အပြင် (၅)နှင့်(၆)အတွင်း သံလမ်းနှင့်တစ်ပေခန့်အကွာကပ်ကျပြီး တွဲချော်မှုဖြစ်ပွားခဲ့ရာ ခရီးသည်နှင့်ဝန်ထမ်းများထိခိုက်မှု မရှိခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားသည့်နေရာ၌ နဘားမီးရထားတွဲပြင်ဌာနမှ တွဲစစ် ဦးကျော်ညွန့်ဦးစီးသည့် လုပ်သား ၁၀ ဦးခန့်က ပြုပြင်ဆောင်ရွက်လျက်ရှိနေပြီး နဘားရဲကင်းစခန်းမှူးရဲအုပ် ခင်ဇော်ထိုက်နှင့်အဖွဲ့က လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## တမူးမြို့ စန္ဒကူး (၆) ရပ်ကွက်၌ ပစ်ခတ်မှုဖြစ်ပွား၊ လူနှစ်ဦး ထိခိုက်ဒဏ်ရာရ

**တမူး ဇန်နဝါရီ ၄**

တမူးမြို့ စန္ဒကူး (၆) ရပ်ကွက်၌ ပစ်ခတ်မှုဖြစ်ပွားမှုကြောင့် လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးမြို့စန္ဒကူး (၆) ရပ်ကွက် သီရိမင်္ဂလာလမ်းနေ ဒေါ်ဝါဝင်းပိုင်ဆိုင်ပြီး အိမ်ငှားနေထိုင်သူ ကိုပီတာနှင့်သမီးဖြစ်သူ မအဘင်တို့သည် ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီခန့်က အိန္ဒိယနိုင်ငံထုတ် Activa ဆိုင်ကယ်ဖြင့် သမီးဖြစ်သူက ရှေ့မှရပ်၍ ဖခင်ဖြစ်သူ စီးနင်းပြီး တမူးမြို့မဈေးမှ ဈေးဝယ်ပြီးပြန်အလာ ၎င်းတို့နေထိုင်သည့် အိမ်ရှေ့အရောက်တွင် တရုတ်နိုင်ငံထုတ်ဆိုင်ကယ်ဖြင့် အမည်မသိ လူသုံးဦးစီးကာ ကပ်လိုက်လာပြီး ၉ မမပစ္စတိုဖြင့် နောက်မှပစ်ခတ်ခဲ့သဖြင့် ကိုပီတာနှင့်သမီးဖြစ်သူ မအဘင်တို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သည်။

အခင်းဖြစ်ပွားရာနေရာသို့ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ပြီး အမှုမှန်ပေါ်ပေါက်နိုင်ရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(၁၅၈)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ဆာဘီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံသို့ ဆာဘီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ တော်မီစလပ်နီကိုလစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်၏နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်မှန်အားလုံးကို ဆာဘီးယားပြည်သူများအားလုံးနှင့်ကျွန်ုပ်က လိုက်လှဲဝမ်းသာပါကြောင်း ဖော်ပြအပ်ပါသည်။ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှုတို့ကို အခြေခံထားသည့် ဆာဘီးယားနှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတို့သည် ပြည်သူများ၏ ရင်ထဲ၌ပိုမိုကျယ်ပြန့်နက်ရှိုင်းလာလိမ့်မည်ဟုယုံကြည်မိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဆာဘီးယားနိုင်ငံနှင့် စုစည်းညီညွတ်ပြီး ရင်းနှီးသော ဆက်ဆံရေးတစ်ရပ်ကိုထုတ်ဖော်ပြသခဲ့ရုံသာမက ကိုဆိုဗိုကို ယူနက်စကိုအဖွဲ့ဝင်အဖြစ် ကြေညာခြင်းကို ကန့်ကွက်ရန်ကြိုးပမ်းခဲ့သည့် မဲပေးမှုတွင် နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာရန် ခိုင်မာစွာဆုံးဖြတ်ခဲ့သည့်အပေါ် ဆာဘီးယားနိုင်ငံအနေဖြင့်များစွာ အသိအမှတ်ပြုပါသည်။ အဆွေတော်နှင့်မြန်မာနိုင်ငံပြည်သူများအားလုံး ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်ဟု ဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဆာဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအလက်ဇန္ဒြားဗူစစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် ဆာဘီးယားပြည်သူများကိုယ်စား ကျွန်ုပ်ကဆန္ဒပြုအပ်ပါသည်။ ဆာဘီးယားနှင့် မြန်မာနိုင်ငံသည် အပြန်အလှန်ယုံကြည်လေးစားမှုကိုအခြေပြုလျက်အစဉ်အဆက် ခင်မင်ရင်းနှီးလာခဲ့သည့်ဆက်ဆံရေးဖြစ်သည့်အတွက် ကျေနပ်ပီတိဖြစ်မိပါသည်။ နှစ်နိုင်ငံပူးပေါင်းအင်အားစိုက်ထုတ်မှုများသည် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကိုပိုမိုအားဖြည့်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်ဟု ဖော်ပြပါရှိပါသည်။

**အီတလီသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံသို့ အီတလီသမ္မတနိုင်ငံသမ္မတ မစ္စတာ ဆာဂျီရိုမတ်တာရီလာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး အခမ်းအနားပွဲတော်ကျင်းပမှုသည် မြန်မာပြည်သူများအတွက် ဆုတောင်းမေတ္တာပို့သရန် အခွင့်အလမ်းကိုပေးအပ်ခဲ့သည့်အတွက် အလွန်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အပြုသဘောဆောင်ပြီး ကောင်းမွန်သည့်အကျိုးကျေးဇူးရှိသည့် မြန်မာနှင့် အီတလီနိုင်ငံတို့၏ နှစ်လိုဖွယ်ဆက်ဆံရေးမှသည် ဒေသတွင်းနှင့်နိုင်ငံတကာကိစ္စရပ်များတွင် ပိုမိုနက်ရှိုင်းသည့် နှစ်နိုင်ငံပူးတွဲဆောင်ရွက်မှုနှင့် လက်တွဲကြိုးပမ်းမှုများဖြင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်လိမ့်မည်ဖြစ်ပါသည်။ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများ ကြီးပွားတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု ဖော်ပြထားသည်။ (ဆက်လက်ဖော်ပြပါမည်)

## နိုင်ငံတကာသတင်း

### ကုန်သေတ္တာတင်သင်္ဘောနှစ်စင်းတိုက်မိ ရေနံ တန် ၃၀၀ ခန့် ယိုဖိတ်မှုဖြစ်ပွား

**စင်ကာပူ ဇန်နဝါရီ ၄**

မလေးရှားနိုင်ငံ ဂျိုဟောပြည်နယ် ပါစာဂူတန်ဆိပ်ကမ်းမှထွက်ခွာလာသည့် ဂျီဘရာလ်တာဒေသမှတ်ပုံတင်ထားသည့် ကုန်သေတ္တာတင်သင်္ဘောတစ်စင်းနှင့် စင်ကာပူနိုင်ငံမှတ်ပုံတင်ထားသည့် ကုန်သေတ္တာတင်သင်္ဘောတစ်စင်းတို့ ယမန်နေ့က တိုက်မိခဲ့ကြောင်း စင်ကာပူနိုင်ငံ ရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ဇန်နဝါရီ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယင်းမတော်တဆမှုသည် ပူလော်အူဘင်ကျွန်းအနောက်ဘက်တွင် ဖြစ်ပွားခဲ့ဟန်ရှိပြီး ယင်းဒေသ၌ ရေနံ တန် ၃၀၀ ခန့် ယိုဖိတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အာဏာပိုင်များက ယိုဖိတ်နေသည့် ရေနံဆီများကို ရှင်းလင်းရန်အတွက် ရေထုညစ်ညမ်းမှုကာကွယ်ရေးရေယာဉ် စုစုပေါင်း ရှစ်စင်းကိုစေလွှတ်ခဲ့သည်။

သင်္ဘောနှစ်စင်းတိုက်မိမှုကြောင့် ဒဏ်ရာရ သေဆုံးသူမရှိခဲ့သော်လည်း ယင်းတိုက်မိမှုဖြစ်စဉ်အား သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

### တရုတ်နိုင်ငံတောင်ပိုင်း၌ ဓားကိုင်ရမ်းကားမှုကြောင့် ကလေးငယ် ၁၁ ဦး ထိခိုက်ဒဏ်ရာရ

**ပေကျင်း ဇန်နဝါရီ ၄**

တရုတ်နိုင်ငံတောင်ပိုင်းဒေသဖြစ်သည့် ကွမ်ကျီ၌ ဗုဒ္ဓဟူးနေ့က လူတစ်ဦးသည် မူကြိုကျောင်းအတွင်း ဘလိတ်ဓားဖြင့် ရမ်းကားတိုက်ခိုက်မှုကြောင့် ကလေးငယ် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နိုင်ငံပိုင်ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်တွင် သတင်းဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ပြင်းထန်သည့် ရာဇဝတ်မှုများအဖြစ်နည်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း ပြီးခဲ့သည့်နှစ် အနည်းငယ်အတွင်း ကလေးငယ်များအား ပစ်မှတ်ထားသည့် ဓားကိုင်တိုက်ခိုက်မှုများနှင့် ပုဆိန်ကိုင်တိုက်ခိုက်မှုများစွာ ဖြစ်ပွားခဲ့သည်။

တရုတ်ဗဟိုရုပ်မြင်သံကြားဌာနက ၎င်း၏ မိုက်ခရိုဘလော့ စာမျက်နှာတွင် အမျိုးသားတစ်ဦးက ပင်ကျန်းမြို့ အတွင်းရှိ မူကြိုကျောင်းတစ်ခု၏ နံရံပေါ်သို့ တွယ်တက်ခဲ့ပြီး ကလေးငယ်များအား ရန်မူတိုက်ခိုက်ခဲ့သည်ဟု ဖော်ပြခဲ့သည်။ ထိခိုက် ဒဏ်ရာရရှိသည့် ကလေးငယ်များအားလုံးကို နီးစပ်ရာ ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး အသက်အန္တရာယ် စိုးရိမ်ရခြင်းမရှိဟု စီစီတီဗွီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ သံသယရှိသူအား ရဲများက ထိန်းသိမ်းထားခဲ့ပြီး အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရိုက်တာ)**

## ဒေါ်နယ်ထရန့်သည် တွစ်တာသမ္မတဖြစ်ကြောင်း ကန်အထက်လွှတ်တော်ကိုယ်စားလှယ်ဝေဖန်



**ဝါရှင်တန် ဇန်နဝါရီ ၄**

ရွေးကောက်ခံသမ္မတဒေါ်နယ်ထရန့်သည် တွစ်တာတွင် မကြာခဏရေးသားဖော်ပြမှုများပြုလုပ်ခဲ့သောကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ဤကဲ့သို့သော သမ္မတကို လက်မခံနိုင်ကြောင်း၊ ယမန်နေ့က ပြုလုပ်ခဲ့သော လွှတ်တော်အစည်းအဝေးသစ်တွင် အမေရိကန်အထက်လွှတ်တော်ကိုယ်စားလှယ် ဒီမိုကရက်တစ်ပါတီဝင် ချက်ခ်စကူမာက ဝေဖန်ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံအနေဖြင့် စိန်ခေါ်မှုများရှိနေပြီး လက်တွေ့ကျသည့်ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ ဒေါ်နယ်ထရန့်အနေဖြင့် ဆက်လက်၍ တွစ်တာသမ္မတပြုလုပ်နေပါက ကျရှုံးမှုများနှင့် ရင်ဆိုင်ရသည့် သမ္မတတစ်ဦးဖြစ်နိုင်ကြောင်း စကူမာက ပြောကြားခဲ့သည်။

ဒေါ်နယ်ထရန့် အနေဖြင့် ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလများတွင် အမေရိကန်နိုင်ငံ၏ ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးများနှင့်ပတ်သက်ပြီး တွစ်တာစာမျက်နှာတွင် မကြာခဏ ၎င်း၏အမြင်များကို ဖော်ပြသောကြောင့် ပြည်တွင်း ပြည်ပအသိုင်းအဝိုင်းက စိတ်ဝင်စားခဲ့ကာ စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရန့်တွင် တွစ်တာဖော်လိုဝါပေါင်း ၁၈ ဒသမ ၄ သန်းခန့်ရှိပြီး လူမှုကွန်ရက်အားလုံးပေါင်းတွင် ၎င်းကိုအားပေးသူ စုစုပေါင်း ၄၅ သန်းခန့်ရှိကြောင်း သိရသည်။

တွစ်တာသည် ဒေါ်နယ်ထရန့်နှင့် ပြည်သူတို့ကို ချိတ်ဆက်ပေးနိုင်သည့် နည်းလမ်းဖြစ်သောကြောင့် ၎င်းအနေဖြင့် အခုရော နောင်အိမ်ဖြူတော်တာဝန်များ ထမ်းဆောင်သည့်အချိန်များတွင်ပါ ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း ဒေါ်နယ်ထရန့်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

**(ဆင်ဟွာ)**

## ဖိလစ်ပိုင်အကျဉ်းထောင် ဝင်ရောက်စီးနင်းခံရ အကျဉ်းသား ၁၅၀ ကျော်ထွက်ပြေးလွတ်မြောက်



**မနီလာ ဇန်နဝါရီ ၄**

ဖိလစ်ပိုင်အကျဉ်းထောင်၌ လက်နက်ကိုင်တိုက်ခိုက်သူတစ်စုသည် အကျဉ်းထောင်လုံခြုံရေး အစောင့်များကို သတ်ဖြတ်ကာ အကျဉ်းထောင်ကို စီးနင်းမှုလုပ်ဆောင်ခဲ့ပြီးနောက် အကျဉ်းသား ၁၅၀ ကျော် ယမန်နေ့က ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

လူ ၁၀၀ ဝန်းကျင်ခန့်ရှိသည့် လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့သည် မြို့တော်မနီလာမှ မိုင်ပေါင်း ၅၈၀ ခန့်ကွာဝေးသည့် ကီဒါပါဝမ်ရှိ မြောက်ပိုင်းကိုတာဘာတိုခရိုင် အကျဉ်းထောင်၌ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီး အဆိုပါအဖွဲ့သည် နိုင်ငံတောင်ပိုင်းတွင် ပုန်ကန်မှုများလုပ်ဆောင်နေသည့် သူပုန်အဖွဲ့နှင့် ဆက်နွယ်နေကြောင်း သိရသည်။

အကျဉ်းထောင်အတွင်း ပစ်ခတ်မှုများ နှစ်နာရီကြာအောင် ဖြစ်ပွားခဲ့ပြီး ပစ်ခတ်မှုများ ဖြစ်ပွားနေစဉ်အတွင်း အကျဉ်းသား ၁၅၈ ဦးသည် အကျဉ်းထောင် အနောက်ဘက်နံရံပေါ်သို့ သစ်သားလှေကားများဖြင့် တွယ်တက်ကာ ထွက်ပြေးရန် ကြိုးပမ်းခဲ့ကြကြောင်း အကျဉ်းထောင် လူဆိုးထိန်းတစ်ဦးဖြစ်သူ ပီတာဘွန်ဂတ်က ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်သည် ဖိလစ်ပိုင်နိုင်ငံသမိုင်းကြောင်း၌ အဆိုးရွားဆုံးသော အကျဉ်းထောင်ဖောက်ပြေးသည့်ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း အကျဉ်းထောင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**(ရိုက်တာ)**



(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံ၌ ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်စဉ်နှင့် တက်ရောက်လာကြသော တိုင်းရင်းသား တိုင်းရင်းသူများနှင့် ပြည်သူအပေါင်းက နိုင်ငံတော်အလံအား အလေးပြုကြစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ စစ်ရေးပြမှူး ဗိုလ်မှူးမျိုးကျော်သက် ဦးစီးသည့် ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့က အခမ်းအနားကျင်းပသည့် မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့ဥပစာသို့ ချီတက်နေရာယူကြသည်။



ယင်းနောက် အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး တိုင်းရင်းသား တိုင်းရင်းသူများ၊ အခမ်းအနားသို့ တက်ရောက်လာသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် နံနက် ၄ နာရီ ၂၅ မိနစ်တွင် ရောက်ရှိလာပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့က ဝန်ကြီးချုပ်အား အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်များနှင့် တပ်မတော်သားများအား အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့က သစ္စာလေးချက်ကို အဓိဋ္ဌာန်ပြုရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့တို့က စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး အခမ်းအနားကို နံနက် ၄ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ခရိုင်/မြို့နယ်များမှ ဒေသခံပြည်သူများ အပါအဝင် အင်အား ၃၅၀၀ ကျော် တက်ရောက်ကြသည်။

**သတင်း -ကိုကိုဇော်**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# မောင်တောမြို့၌ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများကျင်းပ

**မောင်တော ဇန်နဝါရီ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်၍ နိုင်ငံတော်အလံအားအလေးပြုကြသည်။



ဆက်လက်၍ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို မြို့နယ်အားကစားကွင်းအတွင်း နံနက် ၇ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ဖတ်ကြားသည်။ ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် မြို့နယ်အတွင်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်မှု ဆုရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့သည်။

ယင်းနောက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပရာ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ခြင်းလုံးခတ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ကလေးများ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၅၀၀ အပြေးပြိုင်ပွဲများကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ညနေပိုင်းတွင် အားကစားပြိုင်ပွဲ အသီးသီးတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - ကိုမင်း**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲ၊ အားကစားပွဲများပျော်ရွှင်စွာဆင်နွှဲ

## နေပြည်တော်

(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များတွင် ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲများကျင်းပ၍ ပျော်ရွှင်စွာဆင်နွှဲကြသည်။

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ ရပ်ကွက်နေပြည်သူများအနေဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ပျော်ပွဲရွှင်ပွဲများအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲများကို အစုအဖွဲ့အလိုက်၊ အသင်းအဖွဲ့အလိုက်ပျော်ရွှင်စွာကစားကြသည်။

အလားတူ အခြေခံပညာကျောင်းများ၌လည်း အားကစားနည်းများအလိုက် ပြိုင်ပွဲများကိုကျင်းပပြီး ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲအလိုက် ဆုရရှိသူများကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဘူးသီးတောင်

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီက အထက ဘူးသီးတောင်ကျောင်း၌ ကျင်းပခဲ့သည်။ စာစီစာကုံးပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မူလတန်းအဆင့်ရှစ်ဦး၊ အလယ်တန်းအဆင့် ၁၀ ဦး၊ အထက်တန်းအဆင့်ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက် )**

## အမ်း

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ( ၆၉ )နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကျင်းပရာ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ရွှေအမ်းတောင်ခန်းမရှေ့၌ နိုင်ငံတော်အလံကိုလွှင့်ထူ၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက အလေးပြုကြသည်။

ဆက်လက်၍ ( ၆၉ ) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ နံနက် ၈ နာရီတွင် ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က ဖတ်ကြားခဲ့ပြီး အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့အစည်းများ၊ ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းကို မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁) ကျောင်းရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပရာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့်လူမှုရေးအဖွဲ့အစည်း များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်ပြည်သူများစုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက နံနက် ၄ နာရီ မိနစ် ၂၀ တွင် ခရာမှုတ်၍အလံတင်လွှင့်ထူပြီး သေနတ်ကိုင်မြှောက်ကာ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်အလေးပြုကြသည်။ ထို့နောက် အထက(၁)ကျောင်းခန်းမဆောင်၌ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့သည်။
**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## သီပေါ

၂၀၁၇ ခုနှစ် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက သီပေါမြို့ စမ်းမာလာဥယျာဉ်အတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပသည်။ ဆက်လက်၍ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစား၊ ပန်းချီဆေးရေးပြိုင်ပွဲကို နောက်ကတ်ကျေးရွာ ရွှေတောင်စာကြည့်တိုက်ကော်မတီနှင့်ကျေးရွာပြည်သူများက စုပေါင်းကျင်းပရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ရိုးရာယဉ်ကျေးမှုအကများနှင့် ညှော့ခံဖျော်ဖြေပွဲတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။
**စိုင်း(သီပေါ)**

## မတူပီ

မင်းတပ်ခရိုင် မတူပီမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံလွှင့်တင်အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပခဲ့သည်။ ယင်းနောက် နံနက် ၇ နာရီတွင် မတူပီမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကို ပြည်နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားပြီး လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများမှ ဆုရရှိသူများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် တန်ဖိုးမျှတအိမ်ရာ တိုက်ခန်း ၅၆၀ ကို မဲနှိုက်ရောင်းချ

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်၌ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်သည့် တန်ဖိုးမျှတအိမ်ရာ တိုက်ခန်း ၅၆၀ ကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် အဆိုပါရုံးခန်းမ၌ မဲနှိုက်ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**




အဆိုပါမဲနှိုက်ရောင်းချရာသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်(ခ)ဦးပါလေးနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြီးကြပ်အားပေးခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ဝန်ထမ်းများအနက် ၃ ရာခိုင်နှုန်းခန့်သာ အိမ်ရာပေးနိုင်သေးကြောင်း၊ ဝန်ထမ်းများ၏ လစာငွေမှ အိမ်ငှားစရိတ် မကုန်ကျစေရန်နှင့် အငြိမ်းစားယူပြီးပါကလည်း အိမ်ပိုင်အဖြစ် နေထိုင်နိုင်ရန် မြေရရှိသလောက် ထပ်မံဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

“လွတ်လပ်ရေးနေ့မှာ ပြည်သူတွေ အိမ်ခန်းတွေရကြပြီး ပျော်ရွှင်စေချင်လို့ ဒီနေ့မှာ မဲနှိုက်ပေးတာပါ။ အိမ်ခန်းရသူတွေက ဝမ်းသာကြမှာဖြစ်သလို မျှော်လင့်ချက်အပြည့်နဲ့ စောင့်မျှော်နေကြတဲ့ လူအုပ်ကြီးကို တွေ့ရတဲ့အတွက် အကုန်မပေးနိုင်သေးလို့ ဝမ်းနည်းရပါတယ်။ အခု မဲမပေါက်သူတွေအတွက်လည်း နောက်ထပ်ဆောက်မယ့်တိုက်ခန်းတွေမှာ လျှောက်လွှာအသစ်တွေ ထပ်မခေါ်တော့ဘဲ အခုကျန်ခဲ့သူတွေကိုပဲ ရောင်းချပေးသွားမှာပါ” ဟု ၎င်းက ပြောကြားသည်။

တန်ဖိုးမျှတအိမ်ရာ လျှောက်ထားသူ ၇၆၄၀ ရှိသည့်အနက် နိုင်ငံ့ဝန်ထမ်း ၅၂၅၂ ဦး၊ အငြိမ်းစားဝန်ထမ်း ၁၁၄၆ ဦး၊ ကုမ္ပဏီဝန်ထမ်း ၅၃၀ နှင့် ဝင်ငွေနည်းပြည်သူ ၇၁၂ ဦးရှိရာ လျှောက်ထားသူများအပေါ်မူတည်၍ နိုင်ငံ့ဝန်ထမ်းများအတွက် ၃၈၅ ခန်း၊ အငြိမ်းစားဝန်ထမ်းများအတွက် ၈၄ ခန်း၊ ကုမ္ပဏီဝန်ထမ်းများအတွက် အခန်း ၄၀ နှင့် ဝင်ငွေနည်းပြည်သူအတွက် ၅၁ ခန်းတို့ကို အချိုးကျခွဲဝေ၍ မဲနှိုက်ရောင်းချပေးခဲ့သည်။

နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားသူ မြေညီထပ်တိုက်ခန်း မဲပေါက်သည့် အလယ်တန်းကျောင်းဆရာ ဦးအောင်သိန်းက “လုပ်သက် ၂၉ နှစ်ရှိပြီဆိုတော့ ပင်စင်ယူခါနီးမှာ အိမ်ခန်းမဲပေါက်တဲ့အတွက် ဝမ်းသာလွန်းလို့ မျက်ရည်ကျမိတယ်။ အခုလို မဲနှိုက်ပေးတာကလည်း ပွင့်လင်းမြင်သာမှုရှိတယ်။ ပင်စင်ယူပြီးရင် မန္တလေးမှာ အခြေချနေထိုင်ချင်တဲ့ ဆန္ဒပြည့်သွားပြီ” ဟု ပြောကြားသည်။

အဆိုပါ တိုက်ခန်းများမှ မြေညီထပ် ၂၂၃ သိန်း၊ ပထမထပ် ၂၀၈ သိန်း၊ ဒုတိယထပ် ၁၉၃ သိန်း၊ တတိယထပ် ၁၇၈ သိန်းနှင့် စတုတ္ထထပ် ၁၆၃ သိန်းတို့ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ လေးလ လေးရစ် ငွေချေစနစ်ဖြင့်လည်းကောင်း၊ ဌာနသို့ ၃၀ ရာခိုင်နှုန်း ကြိုတင်ပေးသွင်းပြီး ကျန်ငွေကို ၈နှစ် အရစ်ကျ ဘဏ်ချေးငွေစနစ်ဖြင့်လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သာသနာပိုင်ယာဉ်နှင့်ပရဟိတယာဉ်များကို စစ်ဆေး လိုင်စင်မဲ့မော်တော်ယာဉ်များက အများစုဖြစ်သည်ဟု သိရ

**စစ်ကိုင်း ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သာသနာပိုင်ယာဉ်နှင့် ပရဟိတယာဉ်များကို စိစစ်ခဲ့ရာ လက်ရှိကောက်ယူထားသောစာရင်းများအရ တိုင်းဒေသကြီးအတွင်း ဘုန်းတော်ကြီးနှင့် သီလရှင်ကျောင်းများအနက် မော်တော်ယာဉ်ပိုင်ဆိုင်မှုရှိသော ဘုန်းတော်ကြီး သီလရှင်ကျောင်း ၁၅၉၄ ကျောင်းရှိပြီး သံဃာတော်များပိုင် မော်တော်ယာဉ် အစီး ၁၇၇၀ အနက် ၄၄၆ စီးသာ ယာဉ်လိုင်စင်ရှိပြီး ကျန်ရှိသည့် ၁၃၂၄ စီးမှာ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်နေသည်ကို စစ်ဆေးတွေ့ရကြောင်း တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်ထံမှ သိရသည်။

ထို့အတူ လူမှုနာမှုကူညီရေးအသင်း ၉၉၅ သင်းအနက် ၉၁၆ သင်းတွင် မော်တော်ယာဉ်ပိုင်ဆိုင်ထားရှိပြီး အဆိုပါအသင်းများ၏ စုစုပေါင်းပိုင်ဆိုင်ထားသော မော်တော်ယာဉ် ၁၃၁၁ စီးတွင် ၅၃၆ စီးသာ မော်တော်ယာဉ်လိုင်စင်ရှိပြီး ကျန် ၇၇၅ စီးမှာ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်နေသည်ကို တွေ့ရကြောင်း၊ လူမှုကူညီရေးအသင်းများအနေဖြင့် အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်ရန်လိုအပ်သော်လည်း အသင်း ၉၉၅ သင်းအနက် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော အသင်း ၈၁ သင်း၊ မှတ်ပုံတင်ထားဆဲ အသင်း ၁၉၀ ရှိပြီး ကျန် ၇၂၄ သင်းမှာ ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း သိရသည်။

“လူမှုကူညီရေးအသင်းယာဉ်တွေရဲ့ မှုခင်းဖြစ်ပွားတာတွေကို စိစစ်ကြည့်တာ ၂၀၁၅ ခုနှစ်က သံဃာတော်ပိုင်မော်တော်ယာဉ်နဲ့ ယာဉ်မတော်တဆမှု သုံးမှု၊ လူမှုနာမှုကူညီရေးအသင်းပိုင် မော်တော်ယာဉ်နဲ့ ယာဉ်မတော်တဆမှု နှစ်မှု ဖြစ်ပွားအရေးယူခဲ့ရပြီး ၂၀၁၆ ခုနှစ်အတွင်းမှာ သံဃာတော်ပိုင် မော်တော်ယာဉ်နဲ့ ယာဉ်မတော်တဆမှုက ခုနစ်မှု၊ တရားမဝင်သစ်သယ်ဆောင်မှုက တစ်မှု၊ လူမှုကူညီရေးအသင်းပိုင် မော်တော်ယာဉ်နဲ့ ယာဉ်မတော်တဆမှုက ခြောက်မှု ဖြစ်ပွားအရေးယူရတာကိုကြည့်ရင် မှုခင်းတွေ ပိုဖြစ်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် သာမန်ထိခိုက်နာကျင်စေမှုတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေမသိရှိခင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်တာတွေလည်း ရှိနိုင်ပါတယ်”ဟု နယ်စပ်ရေးရာဝန်ကြီးက ပြောကြားသည်။

တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေး ကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း အစည်းအဝေး ငါးကြိမ်ပြုလုပ်ခဲ့ပြီး စည်းကမ်းပျက်ယာဉ်များကို အရေးယူဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် အစီးရေ ၂၈၅၇ စီး အမှု ၃၁၃၆ မှု ဒဏ်ငွေ ကျပ် ၄၄၄၉၃၂၀၀၊ ဆိုင်ကယ်အစီးရေ ၂၅၂၇၀ အမှု ၂၅၈၅၇ မှု ဒဏ်ငွေ ကျပ် ၃၈၉၅၆၂၀၀၀၊ ထော်လာဂျီ အစီးရေ ၁၉၆၀ အမှု ၂၀၄၈ မှု ဒဏ်ငွေကျပ် ၃၆၂၂၆၅၀၀၊ သုံးဘီးယာဉ် စီးရေ ၇၂၂ စီး အမှု ၇၃၅ မှု ဒဏ်ငွေကျပ် ၆၈၁၄၀၀၀ စုစုပေါင်း ယာဉ်အစီးရေ ၃၀၅၆၇ အမှုပေါင်း ၃၁၄၉၀ မှု စုစုပေါင်းဒဏ်ငွေကျပ် ၃၉၀၄၉၂၇၀၀ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

အပါယ်တံခါး ပိတ်စေဖို့ မြေမြတ်မဟာ ဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နှင့်သွားကြစို့

MGY မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ MGY

၇ / ၈ ရက်ခရီးစဉ် - ၉-သိန်း ၇သောင်း (၂၄.၂.၂၀၁၇ )
၉ / ၁၀ ရက်ခရီးစဉ် - ၁၀-သိန်း (၉.၄.၂၀၁၇)
၁၀ / ၁၁ ရက်ခရီးစဉ် - ၁၀-သိန်း ၃သောင်း (၁၀.၄.၂၀၁၇)
၁၁ / ၁၂ ရက်ခရီးစဉ် - ၁၀-သိန်း ၇သောင်း (၂၁.၂.၂၀၁၇)၊ (၁၄.၃.၂၀၁၇)
၁၄ / ၁၅ ရက်ခရီးစဉ် - ၁၂-သိန်း (၁.၂.၂၀၁၇)၊ (၈.၂.၂၀၁၇)၊ (၅.၃.၂၀၁၇)

(လိုင်စင်ပြည်တွင်း) ခ/၂၈၀၅
(လိုင်စင်ပြည်ပ) ပခ/၀၃၀၅

ခရီးစဉ်တွင်ဦးဆောင် ဆရာတော်တစ်ပါး၊ TourLeader , Helper များ ပါရှိပါမည်။ သတ်မှတ်ဈေးနှုန်းထက်အပြင် ငွေကြေး ကောက်ခံခြင်း မရှိကြောင်း အထူးပင် အာမခံပါသည်။ ညမောင်း ခရီးစဉ်များ လုံးဝမရှိပါ။ ရန်ကုန်-ဂယာ-ရန်ကုန်

သင်္ကြန်အထူး ခရီးစဉ်များရှိပါသည်။

အသေးစိတ်အချက်အလက်များကိုစုံစမ်းမေးမြန်း၍စာရင်းပေးသွင်းနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၂၃၃၀၁၆၄၊ ၂၃၃၀၁၆၅၊ ၀၉ ၄၉၇၇၇၀၄၅၊
Web,www.myatgoneyaung.com, Email-mgytravel@gmail.com,fb-မြတ်ဂုဏ်ရောင်ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၅-၁-၂၀၁၇ရက်မှ ၉-၁-၂၀၁၇ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၁-၂၀၁၇ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၅၄၄၃၁၄၊ ၀၁-၅၄၄၃၁၅၊ ၀၁-၅၄၄၃၁၈ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
**အမှတ် (၅၃)၊ နတ်မောက်လမ်းသွယ် (၁)လမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံး

နိုင်းထန်(ဘ)ဦးမင်းနိုင် ၄/ဖလန(နိုင်)၀၄၅၀၀၆ ၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၈၀၇၀၄၈**

## မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီး(အထက)၊ အဋ္ဌမတန်း (A)မှ(ဘ) ဦးဝင်းမြင့်ထွန်း၏ သမီး မဝင်းသီဂီထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၂-၂၀၀၂ ဖြစ်ပါသည်။

**၁၈-၁၂-၂၀၀၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/8487 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆) စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူခြင်းလုပ်ငန်းကို အိတ်ဖွင့် တင်ဒါခေါ်ယူလိုပါသည်။

| | |
|---|---|
| **တင်ဒါပုံစံရယူရမည့်နေရာ** | - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့ |
| **တင်ဒါပုံစံယူရမည့်ရက်** | - ၅-၁-၂၀၁၇မှ၁၃-၁-၂၀၁၇ ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - ၁၃-၁-၂၀၁၇ ရက် (သောကြာနေ့) |
| **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၁၆-၁-၂၀၁၇ ရက် (စနေနေ့) |
| **တင်ဒါဖွင့်လှစ်မည့်နေရာ** | - တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးခန်းမ၊ မုံရွာမြို့ |

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**ခုတင် (၅၅၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော (FDA) ခွင့်ပြုချက်ပါသော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၇ရက် မွန်းလွဲ ၂း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ခုတင် (၅၅၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၂၄၉၁၆၊ ၂၄၉၁၇**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားအထူးအဖွဲ့(၇)ကျောက်တော်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇) ကျောက်တော်မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| ၁။ သံချောင်းလုံးရှည်စုံ | ၄။ တောသစ်ခွဲသားရှည်စုံ |
| ၂။ ဘိလပ်မြေ | ၅။ မြစ်ကျောက်စရစ် |
| ၃။ မြေဖယောင်း | ၆။ မြစ်သဲ |

| | |
|---|---|
| **တင်ဒါပေးသွင်းရမည့်ရက်** | - ၅-၁-၂၀၁၇ရက်မှ ၁၈-၁-၂၀၁၇ရက်ထိ |
| **တင်ဒါပေးသွင်းရမည့်အချိန်** | - နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ |
| **တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့် အချိန်** | - ၂၀-၁-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ |
| **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားအထူး အဖွဲ့(၇)၊ ကျောက်တော်မြို့ ဖုန်း-၀၄၃-၇၀၂၅၈၊၀၉-၄၄၈၀၃၈၃၄၈၊ ၀၉-၄၄၈၅၄၈၅၈၅ |

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ တည်ဆောက်ရေးပစ္စည်းစာရင်းနှင့် စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၇)ကျောက်တော်မြို့တွင် ၅-၁-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ရန်ကုန်-မန္တလေး အမြန်လမ်း၌ ယာဉ်တိမ်းမှောက်

**နေပြည်တော်  ဇန်နဝါရီ  ၄**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၉၃/၇) နှင့် (၁၉၃/၈)အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ငြိမ်းချမ်း တစ်ဦးတည်း မောင်းနှင်လာသော TOYOTA Wish ယာဉ်မှာ ယမန်နေ့ ညနေ ၄ နာရီက ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် အလူမီနီယံတန်းကို တိုက်မိတိမ်းမှောက်ပြီး အတည့်အတိုင်း ပြန်ကျခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မောင်းမှာ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ ၁၅ သိန်းဖိုးခန့်ပျက်စီးသွားသည်။

အလားတူ ယမန်နေ့ည ၉ နာရီ ၁၅ မိနစ်က အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၃၃၂/၅) နှင့် (၃၃၂/၆) အကြား မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း စောအယ်ထူး မောင်းနှင်လာသော TOYOTA Hilux ယာဉ်မှာ ဝဲဘက် ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ဘာရီယာတုံးကို တိုက်ပြီး တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်၌ ယာဉ်မောင်းပါ သုံးဦးအနက် နှစ်ဦးဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို စကားအင်းအမြန်လမ်းမကြီးရဲစခန်းပိုင်ကားဖြင့် တံတားဦး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်သော ယာဉ်မောင်းများကို သက်ဆိုင်ရာအမြန်လမ်းရဲစခန်းများက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# ဟားခါးမြို့ မြို့သစ်ရပ်ကွက်၌ မီးလောင်

**ဟားခါး  ဇန်နဝါရီ  ၄**

ဟားခါးမြို့ မြို့သစ်ရပ်ကွက် ဟားခါး-ထန်တလန်ကားလမ်းပေါ်ရှိ ဒီဇယ်/ဓာတ်ဆီအရောင်းဆိုင်ခန်း မီးလောင်မှုတစ်ရပ် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့သစ်ရပ်ကွက်နေသူ ဦးရှန်မန်းသည် မီးဖိုချောင်အတွင်းရှိ မီးသွေးမီးဖိုအနီး၌ ဓာတ်ဆီ ပေါ့ဆစွာ ခြင်တွယ်ရာမှ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ယင်းမီးလောင်မှုကြောင့် (၁၀×၁၀)ပေရှိ သွပ်မိုး၊ သွပ်ကာ၊ ပျဉ်ခင်း နေအိမ် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ချက်ချင်းရောက်ရှိပြီး မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီကျော်ခန့်တွင် မီးညွန့်ကျိုးခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မီးလောင်ကျွမ်းမှုဖြစ်စေသူ ဦးရှန်မန်းကို ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် ဟားခါးမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရွှေလှေချောင်ကျေးရွာ ကမ်းပါးပြိုကျမှုဖြစ်ပွား

**တွံတေး  ဇန်နဝါရီ  ၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေလှေချောင်(တွံ) ကျေးရွာအုပ်စု ရွှေလှေချောင်ကျေးရွာ တွံတေး တူးမြောင်း-တိုးမြစ်-မအူပင်မြစ် မြစ်သုံးခု ဆိုင်ဆုံရာ ဒီရေအတက်အကျနှင့် ရေစွယ်ထိုးမှုကြောင့် ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက ကမ်းပါးပြိုမှု ဖြစ်ပွားခဲ့သည်။



မြစ်ကမ်းပါးပြိုမှုကြောင့် တွံတေး တူးမြောင်း မိုင်တိုင်အမှတ်(၂၁) မိုင်၌ ကမ်းပါးအလျားပေ ၅၅၀၊ အနံပေ ၆၀ ခန့်၊ အနက် ၇ ပေခန့်ကမ်းပါးနိမ့်ဆင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ ယင်းနှင့် တစ်ဆက်တည်း ရွှေလှေချောင်(တွံ) ကျေးရွာ အုပ်စု သဲကုန်းကျေးရွာဘက်သို့ အက်ကြောင်းပေ ၁၀၀ ခန့်ဖြစ်ပေါ်ခဲ့သည်။ ရွှေလှေချောင်(တွံ)ကျေးရွာရှိ ကမ်းပါးနိမ့်ဆင်းပြိုကျသည့် နေရာနှင့် အနီးစပ်ဆုံး လူနေအိမ်နှင့်ပေ ၆၀ ခန့် ကွာဝေးပြီး အက်ကြောင်းဖြစ်ပေါ်ခဲ့သော သဲကုန်းကျေးရွာထိပ်တစ်လျှောက်၌ လူနေအိမ်များနေထိုင်ခြင်းမရှိသည့်အတွက် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါကမ်းပါးပြိုကျမှုတွင် လူနှင့်တိရစ္ဆာန်သေဆုံးမှုများ၊ လူနေအိမ်ပြောင်းရွှေ့မှုများမရှိကြောင်း သိရသည်။ ယခင်မြစ်ကမ်းပါး ပြိုကျမှုကြောင့် ယာယီမြစ်ကမ်းပါးထိန်းနံရံတည်ရှိသော နေရာနှင့် တစ်ဆက်တည်း ယခုကမ်းပြိုကျသည့်နေရာမှာပေ ၃၀ ခန့်ကွာဝေးပြီး ကမ်းပါးပြိုကျမှုနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးက ရေကင်းများ စောင့်ကြည့်နေကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# အဆန်ကုန်ရထားတစ်စင်း အရှိန်လွန်ပြီး တိမ်းချော်မှုဖြစ်ပွား

**မိုးညှင်း  ဇန်နဝါရီ  ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကာဒူဘူတာအဝင် သဲလမ်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၅ နာရီက အဆန်ကုန်ရထား တစ်စင်း အရှိန်မထိန်းနိုင်ဘဲ ကာဒူဘူတာအဝင် လမ်းမြှောင်(သဲလမ်း)၌ ထိုးဝင်ကာတိမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မော်ဟန်ဘူတာမှ နံနက် ၄ နာရီ ၁၆ မိနစ်က မိုးညှင်းဘက်သို့ ထွက်ခွာလာသော စက်ခေါင်း အမှတ် DF-1330 အမှတ် (၂၄၃)အဆန်ကုန်ရထား၌ စက်ခေါင်းမောင်း ဦးဖေသိန်း၊ လက်ထောက် ဦးစိုးခိုင်၊ ဂတ်ဗိုလ်ဦးမောင်အေးတို့ ပါဝင်ပြီး အဆိုပါရထားသည် နံနက် ၅ နာရီက ကာဒူဘူတာ ရထားလမ်းမိုင်တိုင်အမှတ် (၆၂၇/၉)၌ အရှိန်မထိန်းနိုင်ဘဲ ဘူတာလမ်းမြှောင်(သဲလမ်း)အတွင်းသို့ ဝင်ရောက်သွားခဲ့ပြီး မိုင်တိုင်အမှတ် (၆၂၇/၁၄) အရောက်၌ စက်ခေါင်းမှာစက်ရပ်သွားခဲ့သဖြင့် စက်ခေါင်းရထားဘီးအမှတ် ၁-၂-၃-၄-၅-၆ ဘီးနှင့် စက်ခေါင်းမောင်းနားနေတွဲ ရထားဘီး အမှတ် ၁-၂-၃-၄ ဘီးတို့မှာ သံလမ်းအတွင်း ပြုတ်ကျသည့်အတွက် မော်ဟန်-ကာဒူရထားလမ်းပိုင်းကို နံနက် ၅ နာရီမှစတင်ကာ ခေတ္တပိတ်ခဲ့ရပြီး ရထားလမ်းအချိန်မီလမ်းပွင့်နိုင်ရေးအတွက် မိုးညှင်းမီးရထားစက်မှုတွဲပြင်နှင့် အင်ဂျင်နီယာဌာနမှအဖွဲ့များက ပြုပြင်လုပ်ဆောင်မှုကြောင့် ရထားလမ်းပိုင်းများမှာ ယနေ့ည ၈ နာရီခန့်တွင် လမ်းပွင့်နိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါဖြစ်စဉ်ကြောင့် ထိခိုက်မှု တစ်စုံတစ်ရာမရှိကြောင်း သိရသည် ။

**(ဝ၆၇)**

## သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်း၌ ဆိုင်ကယ်ချင်းတိုက်၊ တစ်ဦးသေဆုံး

**ရေတာရှည်  ဇန်နဝါရီ  ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အနောက်ဘက်မိုင် ၃၀ ခန့်အကွာ သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်း၌ ဇန်နဝါရီ ၁ ရက်က မိုင်တိုင် (၃၀/၅) နှင့် ၆ အကြား ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း အနောက်မှအရှေ့သို့ ကျော်ကျော် မောင်းနှင်လာသော ဆိုင်ကယ်နှင့် အဆိုပါကားလမ်းအတိုင်း အရှေ့မှအနောက်သို့ သန်းဇော် မောင်းနှင်လာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ကျော်ကျော်တွင် ဒဏ်ရာများရရှိကာ နေရာ၌သေဆုံးသွားခဲ့ပြီး သန်းဇော်တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

PQI အသိအမှတ်ပြုစင်တာ
ဦးသန့်ဇော် B.Sc.IC.Q,DA, DMP, MBA, ACCA (pro)
LCCI I,II & III
ဇန်နဝါရီတန်းခွဲသစ် (9-1-2017) စမည်
I & II Sec (C): Sat - Sun 9:00 - 11:00 am
Sec (D): Mon to Wed 9:30 - 11:15 am (သုံးလအပြတ်)
ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်
စီးပွားရေးတက္ကသိုလ်
MBA/DMA ဝင်ခွင့်
GMAT, Reasoning & English သင်တန်း
14 Jan 2017 စမည် ။ (ရုံးချိန်လွတ်)
MPA, MDevS အပါအဝင်
■ ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည် ။
■ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။
ORION Business School ●●● အမှတ်-၂၈၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဒဂုံစင်တာအနီး)။ 09 5115997

စင်္ကာပူအမျိုးသားတက္ကသိုလ်
Graduate Dip: in Systems Analysis ဘွဲ့လွန်ဒီပလိုမာဝင်ခွင့်
NUS ISS Institute of Systems Science
8 Jan 2017 သင်တန်း/ Application Form စမည် ။
BCSc, BE, BIT (NCC) ဘွဲ့ရများနှင့် IT/Programming ကျွမ်းကျင်သည့် မည်သည့် ဘွဲ့ရမဆို လျှောက်ထားနိုင်သည်
ORION Business School ●●● အမှတ်-၂၈၇၊ ပ-ထပ်၊ ပြည်လမ်း၊ စမ်းချောင်း။ 09 5115997

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်UE1၊တိုးချဲ့၊ ကျန်စစ်သားလမ်းမပေါ်ရှိ (၁)မြေကွက်အမှတ်(၉၇၃)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ဒေါ်မိမိလှိုင် ၁၂/ဥကတ(နိုင်)၁၉၁၀၁၃ အမည်ပေါက် ပါမစ်မြေကွက်နှင့် (၂)မြေကွက်အမှတ်(၉၇၄)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ဦးဗိုလ်ကံ ၁၂/ဥကတ(နိုင်)၁၉၈၆၆၂အမည်ပေါက် ပါမစ်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မိုးမိုးအေး ၁၂/မရက(နိုင်)၀၀၅၀၃၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အေးမြင့် စဉ်(၇၁၅၈) LL.B., LL.M, D.B.L တရားလွှတ်တော်ရှေ့နေ
ဒေါ်ညိုမာ (စဉ်-၃၅၇၇၆) LL.B အထက်တန်းရှေ့နေ
အမှတ်(G-1)၊ကန်တော်ကလေးလမ်း၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၃၉၄၀၈၀

Jishugakkan Yangon Japanese Center (JYJC)
Jishugakkan Bago Japanese Center (JBJC)
2017 July တန်းအတွက် ကျောင်းလျှောက်မည့်သူများ
Form စတင်လက်ခံနေပါသည်။
Level အလိုက် Promotion များရှိပါသည်။
N-4 (10 လစာ) 609,000 Jp
N-3, N-2 (8 လစာ) 514,500 Jp
N-5 ဂျပန်စာအခြေခံသင်တန်းကို
( 16.1.2017 )တွင် စတင်ဖွင့်လှစ်ပါမည်။
JYJC (Yangon) 01-504268, 09-43139339 (ကမာရွတ်)
JBJC (Bago) 09-767862682 (နန်းတော်ရာ-ပဲခူး)

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇန်နဝါရီ (၃/၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
ဇွဲ - Essay, Letter လက်ခံပြီ။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ကန့်ကွက်နိုင်ပါကြောင်း
ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂)၊ မီးရထားမြို့ကွက်၊ ဦးပိုင်အမှတ် (၂/၆)၊ ဧရိယာ ၁ဒသမ၁၅၉ဧကရှိ မြေကို(ဘ)ဦးအောင်မြတ်ကျော်၏သား ဦးဝင်းထွန်း ၁၄/ကကထ(နိုင်)၁၆၇၄၆၃ အမည်ဖြင့် စက်မှုစီးပွားမြေငှားရန်အသစ်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများယူဆောင်၍ ကန်ကြီးထောင့်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကန်ကြီးထောင့်မြို့နယ်

ပျောက်ဆုံး
(1) Daw Zar Chi Soe ၇/ပခန(နိုင်)၂၉၈၇၆၄ Nissan(Leaf)-ZEO-002739
(2) Daw Wai Wai Aung ၉/ခမစ(နိုင်)၀၆၀၀၃၆ Nissan (Leaf)-ZEO-004106
(3) Daw Tin Tin Aye- ၉/မနမ(နိုင်)၀၀၃၃၇၅ Nissan Vanette-SKF 2LN-100585
- Customs Statement Of Motor Vehicle Imported In To Yangon
- Export Certificate
- Customs ကားဓာတ်ပုံ(၂)ရွက်တို့၏ စာရွက်စာတမ်းမူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၅၅၆၇၁၈၊ ၀၁-၇၀၉၃၃၄

## ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၏ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကို ယနေ့နံနက် ၈ နာရီမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဦးပွား၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်း အတွင်းဝန် ဦးခင်မောင်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ပြိုင်ပွဲဝင်ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ လာရောက်ကြည့်ရှုအားပေးကြပြီး ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ဆုရရှိသည့် အသင်းသားများကို ဆုများပေးအပ်ခဲ့ကြသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများသို့ တက်ရောက်ကာ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းအိမ်ရာ၌ ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် ချောတိုင်တက်ပွဲ ပြုလုပ်ရာ ဝန်ထမ်းမိသားစုများ ပါဝင်ယှဉ်ပြိုင်နေစဉ် (မြန်မာ့အလင်း)

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာန ၂၀ တို့မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ထုပ်ဆီးတိုး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ လွန်ဆွဲ၊ ဖူဆယ်၊ ဘောလုံး၊ ချောတိုင်တက်၊ ဆန်ကောရွက်၊ ဂုန်နီအိတ်စွပ်၊ သုံးချောင်းထောက်၊ မုန့်စား၊ သံပုံးရိုက်၊ အာလူးကောက်၊ အပ်ချည်ထိုး၊ ပူဖောင်းပုတ်၊ ကလေးပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီး ဒေါ်ခင်မြမြအောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များက ကြည့်ရှုအားပေးပြီး အားကစားနည်းများအလိုက် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အလားတူ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များ၌ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် စတုဒီသာ အကျွေးအမွေးများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမှိုက်ကောက်

**ရန်ကုန် ဇန်နဝါရီ ၄**

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အမှိုက်ကောက်ခြင်းနှင့်ပညာပေးအစီအစဉ် လှုပ်ရှားမှုကို ပရဟိတအသင်းအဖွဲ့များစုပေါင်း၍ ယနေ့မွန်းလွဲပိုင်းက စမ်းချောင်းမြို့နယ် မြေနီကုန်းခုံးကျော်တံတားအနီး၌ ပြုလုပ်သည်။

အဆိုပါ လှုပ်ရှားမှုအနေဖြင့် ယနေ့ မွန်းလွဲ ၂ နာရီခန့်က မြေနီကုန်း ခုံးကျော်တံတားအနီးရှိ ပဒုမ္မာပန်းခြံမှစတင်၍ အနီးပတ်ဝန်းကျင်ရပ်ကွက်များ၌ အမှိုက်ကောက်ခြင်း၊ အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ ပညာပေးစတေကာများကပ်ခြင်း၊ ကွမ်းတံတွေးကို စနစ်တကျထွေးတတ်စေရန် ကွမ်းတံတွေးအိတ်များကို အခမဲ့ဖြန့်ဝေခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

"ရန်ကုန်မြို့ကို အမှိုက်ကင်းစင်ဖို့ စိတ်တူကိုယ်တူတွေ စုပေါင်းပြီး လုပ်တာပါ၊ မြန်မာတစ်နိုင်ငံလုံးမှာ အမှိုက်ဆိုတာ မရှိလေ ကောင်းလေပါပဲ၊ ကလေးတွေကိုလည်း အမှိုက်ကောက်တာကို ရွံစရာလို့မမြင်ဘဲ စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းကသာ ရှက်စရာလို့ မြင်လာအောင် အသိပညာတွေပေးသွားဖို့ရှိပါတယ်၊ နောက်ပိုင်းမှာ မူလတန်းကျောင်းတွေမှာလည်း ဟောပြောပွဲတွေလုပ်သွားဖို့ အစီအစဉ်တွေရှိပါတယ်"ဟု အဆိုပါ လှုပ်ရှားမှုတွင်ပါဝင်သူ Green & Clean (Yangon) မှ ကိုရဲမင်းထွန်းက ပြောသည်။

ယင်းလှုပ်ရှားမှုကို ရန်ကုန်မြို့ရှိ ပရဟိတအသင်းအဖွဲ့ ၁၀ ဖွဲ့ခန့်နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများလည်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ကျင်းပရာ နံနက် ၄ နာရီ မိနစ် ၂၀ က မြိုင်ဟေဝန်ပန်းခြံအတွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပပြီး နံနက် ၇ နာရီတွင် သန်လျင် အထက-၂ ဘိုးရာဇာခန်းမ၌ နိုင်ငံတော်အလံအား အလေးပြုပြီးနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က ဖတ်ကြားကာ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့သည်။

**သန်းဝင်း(သန်လျင်)**


**POST ဂျာနယ် ထူးချွန်သင်တန်း**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး(ဒုဦးစီး)တန်းဖွင့်နေပြီ

ဥပဒေအရာရှိ LD စနေ - တနင်္ဂနွေ (၈းဝဝမှ ၁၂းဝဝ)

တရားရေးဝန်ထမ်း JD စနေ - တနင်္ဂနွေ (၈းဝဝမှ ၁၂းဝဝ)

တန်းခွဲအားလုံးစပြီ သင်တန်းကြေး ၄၅ဝဝဝ ညနေ ၅း၃ဝ မှ ၇းဝဝ တန်းခွဲရှိသည်။

၁၆၅ ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀၁၂၉၃၃၃


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1A/693 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3F/3364 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)တွင် Machine Tools Shop, Transformer Shopနှင့် Copper Rod Shopတို့ရှိ ချွတ်ယွင်းနေသော စက်ခြောက်မျိုးကို ပြင်ပကျွမ်းကျင်ပညာရှင်ဖြင့် ပြုပြင်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ စည်းကမ်းချက်များနှင့် တင်ဒါပုံစံကို ၅-၁-၂၀၁၇ ရက်မှ ၁၃-၁-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူတင်သွင်းနိုင်ပြီး ၁၃-၁-၂၀၁၇ ရက်တွင် တင်ဒါပိတ်သိမ်းပါမည်-

**စီမံရေးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၄၁)၊ စက်မှုဝန်ကြီးဌာန**

**ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3F/4146, Nissan Clipper P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်ယု ၁၂/သဃက(နိုင်)၁၆၉၅၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဟိုင်းကြီးကျွန်းမြို့၊ ကံချိုင်ကျေးရွာ၊ အထက(ခွဲ)ကံချိုင်၊ အဌမတန်းမှ မယဉ်မွန်သန့်၏ဖခင် ဦးကုလား(ခ)ဦးသိန်းဝင်းက တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကုလား(ခ)ဦးသိန်းဝင်း**

**အမည်ပြောင်း**

ဦးအေးလွင် ၄/ပလဝ(နိုင်)၀၂၉၃၄၀ ၏သား ပလက်ဝမြို့၊ အလက(မြို့သစ်)၊ အဌမတန်းမှ မောင်စည်သူလွင်အား မောင်ဆန်းဝင်းလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း**

လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာနေ ဦးတင်ကြိုင်-ဒေါ်လှလှသန်းတို့၏ သား မောင်သော်ဇင်ဖြိုး ၁၂/လကန(နိုင်)၁၉၁၁၆၃ သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင် နည်းမျိုးစုံ ဒုက္ခပေးနေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပြီး ယင်းနှင့်သက်ဆိုင်သော ကိစ္စမှန်သမျှအား လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဖခင် ဦးတင်ကြိုင်**

**မိခင် ဒေါ်လှလှသန်း**

## မြန်မာစီးပွားရေးကော်ပိုရေးရှင်း (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပ




(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာစီးပွားရေးကော်ပိုရေးရှင်း လက်အောက်ရှိဌာနနှင့်စက်ရုံများ၏အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ လှိုင်မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေနှင့် အုပ်ချုပ်မှုဒါရိုက်တာများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်တွင် ဒဂုံအဖျော်ယမကာအသင်းက တာယာစက်ရုံအသင်းကို(၂၅-၁၇)၊ (၂၅-၁၉)၊ (၂၅-၁၉)ဖြင့် လည်းကောင်း၊ အမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်တွင် တာယာစက်ရုံအသင်းက အလုံဆိပ်ကမ်းအသင်းကို (၂၅-၁၃)၊ (၂၂-၂၅)၊ (၂၅-၂၁)၊ (၂၅-၈)ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းအထူးဆုများနှင့် အမျိုးသား၊ အမျိုးသမီးအသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသွားသော အသင်းများကို တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း

Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 2 Jan
1 - 4:00 (Sat + Sun) 8 Jan
7:30 - 9 (Mon ~ Thurs) 9 Jan
9 - 12:00 (Sat + Sun) 21 Jan
10-11:30 (Mon ~ Thurs) 23 Jan

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 14 Jan
7:30 - 9 (Mon ~ Thurs) 16 Jan
10-11:30 (Mon ~ Thurs) 16 Jan
1 - 2:30 (Mon ~ Thurs) 16 Jan
3:30 - 5 (Mon ~ Thurs) 23 Jan
1 - 4:00 (Sat + Sun) 28 Jan

BASIC WRITING
9 - 12:00 (Sat + Sun) 14 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 2 Jan
1 - 2:30 (Mon ~ Thurs) 9 Jan
9:30-12:30 (Sat + Sun) 14 Jan
10-11:30 (Mon ~ Thurs) 16 Jan
6 - 7:30 (Mon ~ Thurs) 23 Jan

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 9 Jan
7:30 - 9 (Mon ~ Thurs) 23 Jan
2 - 5:00 (Sat + Sun) 28 Jan

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 31 Dec
3:30 - 5 (Mon ~ Thurs) 2 Jan

BASIC GRAMMAR
1 - 2:30 (Mon ~ Thurs) 9 Jan
9 - 12:00 (Sat + Sun) 22 Jan

လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)

Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
6 - 7:30 (Mon~Thurs) 9 Jan
10-11:30 (Mon~Thurs) 16,23 Jan
3:30 - 5 (Mon~Thurs) 30 Jan
7:30-10:30 (Sat + Sun) 5 Feb

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 9,23 Jan
6 - 7:30 (Mon~Thurs) 9 Jan
7:30 - 9 (Mon~Thurs) 16 Jan
3:30 - 5 (Mon~Thurs) 16 Jan
9 - 12:00 (Sat + Sun) 22 Jan

IELTS (Preparation)
7:30-9:30 (Mon~Thurs) 23 Jan

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 23 Jan

IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 30 Jan

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 9 Jan
7:30-10:30 (Sat + Sun) 29 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 9 Jan
3:30 - 5 (Mon~Thurs) 16 Jan
12 - 3:00 (Sat + Sun) 28 Jan

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 16 Jan

IELTS (Preparation)
4:30-7:30 (Sat + Sun) 7 Jan

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 28 Jan

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 26 Dec

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 23 Jan

# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

### အခန်း(၁၄)
### လူမှုရေးအသင်းအဖွဲ့များအား အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း

၄၅။ သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီရေးဆိုင်ရာ လူမှုရေးအသင်း အဖွဲ့တစ်ခုခုသည် တည်ဆဲအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိလျှင် ယင်းမှတ်ပုံတင်လက်မှတ်မိတ္တူပူးတွဲ၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၄၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၄၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

### အခန်း(၁၅)
### ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၄၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ကြီး ရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် မြန်မာ နိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင် ရမည် -

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများမှ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေ များ၊

(ဂ) ပြည်တွင်းပြည်ပရှိစေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်း ငွေများ၊

(ဃ) စီးပွားရေးအလို့ငှာ သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ပေးသွင်းသောငွေများ၊

(င) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၄၈။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင် သည်။

၄၉။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီသည် ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ အတည်ပြုချက်ရယူပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့် ရှောက်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများ ဆိုင်ရာရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား၊ဒေသတွင်းအဖွဲ့ အစည်းများနှင့် ပြည်ပနိုင်ငံများမှ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိစေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း တို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ အတည်ပြုချက်ရယူပြီး ယင်းဘဏ္ဍာ ရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၃။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံသက်ကြီးရွယ်အိုများ ဆိုင်ရာရန်ပုံငွေမှ သင့်လျော်သော ထောက်ပံ့ငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

၅၄။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ နှစ်စဉ်စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ နှစ်စဉ်စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၆။ ရန်ပုံငွေသို့ဖြစ်စေ၊ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများသို့ ဖြစ်စေ ထောက်ပံ့လှူဒါန်းသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝင်ငွေခွန် ပေးဆောင်ရာတွင် အဆိုပါထောက်ပံ့လှူဒါန်းသောငွေကို နုတ်ပယ်ခွင့်ရှိသည်။

### အခန်း(၁၆)
### ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၇။ ဤဥပဒေအရ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကိုပေးရမည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို သက်ကြီးရွယ်အိုတစ်ဦးဦးက သက်ကြီးရွယ်အို သက်သေခံကတ်ပြားကိုပြသပြီး သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို ခံစားခွင့်ပြုရန်တောင်းဆိုခြင်းကို ငြင်းပယ်ကြောင်း သို့မဟုတ် လျစ်လျူရှုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို သက်ကြီးရွယ်အိုကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် မတရား ပြုကျင့်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုနှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ဆယ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၄၂ အရ တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ စီးပွားရေးအလို့ငှာ ဘိုးဘွားရိပ်သာကိုဖြစ်စေ၊ လုပ်ငန်းလုပ်ကိုင်ခွင့်မရှိဘဲ စီးပွားရေးအလို့ငှာ သက်ကြီး ရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ခုခုကိုဖြစ်စေ လုပ်ကိုင်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

### အခန်း(၁၇)
### အထွေထွေ

၆၀။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာကော်မတီ၏ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ နှင့် လူမှုဝန်ထမ်းအရာရှိများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင် နေသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၁။ သက်ကြီးရွယ်အိုအား မတရားပြုကျင့်ခြင်းနှင့်စပ်လျဉ်း၍ မတရားပြု ခံရသူ ကိုယ်တိုင်ဖြစ်စေ၊ မြင်တွေ့သူ မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ သက်ဆိုင်ရာ ရဲစခန်းသို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သတင်းပေး တိုင်ကြား နိုင်သည်။

၆၂။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာကော်မတီအဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိ များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များ နှင့်စပ်လျဉ်း၍ လိုအပ်ပါက အဆောက် အအုံများအတွင်းသို့ အသိပေးအကြောင်းကြားပြီး ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးခြင်း၊လိုအပ်သောစာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် တင်ပြစေခြင်းတို့ ပြုနိုင်သည်။

၆၃။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၄။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၆၅။ ဤဥပဒေအရ ပေးအပ်သော သက်ကြီးရွယ်အိုဆိုင်ရာလုပ်ငန်းတာဝန် များကို သဘောရိုးဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီနှင့် ဒေသဆိုင်ရာကော်မတီအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၆၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည်။

(ခ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီနှင့်ဝန်ကြီး ဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဂေဘားတိုင်းရင်းသားရိုးရာဗုံပလွေပြိုင်ပွဲ မိုင်းလွန်အထက်ကျေးရွာ၌ ကျင်းပ

**လိပ်သို ဇန်နဝါရီ ၄**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ မိုင်းလွန်ကျေးရွာအုပ်စု မိုင်းလွန် အထက်ကျေးရွာ၌ ဂေဘားတိုင်းရင်း သားများ ရိုးရာဓလေ့မပျောက်ပျက်ရေး နှင့် ရိုးရာဗုံပလွေတူရိယာ အစဉ်အမြဲ ရှင်သန်နေရေးအတွက် ရည်ရွယ်ပြီး ဂေဘားတိုင်းရင်းသားရိုးရာဗုံပလွေပြိုင် ပွဲကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက ကျေးရွာဘုရားရှိုးခိုကျောင်း ရင်ပြင်၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မိုင်းလွန်တိုက်နယ် လက်ထောက်ဘုန်းတော်ကြီး အာသန်း က ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်း အကြောင်းကို ရှင်းလင်းပြောကြားပြီး နောက် မိုင်းလွန်ကျေးရွာအုပ်စုအတွင်း ရှိကျေးရွာခုနစ်ရွာမှ ဗုံပလွေအဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ လိပ်သိုမြို့ သည် ဂေဘားတိုင်းရင်းသားလူမျိုးအများ ဆုံးနေထိုင်သော ဒေသတစ်ခုဖြစ်ပြီး စီးပွားရေးလုပ်ငန်းအားဖြင့် မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်း၊ ဖာလာ၊ ကဖီး၊ တညင်း၊ ကွမ်းရွက်၊ စသည့် လုပ်ငန်းများ အဓိကလုပ်ကိုင်ကြသည်။ ဂေဘားတိုင်းရင်းသားရိုးရာဗုံပလွေအား ဘာသာရေးပွဲများ၊ အလှူအတန်းပွဲများ၊ လက်ထပ်မင်္ဂလာပွဲများနှင့် အထိမ်း အမှတ်ပွဲများတွင် တီးခတ်ကြလေ့ရှိပြီး ကျေးရွာအလိုက်၊ အသင်းလိုက်ထူ ထောင်ထားလေ့ရှိကြသည်။ မိုင်းလွန် ကျေးရွာအနေဖြင့် ယခုပြိုင်ပွဲအား ရိုးရာ ဗုံပလွေတူရိယာ အစဉ်အမြဲရှင်သန်နေ ရေးနှင့် ဗုံပလွေအဖွဲ့များ တိုးပွား လာစေရေးအတွက် ရည်ရွယ်ပြီး ပထမ ဆုံးအကြိမ်ကျင်းပကြောင်းနှင့် ဆက်လက် ၍ နှစ်စဉ် ကျင်းပပေးသွားမည်ဖြစ် ကြောင်း အဆိုပါကျေးရွာ တာဝန်ရှိသူ များထံမှ သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် ဘုန်းတော် ကြီး အာသန်းဦးဆောင်သော တာဝန် ရှိသူများက ပြိုင်ပွဲဝင်ကျေးရွာများ၏ အားနည်းချက်၊ အားသာချက်များကို ဝေဖန်သုံးသပ်ပြီး အကြံပြုစကားများ ပြောကြားကာပြိုင်ပွဲတွင် ပထမဆုရ မိုင်းလွန်အထက်ကျေးရွာ၊ ဒုတိယဆုရ မိုင်းလွန်အောက်ကျေးရွာ၊ တတိယဆု ငပိုးကြီးကျေးရွာနှင့် နှစ်သိမ့်ဆုရ လေလော်ဒေး ကျေးရွာများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကျောက်မဲမြို့နယ်မှ စစ်ဘေးရှောင်ပြည်သူများအတွက် အလှူငွေများပေးအပ်

**ကျောက်မဲ ဇန်နဝါရီ ၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နမ့်စစ်လင်းကျောင်းတိုက်တွင် ရောက်ရှိနေသော ညောင်မောင်းကျေးရွာမှ စစ်ဘေးရှောင်ပြည်သူများအား ရန်ကုန်မြို့ကွမ်းရင်းစန်းတာပိန်ကျောင်းတိုက်နှင့် မူဆယ်မြို့ကွမ်းယင်စီကျောင်းတိုက်တို့မှ ဆရာတော်များအဖွဲ့က အလှူငွေများကို ဇန်နဝါရီ ၂ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ကွမ်းရင်းစန်းတာပိန်ကျောင်းတိုက်ရှိ ကိန်းလျံနှင့် မူဆယ်မြို့ ကွမ်းယင်စီကျောင်းတိုက်ဆရာတော် အရှင်ဓမ္မရက္ခိတနှင့်အဖွဲ့များက ကျောက်မဲမြို့နယ်ရှိ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်နှင့်အတူ ကျောက်မဲမြို့နမ့်စစ်လင်းကျောင်း စစ်ဘေးရှောင်စခန်းသို့ လာရောက်ကာ အဆိုပါစခန်းတွင် စစ်ဘေးရှောင်ရောက်ရှိနေသော ညောင်မောင်းကျေးရွာရှိ အိမ်ထောင်စု ၇၇ စုမှ လူဦးရေ ၂၁၇ ဦးအား တစ်ဦးလျှင် အလှူငွေ ကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၂၁၇၀၀၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ အဆိုပါ ဆရာတော်များအဖွဲ့သည် ကျောက်မဲမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး အဆိုပါဆေးရုံကြီးတွင် တက်ရောက်ဆေးကုသနေရသော တိုက်ပွဲကြောင့်ဒဏ်ရာရသည့် ပြည်သူငါးဦးနှင့် သံဃာတစ်ပါးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီဖြင့် ကျပ်သုံးသိန်း၊ ခြေထောက်တွင် ဒဏ်ရာရရှိသူ ဒေါ်ခင်သန်းနုအား ခွဲစိတ်ကုသနိုင်ရန်အတွက် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ကျောက်မဲမြို့အမှတ်(၁)ရပ်ကွက်ရှိ မေတ္တာအိုးဝေအဆောင်မှ စစ်ဘေးရှောင် ကျောင်းသား ကျောင်းသူ ၂၅ ဦးအတွက် ငွေကျပ်သုံးသိန်းနှင့် အောင်ဆုပန်ကျောင်းတိုက်မှ စစ်ဘေးရှောင် ကျောင်းသား ကျောင်းသူ ၆၆ ဦးအတွက် ငွေကျပ် သုံးသိန်းတို့ကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဓနိဖက်များဈေးကျပြီး အလုပ်သမားရှားပါးသဖြင့် ဓနိခြံပိုင်ရှင်များ အမြတ်အစွန်းနည်းပါး

**ချောင်းဆုံ ဇန်နဝါရီ ၄**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ယခုနှစ်အတွင်း ဓနိဖက်ရောင်းဈေးများ ကျဆင်းလာသည့်အပြင် ဖက်ခုတ်သည့် အလုပ်သမား နည်းပါးလာခြင်းကြောင့် ဓနိခြံပိုင်ရှင်များအနေဖြင့် ယခင်နှစ်ကထက် ဝင်ငွေအမြတ်အစွန်း နည်းပါးလာလျက်ရှိကြောင်း ချောင်းဆုံမြို့နယ် ကွမ်းသဲကျေးရွာရှိ ဓနိခြံပိုင်ရှင်များထံမှ သိရသည်။

ဓနိဖက်များကို ယခင်က နေအိမ်များမိုးရာတွင် အသုံးများသော်လည်း ယခုအခါ ဓနိဖက်အစား ကြာရှည်ခံသွပ်များကို အစားထိုးသုံးလာသည့်အတွက် ရောင်းအားကျဆင်းကာ နွေရာသီတွင်ပင် ဓနိဖက်များ ဈေးကျနေခြင်းဖြစ်ကြောင်း၊ ဓနိဖက်များကို ရောင်းချရာတွင် ယခင်နှစ်က ထိုးပြီးသား ဓနိဖက်ဆယ်ပျစ်တစ်စည်းကို ၃၅၀ ကျပ်ခန့် ရောင်းချရပြီး ယခုနှစ်တွင် ၂၆၀ ကျပ်ခန့်ဖြင့်သာ ရောင်းချနေရကာ ဓနိဖက်ခုတ် အလုပ်သမားများလည်း ရှားပါးလာသည့်အတွက် ဓနိခြံပိုင်ရှင်များအနေဖြင့် အမြတ်အစွန်းနည်းလာခြင်းဖြစ်ကြောင်း ဓနိဖက်ခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်မတင်ဝင်းက ပြောသည်။

"ဓနိခြံရှင်တွေကတော့ ကိုယ်တိုင်လုပ်တာတွေရှိသလို လူငှားပြီးလုပ်ကိုင်တာတွေလည်းရှိတယ်။ ဖက်ပေါ် (မထိုးခင် ဓနိဖက်) ခုတ်သမားကလဲမရှိတော့ ကိုယ်တိုင်လုပ်နေရတယ်။ ဖက်ပေါ်သမားတွေကိုတော့ တစ်ပေါ် ၈၀၀ ကျပ်ပေးပြီး ဟသ်ာကျွန်းမှာ သွားခုတ်ရတယ်။ ခြံရှင်တွေကလည်း ကျွန်းကခုတ်လို့ရလာတာတွေကို ဒိုင်တွေပေးတာရှိသလို ကိုယ်တိုင်ဖက်ထိုးသမားငှားပြီး ထိုးရတာလည်းရှိတယ်။ ဒီနှစ်ဈေးနဲ့ဆိုတော့ အရင်က ထိုးပြီးဖက် အစည်းတစ်ထောင်မှာ ငွေ ၃၀၀၀၀ ကျပ်ရတယ်။ ခုတော့ တစ်ထောင်မှာ ၂၆၀၀၀ ကျပ်သာရတော့ ခြံရှင်တွေအနေနဲ့ အလုပ်သမားခတွေနုတ်လိုက်ရင် သုံးပုံတစ်ပုံပဲရတယ်"ဟု ၎င်းက ဆက်ပြောသည်။

ဓနိဖက်ခုတ် အလုပ်သမားတစ်ဦးကမူ ချောင်းဆုံမြို့နယ်ဒေသတွင် လူငယ်များ နိုင်ငံခြားထွက် အလုပ်လုပ်မှုများလာသဖြင့် ဒေသတွင်း၌အလုပ်သမား နည်းလာသောကြောင့် ခြံရှင်များက ဈေးပိုပေးလာရပြီး အလုပ်သမားများအနေဖြင့် လုပ်ခပိုမိုရရှိလာပြီး အဆင်ပြေလာကြောင်း ပြောသည်။

ဓနိဖက်များကို ရောင်းချရာတွင် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ တိုက်ရိုက်လာရောက်ဝယ်သူများ၊ ပြန်လည်ရောင်းချရန် ဝယ်ယူသည့် အရောင်းဆိုင်များရှိသည့်အပြင် မွန်ပြည်နယ်အတွင်းရှိ မုဒုံမြို့နယ်၊ ရေးမြို့နယ်နှင့် ပေါင်မြို့နယ်အတွင်း ကျေးရွာများမှလည်း ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ထူးအိမ်(ချောင်းဆုံ)**



# စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်းများ ဖွင့်လှစ်

**ကွတ်ခိုင် ဇန်နဝါရီ ၄**
ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်း အမှတ်စဉ် (၄/၂၀၁၇)ကို ဇန်နဝါရီ ၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ကွတ်ခိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ကာ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်းရှိ လူငယ်များ၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူပြုမည့် အတတ်ပညာများရရှိစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ သင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နယ်စပ်ဒေသမှ လူငယ်များအား စက်ပြင်ပညာရပ်များ၊ လျှပ်စစ်နှင့် ဂဟေပညာရပ်များ သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနဆိုင်ရာများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ဆောင်ရွက်ပေးခြင်းဖြင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ရည်ရွယ်ချက်အတိုင်း နယ်စပ်ဒေသများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

# လစဉ်ပုံမှန်ကာကွယ်ဆေးများ အခမဲ့တိုက်ကျွေးထိုးနှံပေး

**နေပြည်တော် ဇန်နဝါရီ ၄**
မိခင်ကျန်းမာရေးမြှင့်တင်ရေး၊ ငါးနှစ်အောက်ကလေး သေဆုံးမှုကျဆင်းရေးနှင့် ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရေး ရည်ရွယ်၍ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အမှတ်(၂/၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မွေးကင်းစမှ ငါးနှစ်အထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးများကို ဇန်နဝါရီ ၂ ရက်က တိုက်ကျွေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးခြင်းကို ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် ကျေးလက်ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးအေးဝင်းနှင့် ကျန်မာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ကလေးငယ်များအတွက် ဝက်သက်၊ ပိုလီယို၊ penta ငါးမျိုးစပ်၊ ဦးနှောက်တီဘီ၊ ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေးအသစ်(PCV) စသည့် ကာကွယ်ဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိဘများအား ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ ကာကွယ်နိုင်သည့် ရောဂါများအကြောင်းနှင့် အကျိုးကျေးဇူးရရှိပုံများကို ဆရာမ ဒေါ်အေးအေးဝင်းက အသိပညာပေး ဟောပြောမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဘက်စုံသားဖွားသင်တန်းဆင်းများအား ဒီပလိုမာအောင်လက်မှတ်များ အပ်နှင်း

**လွိုင်ကော် ဇန်နဝါရီ ၄**
သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လွိုင်ကော်)၌ ဖွင့်လှစ်ခဲ့သည့် တတိယအကြိမ် ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်း တက်ရောက်ခဲ့ပြီးသူများအား အောင်လက်မှတ်အပ်နှင်းပေးအပ်ပွဲကို လွိုင်ကော်မြို့ရှိ မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုစကားပြောကြားပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(လွိုင်ကော်)မှ ကျောင်းအုပ်ကြီး ဒေါ်နီနီဝင်းက အမှာစကားပြောကြားကာ ဘက်စုံသားဖွားဒီပလိုမာ အောင်လက်မှတ်များကို သင်တန်းသူ ၄၇ ဦးထံ အပ်နှင်းခဲ့သည်။

သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လွိုင်ကော်) ကို စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၃ ခုနှစ် ဇူလိုင် ၁ ရက်မှ အစပြုဖွင့်လှစ်ခဲ့သည့် သင်တန်းအပတ်စဉ်(၁)မှ ယနေ့အပတ်စဉ်(၂၁)အထိ သူနာပြုနှင့်သားဖွားဒီပလိုမာသင်တန်းမှ အောင်လက်မှတ်ရရှိသူပေါင်း ၉၈၁ ဦးနှင့် ဘက်စုံသားဖွားဒီပလိုမာ အောင်လက်မှတ်ရရှိသူပေါင်း ၄၈၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဒီပလိုမာ အပ်နှင်းပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သူနာပြုနှင့်သားဖွား သင်တန်းကျောင်း(လွိုင်ကော်)သို့ သွားရောက်ပြီး ကျောင်းအတွက်လိုအပ်နေသော သောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် ကျောင်းဝင်းအတွင်း လမ်းများပြုပြင်ဆောင်ရွက်ပေးနိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ညောင်ဦး ဇန်နဝါရီ ၄**
ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများကို ကိုယ်တိုင်မောင်းနှင်အသုံးပြုတတ်စေရန်နှင့် ပြုပြင်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ချက်ဖြင့် ညောင်ဦးခရိုင် စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးကာ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ကို ညောင်ဦးခရိုင် စက်မှုလယ်ယာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ခင်က အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ထင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် သင်တန်းမှ ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ လယ်ယာသုံးစက်ကိရိယာများကို စိတ်ပါဝင်စားသည့် တောင်သူသင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်မှ ၁၃ ရက်အထိ ၁၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ကျေးဇူးရှင်ကိုပြစ်မှားခြင်း

**သိပ္ပံစာရေးဆရာကိုကိုအောင်**

လူသားတို့နှင့်တကွ ဇီဝမျိုးစုံမျိုးကွဲများစွာတို့ မှီတင်းနေထိုင်လျက်ရှိနေသော ဤမြေကမ္ဘာကြီးသည် တစ်ချိန်က အလွန်ပင်စိမ်းလန်းစိုပြည်သော ဂြိုဟ်ကြီးတစ်လုံး ဖြစ်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ ကျော် ကာလအထိ ကမ္ဘာ့ကုန်းမြေ၏ ၃၀ ရာခိုင်နှုန်းကျော်ကို သစ်ပင်သစ်တောများက ဖုံးလွှမ်းထားခဲ့သည်။ ထိုစဉ်ကာလများက ဂေဟစနစ်အလွန်ကောင်းမွန်ခဲ့မှုကြောင့် သဘာဝပတ်ဝန်းကျင်၏အခြေအနေများ မပျက်စီး မယိုယွင်းခဲ့သေးသလို ရာသီဥတုကလည်း မျှတကောင်းမွန်ကာ မိုးလေဝသအခြေအနေများကလည်း ကစဉ့်ကလျား မဖြစ်ခဲ့သေးပေ။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ ခန့်ကာလမှစ၍ ကမ္ဘာ့လူသားတို့က စိုက်ပျိုးရေးလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ကြသည်။ ထွန်ယက်စိုက်ပျိုးနိုင်သော ကောက်ပဲသီးနှံစိုက်ခင်းများကို ဖန်တီးရယူနိုင်ရန်အတွက် သစ်ပင်သစ်တောများကို ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။ လူနေမြို့ရွာများကို တိုးချဲ့ခဲ့ကြသည်။ စပါးကျီကြီးများကို တည်ဆောက်ခဲ့ကြသည်။ သဘာဝအလျောက် ဖြစ်တည်စီးဆင်းနေသော မြစ်ငယ်ချောင်းငယ်များကို ဟန့်တားခုခံကာ အလိုရှိရာဆီသို့ မြစ်ရေချောင်းရေများကို သွယ်တန်းရယူခဲ့ကြသည်။ သဘာဝအတိုင်းပေါက်ရောက်နေကြသော သစ်ပင်သစ်တောများကို စတင်ဖျက်ဆီးခဲ့ကြပြီး သဘာဝအလျောက်စီးဆင်းနေသော မြစ်ချောင်းများကို ဟန့်တားခုခံကာ လမ်းလွှဲခဲ့ကြသည့်အတွက် ထိုအချိန်ကာလမှစ၍ ဇီဝမျိုးစုံမျိုးကွဲတို့၏ ဂေဟစနစ် စတင်ပျက်ယွင်းကာ သဘာဝပတ်ဝန်းကျင်ကြီးလည်း စတင်ပျက်စီးခဲ့ရတော့သည်။

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကြီး ထိခိုက်ပျက်စီးမှုနှင့် ဂေဟစနစ်များ ပျက်ယွင်းမှုတို့သည် ကမ္ဘာ့လူဦးရေတိုးပွားလာမှု၊ လောကီအတတ်ပညာများ တိုးတက်ထွန်းကားလာမှုတို့နှင့်အတူ တစ်စတစ်စ ကြီးမားကျယ်ပြန့်လာခဲ့ရာမှ ရာစုနှစ်ကာလများကို စတင်ရေတွက်ချိန်တွင်မူ သိသာစွာအရှိန်ရလာခဲ့သည်။ နယ်မြေသစ်စွန့်စားရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်စ်က အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သော ၁၅၀၂ ခုနှစ်နောက်ပိုင်းတွင် ဥရောပတိုက်နှင့် အမေရိကတိုက်တို့အကြား ကူးသန်းသွားလာမှုနှင့် ကူးလူးဆက်ဆံမှုများ တိုးမြင့်လာခဲ့ရာ သဘာဝပတ်ဝန်းကျင်ကြီးလည်း ပို၍ယိုယွင်းလာခဲ့တော့သည်။

၁၈ ရာစု၏ စက်မှုတော်လှန်ရေးကာလ နောက်ပိုင်းအရောက်တွင်မူ ဂေဟစနစ်ပျက်ယွင်းမှုက ကြောက်ခမန်းလိလိဖြစ်လာပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကလည်း စိုးရိမ်ဖွယ်ဖြစ်လာခဲ့သည်။ တတိယထောင်စုနှစ်အရောက်တွင်မူ ကမ္ဘာ့လူဦးရေက နှစ်စဉ်သန်း ၈၀ နှုန်းဖြင့်အရှိန်မြှင့်ကာ တိုးပွားလာခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၇၀၀၀ ပြည့်သွားခဲ့သည်။ ၁၉၀၀ ပြည့်နှစ်က လူဦးရေသန်းပေါင်း ၁၆၀၀ သာရှိခဲ့သော ဤမြေကမ္ဘာကြီးသည် နှစ်ပေါင်း ၁၁၀ ကျော်အတွင်း ထပ်မံတိုးပွားလာသော လူဦးရေသန်းပေါင်း ၅၄၀၀ ကျော်နှင့်အတူ စုစုပေါင်းလူဦးရေသန်းပေါင်း ၇၀၀၀ ကျော်တို့၏ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းရွက်ထားနေရပြီဖြစ်သည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းကြောင့် သက်ဆိုင်ရာနိုင်ငံအသီးသီးတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မြှင့်ကာ လုပ်ဆောင်နေကြရလျက်ရှိသည်။ ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြရသည်နှင့်အမျှ ဂေဟစနစ်ကိုလည်း ပျက်စီးယိုယွင်းစေကာ သဘာဝပတ်ဝန်းကျင်ကြီးကိုလည်း ထိခိုက်ပျက်စီးစေလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု လုံးဝမဖြစ်စေလိုပါက ဒေသဖွံ့ဖြိုးရေးဆိုသည်မှာလည်း ဖြစ်လာနိုင်ဖွယ်မရှိပေ။ သို့ရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ကြရာ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးကိုမူ ရှေးရှုဦးတည်ကြရမည်ဖြစ်သည်။

ဒေသတစ်ခု၊ သို့တည်းမဟုတ် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာ၌ အင်ဂျင်နီယာပညာရပ်များက အဓိကအခန်းကဏ္ဍ၌ ရှိနေကြသည်။ အင်ဂျင်နီယာပညာရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို အသုံးချပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးရှိအောင် ဆောင်ရွက်ကြရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေကြသည့်၊ ဆောင်ရွက်ကြရမည့် အင်ဂျင်နီယာပညာရှင်များသည် သဘာဝပတ်ဝန်းကျင်ကြီး မထိခိုက်မပျက်စီးစေရေးကို ရှေ့တန်းတင်ဦးစားပေးကာ စဉ်းစားလုပ်ဆောင်ကြရမည်ဖြစ်သည်။

ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည့်အခါ လုပ်ငန်းပြီးမြောက်ရေးကိုသာ အဓိကထားပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ထည့်သွင်းစဉ်းစားခြင်းမပြုသော လုပ်ရပ်အများအပြားကို တွေ့မြင်နေကြရသည်။ ထိုသို့သော လုပ်ရပ်အများအပြားထဲ၌ သစ်ပင်များကို အလွယ်တကူ ခုတ်လှဲဖြိုဖျက်နေခြင်းများက အဓိက ပါဝင်လျက် ရှိနေသည်။ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ကြရာတွင် ရှင်သန်ပေါက်ရောက်နေကြသော သစ်ပင်များကို လွယ်လင့်တကူ ခုတ်လှဲဖျက်ဆီးနေကြခြင်းများမှာ သစ်ပင်၏တန်ဖိုးကို မသိ၍လော၊ သို့တည်းမဟုတ် သစ်ပင်၏တန်ဖိုးကိုသိပါလျက် လုပ်ငန်းများ ချောမွေ့စွာပြီးမြောက်ရေးကိုသာ ရှေ့တန်းတင်ကြခြင်းလောဟူ၍ မေးခွန်းထုတ်စရာဖြစ်နေသည်။

သစ်ပင်တို့၏သဘာဝကိုကြည့်လျှင် မြေဆီသြဇာဟုသုံးနှုန်းနေကြသော မြေကြီးထဲမှ အာဟာရဓာတ်များ တစ်နည်းဆိုရသော် မြေကြီးထဲမှ ဒြပ်စင်များနှင့် ရေတို့ကို အမြစ်မှတစ်ဆင့် စုပ်ယူစားသုံးပြီး ပင်စည်မှတစ်ဆင့် အကိုင်းအခက်များဆီသို့လည်းကောင်း၊ ထိုမှတစ်ဆင့် အရွက်များဆီသို့လည်းကောင်း အဆင့်ဆင့်ပို့ဆောင်ကာ သစ်ရွက်များက နေရောင်ဖြင့် အလင်းဖွဲ့အစာချက်ကာ စွမ်းအင်ကိုရရှိခြင်းဖြင့် ရှင်သန်နေကြခြင်းဖြစ်သည်။

သစ်ပင်တို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်အတွင်း လေထုထဲရှိ အဆိပ်ဓာတ်ငွေ့ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကာ ကာဗွန်အဖြစ်အသွင်ပြောင်းပြီး ပင်စည်ထဲ၌ သိုလှောင်ထားလိုက်ကြသည်။ ထို့ပြင် အမြစ်မှတစ်ဆင့် မြေကြီးထဲ၌လည်း အော်ဂဲနစ်ကာဗွန်အဖြစ် သိုလှောင်ထားကြသည်။ သစ်ပင်တို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်မှ ထွက်ပေါ်လာသော အောက်ဆီဂျင်ဓာတ်ငွေ့များနှင့် ရေငွေ့တို့သည် လေထုထဲသို့ ပျံ့နှံ့ရောက်ရှိသွားကြသည်။

ကမ္ဘာ့မြေပြင်ပေါ်ရှိ သစ်ပင်များသည် တစ်ကမ္ဘာလုံးရှိ အောက်ဆီဂျင်ဓာတ်ငွေ့စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ပင်လယ်၊ သမုဒ္ဒရာများ၏ ရေပြင်ပေါ်နှင့် ရေအောက်ရှိ ရေညှိရေမှော်ပင်များ၊ ရေအောက်အပင်များသည် တစ်ကမ္ဘာလုံးရှိ အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကိုလည်းကောင်း အချိန်နှင့်အမျှ ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။



အရွယ်ရောက်ပြီးသား သစ်ပင်တစ်ပင်သည် ပျမ်းမျှအားဖြင့် လူ ၁၈ ဦးစာအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးနေခြင်းကြောင့် လူတို့အပါအဝင် ဇီဝရုပ်တို့ ရှင်သန်ရပ်တည်ခွင့် ရနေကြသလို သစ်ပင်များက ထုတ်လွှတ်ပေးနေကြသော ရေငွေ့များကြောင့်လည်း ပတ်ဝန်းကျင်၏အပူအအေးမှာ မျှတနေခြင်းဖြစ်သည်။ ပဲ၊ ပြောင်း၊ နှမ်းစသော ရာသီအလိုက်စိုက်ပျိုးကြရသည့် အပင်ငယ်ကလေးများသည်ပင်လျှင် ရာသီခွင်တစ်ခွင်အတွင်း၌ လေထုထဲသို့ ရေငွေ့လီတာပေါင်း ၂၀၀ ခန့်ကို ထုတ်လွှတ်ပေးနိုင်ကြသည်။

သိပ္ပံဆိုင်ရာ သုတေသနပြုထားချက်များအရ သစ်ပင်ပေါင်း သန်း ၅၀ ကို သိပ္ပံနည်းကျ စနစ်တကျတွက်ချက်ပြီး အကွက်ကျကျ စိုက်ပျိုးထားမည်ဆိုပါက ကြီးထွားအရွယ်ရောက်လာချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက် မက်ထရစ်တန်ပေါင်း ၄ ဒသမ ၅ သန်းကို နေ့စဉ် စုပ်ယူသိုလှောင်ပေးထားနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် သစ်ပင်တို့၏ အဖိုးအနဂ္ဃထိုက်တန်မှုကို ဆင်ခြင်သိရှိနိုင်မည်ဖြစ်သည်။

သတ္တလောကကိုကြည့်လျှင် လူတို့အပါအဝင် သက်ရှိသတ္တဝါတို့၏ ၉၀ ရာခိုင်နှုန်းမှာ သစ်ပင်များပေါ်၌လည်းကောင်း၊ သစ်ပင်တို့၏ အနီးအနား၌လည်းကောင်း၊ သစ်ပင်တို့၏ အမြစ်ပတ်ဝန်းကျင်၌လည်းကောင်း ရှင်သန်နေထိုင်လျက်ရှိနေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။ သိပ္ပံပညာရှင်တို့သည် ပီရူးနိုင်ငံ၏ သစ်တောတစ်ခုအတွင်း၌ သက်တမ်းရင့်အပင်ကြီး တစ်ပင်တည်းကို အမှီသဟဲပြုကာ ရှင်သန်နေကြသော ပုရွက်ဆိတ်မျိုးစိတ်ပေါင်း ၄၃ မျိုးကို ရှာဖွေတွေ့ရှိဖော်ထုတ်ခဲ့ကြသည်။ တစ်နည်းအားဖြင့် သတ္တဝါတို့၏ရှင်သန်ရပ်တည်မှုအတွက် သစ်ပင်တို့က မည်မျှ အရေးပါအရာရောက်သည်ကို မီးမောင်းထိုးပြခဲ့ကြခြင်းလည်း ဖြစ်သည်။

သစ်ပင်တို့သည် နှစ်လတ်ပင်၊ နှစ်ရှည်ပင်စသော အမျိုးအစားအလိုက်အားဖြင့်လည်းကောင်း၊ အပင်၏ သက်တမ်းအလိုက်အားဖြင့်လည်းကောင်း အနီးပတ်ဝန်းကျင်ရှိ မြေသားထုကို ပေပေါင်းရာနှင့်ချီ၍ ကျစ်လျစ်နေအောင် ကုပ်ယူထိန်းထားပေးကြခြင်းအားဖြင့်လည်း မြေပြိုမှုမဖြစ်အောင် ကာကွယ်ပေးထားလျက်ရှိသည်။ ထို့ကြောင့်ပင် သစ်ပင်ကြီးတစ်ပင်ကို အမြစ်ပါလှန်၍ ခုတ်လှဲဖြိုဖျက်ပစ်လိုက်ခြင်းသည် မြေပြိုမှုဖြစ်ပွားအောင် ဖိတ်ခေါ်လိုက်ခြင်းလည်းဖြစ်သည်။

သစ်ပင်များကို ခုတ်လှဲဖြိုဖျက်ရာ၌ပင် အမြစ်နှင့် အပင်ရင်းကိုချန်၍ ခုတ်လှဲခြင်းနှင့် အမြစ်ကိုပါ မြေလှန်ဖျက်ဆီးပစ်လိုက်ခြင်းတို့မှာ အကျိုးသက်ရောက်ပုံခြင်း မတူညီကြပေ။ အမြစ်နှင့် ပင်စည်အရင်းပိုင်းကိုချန်၍ ခုတ်လှဲပါက ပင်စည်ထဲ၌သိုလှောင်ထားသော ကာဗွန်များကသာလျှင် ကာဗွန်ဒိုင်အောက်ဆိုက်အဖြစ် လေထုထဲသို့ ရောက်ရှိနိုင်ပြီး အကယ်၍ မြေကိုတူး၍ အမြစ်ကိုပါဖယ်ရှားလိုက်မည်ဆိုပါကမူ အမြစ်မှတစ်ဆင့် မြေကြီးထဲ၌သိုလှောင်ထားသော ကာဗွန်များကပါ ကာဗွန်ဒိုင်အောက်ဆိုက်အဖြစ် လေထုထဲသို့ ပြန်လည်ရောက်ရှိသွားလိမ့်မည် ဖြစ်သည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သစ်ထုတ်လုပ်ခွင့်ပြုသည့်အခါ အပင်ရင်း သုံးပေအမြင့်အထိကို မဖျက်ဆီးဘဲ ချန်ထားစေခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌မူ တရားဝင်သစ်ထုတ်ခွင့်ရသည်ဖြစ်စေ၊ တရားမဝင် သစ်ခိုးထုတ်သည်ဖြစ်စေ စီးပွားရေးသမားတို့၏ လောဘဇောဖြင့် သက်တမ်းရင့်အပင်ကြီးများ၏ အမြစ်ကိုပါတူး၍ မြေလှန်ဖျက်ဆီးသွားလေ့ရှိသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေကြရသည်။

သစ်ပင်ခုတ်လှဲဖြိုဖျက်ခြင်းကြောင့် ရရှိလာသော ဆိုးကျိုးဖြစ်စေမှုတစ်ခုအနေဖြင့် ဟေတီနိုင်ငံကို နမူနာယူသင့်ကြသည်။ ဟေတီနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က လယ်ယာစိုက်ခင်းများဖော်ထုတ်ရန်ဟူသော အကြောင်းပြချက်ဖြင့် သစ်ပင်သစ်တော ဧရိယာအများအပြားကို ခုတ်လှဲဖြိုဖျက်ကာ သစ်ထုတ်ခွင့်ပြုခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း အပေါ်ယံမြေဆီလွှာ ကုဗမီတာ ၉၀၀၀၀ ကျော် တိုက်စားပျက်စီးသွားခဲ့ပြီး စိုက်ပျိုးလုပ်ကိုင်စားသောက်၍မရတော့သော အခြေအနေသို့ ဆိုက်ရောက်သွားကာ အငတ်ဘေးနှင့် အကြီးအကျယ်ကြုံတွေ့ခဲ့ရသည်။ လက်ရှိတွင် ဟေတီသည် ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှု အမြင့်ဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

သစ်ပင်တို့သည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့လည်းဖြစ် အဆိပ်ဓာတ်ငွေ့လည်းဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပြီး အောက်ဆီဂျင်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးနေကြသည့်အတွက် လူတို့အပါအဝင် သက်ရှိများအားလုံး ရှင်သန်နေထိုင်နိုင်ကြခြင်းဖြစ်သည်။ ဤကဲ့သို့ သက်ရှိများ ရှင်သန်နေထိုင်နိုင်ရန်အတွက် သစ်ပင်တို့က သဘာဝအလျောက် နေ့စဉ်စွမ်းဆောင်ပေးနေကြသော လုပ်ငန်းဆောင်တာများအားလုံးကို စက်မှုနှင့် အီလက်ထရွန်နစ်နည်းပညာရပ်များဖြင့် အစားထိုးလုပ်ဆောင်ရမည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။ အကယ်၍ စက်မှုနှင့် အီလက်ထရွန်နစ်နည်းပညာများဖြင့် အစားထိုးလုပ်ဆောင်ခဲ့လျှင်သော်မှ ထိုစက်ကိရိယာများ၏ စွမ်းဆောင်မှုများသည် သဘာဝတရားကြီး၏ လက်ဆောင်မွန်ဖြစ်သော သစ်ပင်တို့၏ စွမ်းဆောင်ရည်အားလုံးကို အမီလိုက်နိုင်လိမ့်မည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် သစ်ပင်တို့သည် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့ကိုထုတ်လွှတ်ပေးသည့် လုပ်ငန်းဆောင်တာတစ်ခုတည်းကိုသာမကဘဲ ကမ္ဘာ့လေထုထဲရှိ ရေငွေ့ပါဝင်မှုနှုန်းကို အမြဲမပြတ် ချိန်ညှိပေးနေခြင်း၊ ရေသံသရာလည်ခြင်းဖြစ်စဉ်ကို အဓိက အထောက်အပံ့ပြုနေခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းပေးထားခြင်း၊ ကမ္ဘာ့မြေမျက်နှာပြင်နှင့် လေထု၏အပူချိန်ကို အမြဲမပြတ် ချိန်ညှိပေးနေခြင်း၊ သက်ရှိအားလုံးတို့၏ ဇီဝယန္တရားလည်ပတ်မှုအတွက် အစာကွင်းဆက်ဖြစ်စဉ်၏ အခြေခံအကျဆုံးအဆင့်မှ အကျိုးပြုနေခြင်း၊ လူနှင့်တိရစ္ဆာန်တို့ သက်ရှည်ကျန်းမာရေးအတွက် ဖော်စပ်စားသုံးရသော ဘယဆေးများကို အလျှဉ်မပြတ်ထုတ်လုပ်ပေးနေခြင်း စသော တန်ဖိုးဖြတ်၍မရနိုင်သည့် စွမ်းဆောင်ချက်များကိုပါ တစ်ပြိုင်တည်း လုပ်ဆောင်ပေးနေကြသောကြောင့်ဖြစ်သည်။

သစ်ပင်၏တန်ဖိုးကို သိလည်းသိပြီး အလေးလည်းထားကာ သစ်ပင်များမပျက်စီးစေရေးအတွက် လုပ်ဆောင်နေကြသော အတုယူဖွယ်လုပ်ရပ်တချို့ကိုလည်း လေ့လာသင့်ကြသည်။ အနောက်ဥရောပရှိ ဂျာမနီနိုင်ငံ စတူးဂတ်မြို့တွင် အရိပ်ရသစ်ပင်မှန်သမျှကို မည်သည့်အကြောင်းပြချက်နှင့်မျှ ခုတ်လှဲဖြိုဖျက်ခြင်းမပြုရန် ဥပဒေဖြင့် တားမြစ်ထားပြီး ဖောက်ဖျက်ပါက ထောင်ဒဏ်အထိ အပြစ်ပေးခြင်း၊ အာရှထိပ်သီး ဂျပန်နိုင်ငံ၌ နာဂိုယာမြို့အနီးရှိ အသစ်ဖော်ထုတ်ထားသော မြေယာစီမံကိန်းတွင် သစ်ပင်များကို မဖြစ်မနေစိုက်ပျိုးရန် အမိန့်ထုတ်ပြန်ထားခြင်း၊ အာဆီယံနိုင်ငံတစ်ခုဖြစ်သော ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တော် ဧရိယာစုစုပေါင်း အကျယ်အဝန်း၏ ၇၀ ရာခိုင်နှုန်းကို သစ်ပင်စိုက်ပျိုးရန်နှင့် ရေသိုလှောင်ကန်ကြီးများတည်ဆောက်ရန် နှစ်ရှည်စီမံကိန်း ချမှတ်လုပ်ဆောင်နေခြင်းများသည် သက်ရှိလောကအတွက် သစ်ပင်၏အဖိုးတန်မှု ပြယုဂ်များပင် ဖြစ်ကြသည်။

လူတို့နှင့်တကွ သက်ရှိလောကတစ်ရပ်လုံးသည် သစ်ပင်များမရှိတော့လျှင် ကမ္ဘာမြေပေါ်မှ ထာဝရပျောက်ကွယ်သွားကြမည်သာ ဖြစ်သောကြောင့် မြို့ပြဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ၊ လမ်းဖောက်လုပ်ခဲ့ထွင်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် စီမံကိန်းဧရိယာအတွင်း၌ရှိနေသော သစ်ပင်များအား ခုတ်လှဲဖြိုဖျက်ခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သစ်ပင်များကို ခုတ်လှဲဖြိုဖျက်ပစ်လိုက်ခြင်းသည် ကျေးဇူးရှင်ကို ပြစ်မှားစော်ကားလိုက်ခြင်းနှင့် အတူတူ ဖြစ်သောကြောင့်ပင်...။ ။

**သက်ရှိများ ရှင်သန်နေထိုင်နိုင်ရန်အတွက် သစ်ပင်တို့က သဘာဝအလျောက် နေ့စဉ်စွမ်းဆောင်ပေးနေကြသော လုပ်ငန်းဆောင်တာများအားလုံးကို စက်မှုနှင့် အီလက်ထရွန်နစ်နည်းပညာရပ်များဖြင့် အစားထိုးလုပ်ဆောင်ရမည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။ အကယ်၍ စက်မှုနှင့် အီလက်ထရွန်နစ်နည်းပညာများဖြင့် အစားထိုးလုပ်ဆောင်ခဲ့လျှင်သော်မှ ထိုစက်ကိရိယာများ၏ စွမ်းဆောင်မှုများသည် သဘာဝတရားကြီး၏ လက်ဆောင်မွန် ဖြစ်သော သစ်ပင်တို့၏ စွမ်းဆောင်ရည်အားလုံးကို အမီလိုက်နိုင်လိမ့်မည်မဟုတ်ပေ။**

# နှစ်သစ်ကူးကာလအတွင်း ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူများပြား

**ရိခေါဒါရ် ဇန်နဝါရီ ၃**
ချင်းပြည်နယ်၏ အလှကိုတန်ဆာဆင်ပေးသည့် အထင်ကရနေရာတစ်ခုနှင့် ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေအမြင့်တွင် သဘာဝအတိုင်းဖြစ်ပေါ်ပြီး ပြည်နယ်၏ ဂုဏ်ဆောင်တစ်ခုဖြစ်သည့် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်သို့ ခရစ္စမတ်နှင့်နှစ်သစ်ကူးကာလအတွင်း ပြည်တွင်းပြည်ပမှ ခရီးသွားပြည်သူများ၊ လေ့လာရေးခရီးဖြင့် လာရောက်လည်ပတ်သည့် ဧည့်သည်များအတွက် အမှတ်တရမှတ်တမ်းရိုက်ယူနိုင်ရန် ရိဒ်ရေကန်ရှုခင်းသာ (RihView point)ကို ပြုလုပ်တည်ဆောက်ထားပေးခြင်းကြောင့် အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

ရိဒ်ရေကန်သည် ပတ်လည်အကျယ် ၂ ဒသမ ၅ မိုင်ခန့်ရှိပြီး ကန်ရေအနက် ပေ ၄၀ မှ ပေ ၅၀ ခန့်ရှိ၍ နှစ်စဉ် ဒီဇင်ဘာလနှောင်းပိုင်းတွင် ကန်ရေတစ်ခုလုံး နောက်ကျိလေ့ရှိပြီး ရိဒ်ရေကန်၏ ပေ ၃၀ ပတ်လည်သာရှိသော နေရာ၌သာ ရေချိုးဆိပ်တစ်နေရာရှိရာ အခြားသော ကမ်းစပ်များသည် ရှုံ့ဗွက်များဖြင့် ပြည့်နှက်ဝန်းရံထားသဖြင့် လူနှင့်တိရစ္ဆာန်များအတွက် အလွန်အန္တရာယ်များကြောင်း သိရသည်။

ထို့ကြောင့် ရေချိုးဆိပ်၌သာ ခရီးသွားပြည်သူများက မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသော်လည်း ယင်းနေရာတွင် ရေကန်၏ သဘာဝအလှအသည်း နှလုံးပုံသဏ္ဌာန်ပေါ်လွင်ခြင်းမရှိပေ။ ရိဒ်ရေကန်၏ အသည်းနှလုံးပုံသဏ္ဌာန် ထင်ရှားပေါ်လွင်သည့် မြို့တွင်းရှိ တောင်ကုန်းတစ်နေရာအား ရိဒ်ရေကန် ရှုခင်းသာအဖြစ် ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်း၍ စီစဉ်ဆောင်ရွက်ခဲ့ရာရိ-ဘွန်နဲလ်ကုမ္ပဏီ ၏ တာဝန်ယူမှုဖြင့် ရိဒ်ရေကန်ရှုခင်းသာကို ရာနှုန်းပြည့် အကောင်အထည်ဖော် ပြုလုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

"ရိဒ်ရေကန်ရဲ့ ရေချိုးဆိပ်ဘေးပတ်ဝန်းကျင်မှာ ခရီးသွားပြည်သူတွေအဖို့ နေထိုင်စားသောက်ရေး၊ ညအိပ်တည်းခိုနိုင်ရေးအတွက် ရိဒ်ကန်သာစားသောက်ဆိုင်နဲ့ ဟိုတယ်တွေ ဖွင့်လှစ်ထားပါတယ်။ ဒါ့အပြင် ရိဒ်ပြည်ထောင်စုရိပ်သာတစ်ခုရှိပြီး အဲဒီရိပ်သာမှာလည်း ခရီးသွားပြည်သူ ၂၀ လောက် ညအိပ်တည်းခိုနိုင်ပါတယ်။ အခုအခါမှာတော့ ရိဒ်ရေကန်လေ့လာရေးခရီးစဉ်နဲ့ရောက်ရှိလာတဲ့ အများပြည်သူတွေအတွက် နေထိုင်စားသောက်တည်းခိုရေး၊ ရေကန်ရဲ့ သဘာဝအလှနဲ့အတူ အမှတ်တရမှတ်တမ်း ဓာတ်ပုံရိုက်ကူးရေးပါ အဆင်ပြေလို့ ပြည်တွင်းပြည်ပမှ ခရီးသွားပုဂ္ဂိုလ်တွေ အရင်နှစ်တွေထက် ပိုပြီးအဆင်ပြေ ချောမွေ့လာတာကို တွေ့မြင်ရပါတယ်" ဟု ဒေသခံဦးပက်ကာက ပြောသည်။

ရိဒ်ရေကန်ကို ပြည်မမန္တလေးမှ ဟားခါး- ဖလမ်း- ရိခေါဒါရ် ကားလမ်းအတိုင်းသော်လည်းကောင်း၊ မန္တလေးမှ ကလေး- တီးတိန်- ရိခေါဒါရ်ကားလမ်းအတိုင်းသော်လည်းကောင်း သွားလာနိုင်ပြီး ယခုအခါတွင် ချင်းတောင်ပြေးဆွဲသည့်ဂျစ်ကားများသာမက ဇိမ်ခံကားလေးများပါသွားလာနိုင်သဖြင့် ရိဒ်ရေကန်အရောက်သွားရန် မခက်ခဲတော့ဘဲ လာရောက်လည်ပတ်သူများသည် ညအိပ်၍ လာရောက်လည်ပတ်သူများရှိပြီး နေ့ချင်းပြန်ခရီးဖြင့်လည်း လာရောက်ကြကြောင်း သိရသည်။

ရိဒ်ရေကန်အနီးအနားရှိ တည်းခိုခန်းများ၌ ညအိပ်ဧည့်သည်များ ပြည့်နှက်နေချိန်တွင် ရိခေါဒါရ်မြို့တွင်းရှိ လူနေအိမ်များ၌ပါ တည်းခိုကြကာ ရိဒ်ရေကန် အနီးအနားတစ်ဝိုက်တွင် လူစည်ကားလျက်ရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# တရားမဝင် သစ်မျိုးစုံ ၄၄ တန်ခန့် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ

**ပေါက် ဇန်နဝါရီ ၄**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် လက်ပံတိုကျေးရွာအနီး နေရာနှစ်နေရာမှ တရားမဝင် ထုတ်လုပ်ထားသော ကျွန်းသစ်အပါအဝင် သစ်မျိုးစုံ ၄၄ တန်ခန့်ကို ဇန်နဝါရီ ၂ ရက်က ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပခုက္ကူခရိုင် အကူတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကျော်ကျော်စိုး၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်မျိုးလွင်၊ ပေါက်မြို့နယ် သစ်တောဦးစီးမှူး ဦးငြိမ်းချမ်း၊ မြိုင်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဝင်းနိုင်ဦး၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအရာခံ ကံပေါ်နှင့် လက်ပံတိုရဲကင်းစခန်းမှ ရဲအုပ်ဝင်းနိုင်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က လက်ပံတိုကျေးရွာ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဆည်အနီး၌ သွားရောက်ရှာဖွေရာ အဆိုပါနေရာ၌ တရားမဝင် ထုတ်လုပ်ထားသော ပိတောက်ခွဲသား ၃၀၉ ချောင်း(အလေးချိန် တန် ၃၀ ခန့်)ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပေါက်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးငြိမ်းချမ်းနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက လက်ပံတိုကျေးရွာ ပတ်ဝန်းကျင်၌ ဆက်လက်ဖမ်းဆီးရှာဖွေရာ ကျေးရွာအနောက်မြောက်ဘက် နှစ်မိုင်ခန့် အကွာ ဆည်အနီး၌ တရားမဝင် ကျွန်းသစ်ခွဲသား အချောင်း ၂၀(အလေးချိန် နှစ်တန်ခန့်)နှင့် ပျဉ်းကတိုးနှင့် အင်ကြင်းသစ်ခွဲသားများ(အလေးချိန် ၁၂ တန်ခန့်)ကို ပိုင်ရှင်မဲ့ ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်းသစ်မျိုးစုံ အလေးချိန် ၄၄ တန်ခန့်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ဓာတ်ကြိုးကိုဖယ်ရှားသည့် ကျောက်သယ်ယာဉ်လုပ်သားတစ်ဦး ဓာတ်လိုက်

**မလှိုင် ဇန်နဝါရီ ၄**
ကျောက်သယ်ယာဉ်ပေါ်ပါ ကျောက်များကို ဟိုက်ဒရောလစ်ဖြင့် သွန်ချနေစဉ် ဓာတ်ကြိုးနှင့်မလွတ်သဖြင့် တက်ရောက်ဖယ်ရှားသည့် ကျောက်သယ်ယာဉ်လုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံးမှု မလှိုင်မြို့၌ ဒီဇင်ဘာ ၃၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ မလှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်ဆန်းမြိုင်နှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ သူရအောင်(၂၄ နှစ်)ဖြစ်ပြီး ၎င်းလိုက်ပါလာသော လီဖန်းအမျိုးအစား ကျောက်သယ်ယာဉ်ပေါ်မှ ကျောက်များကို ဟိုက်ဒရောလစ်ဖြင့် သွန်ချနေစဉ် ကျေးရွာများဘက်သို့ သွယ်တန်းထားသော အမြင့် ၁၈ ပေခန့်ရှိ ဓာတ်ကြိုးနှင့် ယာဉ်ကိုယ်ထည် လွတ်မည်မထင်သဖြင့် ကားဘော်ဒီအိမ်ပေါ် တက်ရောက်၍ ဓာတ်ကြိုးကို လက်နှင့်တွန်းဖယ်ရာမှ ဓာတ်လိုက်ကာ ကားဘော်ဒီပေါ်မှပြုတ်ကျပြီး နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မလှိုင်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ကျော်ကျော်(မလှိုင်)**

# ကားနောက်ဆုတ်စဉ် ကားနှစ်စီးကြားညပ်၍ လူတစ်ဦးသေဆုံး

**သရက် ဇန်နဝါရီ ၄**
သရက်မြို့နယ် ဆတ်လည်-ပဇင်းနားကားလမ်းဘေး၌ ကားနောက်ဆုတ်စဉ် ကားနှစ်စီးကြား ညပ်မိ၍ လူတစ်ဦးသေဆုံးမှု ဇန်နဝါရီ ၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သတင်းအရ ဆင်ကော်နယ်မြေရဲစခန်းမှ ဒုရဲအုပ်တင်ဝင်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဆတ်လည်-ပဇင်းနားကားလမ်းဘေး မြေသယ်သည့်နေရာတွင် ကျော်စိန်(၅၉ နှစ်) မောင်းနှင်သည့် ယာဉ်ကို နောက်သို့ဆုတ်စဉ် အရှိန်မထိန်းနိုင်ဘဲ နောက်ဘက်ရှိ ရပ်ထားသောယာဉ်ကို မှန်သန့်ရှင်းရေးပြုလုပ်နေသည့် ယာဉ်နောက်လိုက် သီဟဇော်(ခ)ဖိုးသား(၁၉ နှစ်)အား တိုက်မိကာ သီဟဇော်(ခ)ဖိုးသားမှာ ယာဉ်နှစ်စီးကြား ညပ်မိခဲ့သဖြင့် ဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းကျော်စိန်အား ဆင်ကော်နယ်မြေရဲစခန်း၌အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# တရားမဝင်သယ်ဆောင်လာသော တမလန်းသစ်လုံးနှင့် ဓားရွေတုံးများဖမ်းမိ

**ဗန်းမောက် ဇန်နဝါရီ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နားယကာကျေးရွာ၌ တမလန်းသစ်များ တရားမဝင် သယ်ဆောင်လာသည့် ခြောက်ဘီးကားတစ်စီးကို ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ ဇန်နဝါရီ ၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



တမလန်းသစ်များ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှတောအုပ်ကြီးဦးဇော်မင်းနှင့် သစ်တောဝန်ထမ်းများ၊ ဗန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ သက်သေများနှင့်အတူ နားယကာကျေးရွာတောအနီး စောင့်ဆိုင်းနေစဉ် ဖြတ်သန်းမောင်းနှင်သွားသော ခြောက်ဘီးယာဉ်တစ်စီးကိုမသင်္ကာ၍ လိုက်လံကြည့်ရှုရာ အဆိုပါယာဉ်သည် နားယကာကျေးရွာနေ ဦးမောင်မောင်၏ ဆန်စက်ဝင်းအတွင်း ဝင်သွားသဖြင့် လိုက်လံစစ်ဆေးရာမှ အဆိုပါ ခြောက်ဘီးယာဉ်ပေါ်မှတရားမဝင်သယ်ဆောင်လာသော တမလန်းသစ်လုံးခုနစ်လုံး(အလေးချိန် ၂ ဒသမ ၀၉၆ တန်)နှင့် တမလန်းသစ် ဓားရွေတုံး ၂၃ တုံး(အလေးချိန် ၅ ဒသမ ၂၀၃ တန်)တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိရသဖြင့် သစ်ပိုင်ရှင်ကို ဖမ်းမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လူအောင်(ကသာ)**

## မှုခင်းသတင်းတိုများ

### နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မင်းမ(ရှေ့)ကျေးရွာ၌ ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီခန့်က နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ချင်ပြစ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏ သွားရောက်စစ်ဆေးချက်အရ ချစ်ဆန်းမောင်(၄၀ နှစ်)၏နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသဖြင့် ချစ်ဆန်းမောင်အား ချင်ပြစ်နယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုရဲ**

### ဆိုင်ကယ်ချင်းတိုက်မှုကြောင့် လူတစ်ဦးသေဆုံး

မကွေးတိုင်းဒေသကြီး ချောက်မြို့ ရေနံချောင်း-ငွေးချိုကားလမ်းပေါ်၌ ဆိုင်ကယ်တစ်စီးက အရှိန်မထိန်းနိုင်ဘဲ ရှေ့မှဆိုင်ကယ်ကို ဝင်တိုက်၍ လူတစ်ဦးသေဆုံးမှု ဇန်နဝါရီ ၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုသတင်းအရ ငွေးပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ငွေးချိုဘက်မှ ရေနံချောင်းဘက်သို့ ရန်အောင်(၂၇ နှစ်)မောင်းနှင်ပြီး ဖခင်ဖြစ်သူ ဦးသန်းဝင်း(၆၃ နှစ်)လိုက်ပါလာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှသွားနေသော နေလင်းမောင်(၁၈ နှစ်)မောင်းနှင်သည့်ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ရန်အောင်တွင် ဒဏ်ရာများရရှိခဲ့ပြီး ဦးသန်းဝင်းမှာ နေရာတွင်ပင် သေဆုံးသွားသဖြင့် ရန်အောင်အား ငွေးပင်နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### လားရှိုးနှင့် ဘားအံမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက်က လားရှိုးမြို့ရပ်ကွက်(၁၂) နယ်မြေ(၁၉) အဝေရာလမ်း အမှတ်(၅/၁၉/၁၂၄၈) နေ လီမြင်ဟွာ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အိုက်လျန်းအားတွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅ ပြားကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ထို့အတူ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ဘားအံမြို့(၉)ရပ်ကွက်၊ ကြာအင်းမြို့ပတ်လမ်းနေ ဝင်းဇော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄ ပြားကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များနှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းမိသူများအား သက်ဆိုင်ရာ နယ်မြေရဲစခန်းများ၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**ကိုရဲ**

### ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင်တိုက်မိ၍ လူသုံးဦးဒဏ်ရာရ

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ကံပိုင်ရပ်ကွက် အထက(၃)ကျောင်းရှေ့၌ ဇန်နဝါရီ ၁ ရက်က ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်ပေါ်ပါသူ လူသုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ကမ်းဒေးကျေးရွာနေ ကျော်ဝင်းနိုင် မောင်းနှင်လာသော ဆိုင်ကယ်နှင့် ဆသရတပ်တွင်နေထိုင်သူ ရဲနိုင် မောင်းနှင်လာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကာ ဆိုင်ကယ်မောင်းသူနှစ်ဦးနှင့် ကျော်ဝင်းနိုင်၏ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ ဒေါ်ရဲမေစိန်တို့တွင် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းသူနှစ်ဦးအား ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### ပုပ်ပွနေသော လူသေအလောင်းတစ်လောင်းတွေ့ရှိ

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု မီးသွေးတိုက်ကျေးရွာအနီး၌ ပုပ်ပွနေသော လူသေအလောင်းတစ်လောင်းကို ဇန်နဝါရီ ၂ ရက်က တွေ့ရှိသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မီးသွေးတိုက်ကျေးရွာအနီး၌ လူသေအလောင်းတွေ့ရှိကြောင်း သတင်းအရ ကျောင်းကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်အောင်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မီးသွေးတိုက်ကျေးရွာအနီး ရန်ကုန်-ပုသိမ် ကားလမ်းဘေး ချောက်ထဲ၌ သေဆုံးနေခြင်းဖြစ်ပြီး သေဆုံးသူမှာ အုန်းပင်စုရွာနေ စိုးပိုင်(၄၃ နှစ်)ဖြစ်ကာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေခြင်းဖြစ်ကြောင်း တွေ့ရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ကျောင်းကုန်းမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင် းသိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# မဟာအတုလရံသီ ပြည်တော်အေးစေတီတော်ကြီး အုတ်မြစ်တော်စီအခမ်းအနားကျင်းပ

**ခမ်းပါတ် ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့မင်းသမီးကျေးရွာ ရတနာ့ရံသီကျောင်းတိုက် ဇေယျာသီရိကုန်းမြေပေါ်၌ ညာဏ်တော် ၂၇ တောင်ရှိသော မဟာအတုလရံသီ ပြည်တော်အေးစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခမ်းပါတ်မြို့နယ်အုပ်ချုပ်ရေးမှူးက ရတနာအုတ်မြစ်တော်များကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး ရတနာအုတ်မြစ်တော်များကို စေတီတော်ရင်ပြင်တွင် သုံးကြိမ်လှည့်လှည်ပူဇော်ကြကာ တနင်္ဂနွေထောင့်မှစတင်၍ ရတနာအုတ်မြစ်ချ ပူဇော်ခဲ့ကြသည်။ အဆိုပါ မဟာအတုလရံသီ ပြည်တော်အေးစေတီတော်မြတ်ကြီးကို တမူးခရိုင် ဌာနဆိုင်ရာများနှင့် ခရိုင်အတွင်း မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းပြုလုပ်ပေး

**ရေဦး ဇန်နဝါရီ ၄**

ရွှေဘိုခရိုင် ရေဦးမြို့နယ် အနောက်ငါးကျေးရွာအုပ်စု တောင်ပြင်ငယ်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)မှ အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ကျေးရွာမှ အိမ်ထောင်စုစာရင်းမပြုလုပ်ရသေးသည့် အိမ်ထောင်စုများအတွက် အိမ်ထောင်စုလူဦးရေစာရင်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဇန်နဝါရီ ၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ထွေးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦးတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်လဝကရုံး ဝန်ထမ်းများက ကျေးရွာ အထကခွဲမှ ကျောင်းသား ကျောင်းသူ ၃၃၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးခဲ့သည့်အပြင် ကျေးရွာရှိ အိမ်ထောင်စုများအတွက် အိမ်ထောင်စုလူဦးရေစာရင်းများကိုပါ ကွင်းဆင်းပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တောင်ပြင်ငယ်ကျေးရွာသည် ရေဦးမြို့နှင့် မိုင် ၃၀ ခန့်ဝေးပြီး သွားလာရေးမှာ အလွန်ခက်ခဲကာ ဆိုင်ကယ်ဖြင့် သစ်တောကြိုးဝိုင်းကိုဖြတ်၍ လမ်းရှာပြီးသွားရသောဒေသဖြစ်သောကြောင့် ယခုလို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးသည့်တွက် ကျောင်းသား ကျောင်းသူများအတွက် များစွာ အဆင်ပြေစေသဖြင့် ကျောင်းသားမိဘများနှင့် ဆရာ ဆရာမများ၊ ဒေသခံပြည်သူများအနေဖြင့် အထူးဝမ်းမြောက်ကြောင်း တောင်ပြင်ငယ်ကျေးရွာ အထကခွဲမှ ကျောင်းသား မိဘတစ်ဦးက ပြောသည်။

**သန်းထိုက်(ရေဦး)**

# မြိုင်မြို့နယ်အတွင်းဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်း

**မြိုင် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂ ရက်က ပြုလုပ်ခဲ့သည်။

မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်များမှ ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (မူလခွင့်ပြု+မွမ်းမံ)ရန်ပုံငွေများဖြင့် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ကျေးရွာများမှ လုပ်ငန်းအကျိုးတော်ဆောင်များ တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ရှင်းလင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်နှင့် ဦးဝင်းဌေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းစိုးတို့က အမှာစကားပြောကြားပြီး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်မင်းထွန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း (မူလခွင့်ပြု+မွမ်းမံ)ရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီများက ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကာ ဒေသတွင်းကျေးရွာများမှ ကျေးလက်ဖွံ့ဖြိုးရေး အကျိုးတော်ဆောင်များက ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့သည်။ **(၁၃၅)**

# ရွှေလျားဆေးခန်းဖြင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**ဘားအံ ဇန်နဝါရီ ၄**





ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ ဆေးရုံနှင့်အလှမ်းဝေးသော ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ရွှေ့လျားကျန်းမာရေးဆေးခန်းဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂ ရက်က ရေကျော်ကြီးကျေးရွာ၌ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေ့လျားကျန်းမာရေးဆေးခန်းယာဉ်တွင် ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်စန်းရီ၊ ဥက္ကဋ္ဌ ဒေါ်ဇာနီဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရဲဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မိုးအေးနှင့် ကျန်းမာရေးဝန်ထမ်းများ လိုက်ပါကာ ရေကျော်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ရေကျော်ကြီး၊ ရေကျော်လေးနှင့် မန်ကျီးကျွန်းကျေးရွာများမှ သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ အပါအဝင် ဒေသခံပြည်သူ ၁၉၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည့်အပြင် ဒေသခံကိုယ်ဝန်ဆောင်မိခင်များအား ကြက်ဥ၊ အိုင်အိုဒင်းဆား အစရှိသည့် ဖြည့်စွက်အာဟာရများ၊ ကလေးအနှီးပိတ်စများကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့ပေးခဲ့ပြီး မျက်စိဝေဒနာရှင် ၄၀ အား မျက်မှန်များလည်း အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါကျေးရွာများရှိ အသက် ၉၀ နှင့်အထက် သက်ကြီးအဘိုးနှစ်ဦးနှင့် အဘွားနှစ်ဦးတို့ကိုလည်း တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီနှင့် အာဟာရ ဖြည့်စွက်အစားအစာများ ထောက်ပံ့လှူဒါန်းကန်တော့ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်(ပြန်/ဆက်)**

# Emirates လေကြောင်းလိုင်းမှ ၂၀၁၇ ခုနှစ် အထူးအစီအစဉ်ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၄**

ကမ္ဘာ့အကြီးဆုံး နိုင်ငံတကာလေကြောင်းလိုင်းတစ်ခုဖြစ်သော Emirates လေကြောင်းလိုင်း၏ ဒူဘိုင်း-ရန်ကုန် နေ့စဉ်ခရီးစဉ်ကို ဩဂုတ် ၃ ရက်က စတင်ပျံသန်းပြေးဆွဲခဲ့ပြီးနောက် ဇန်နဝါရီ ၃ ရက်အထိ ငါးလအတွင်း ခရီးသည်ပေါင်း ၃၀၀၀၀ ကျော်ကို ပျံသန်းပြေးဆွဲခဲ့ကြောင်းနှင့် မြန်မာနိုင်ငံဈေးကွက်အတွင်း မြင့်မားသောမျှော်လင့်ချက်ဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"Emirates အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြောင်းလဲခေတ်မီနေတဲ့ ဈေးကွက်ကို ဒူဘိုင်းနဲ့ ချိတ်ဆက်ပေးနိုင်ခဲ့တဲ့ ခရီးစဉ်လမ်းကြောင်းသစ် အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့မှုတွေကြောင့် အလွန်ပဲ အားရကျေနပ်မှုရှိပါတယ်။ ရန်ကုန်မြို့ကို အလည်အပတ်ခရီးကြောင့်ပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းကြောင့်ပဲဖြစ်ဖြစ် ခရီးသည်အများအပြား လာရောက်ကြမယ့် အလားအလာတွေကို မြင်တွေ့နေရပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်လာစေဖို့ Emirates အနေနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်လုပ်ဆောင်ပေးဖို့ အဆင်သင့်ရှိနေပါတယ်"ဟု Emirates မြန်မာ၏ Country Manager ဖြစ်သူ Mohammad Sarhan က ပြောကြားသည်။





Emirates လေကြောင်းလိုင်းသည် မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်ပြေးဆွဲသောအချိန်မှစ၍ Business Class အတွက် ပရိုမိုးရှင်းအစီအစဉ်များ အပါအဝင် အခြားသော အစီအစဉ်အမျိုးမျိုးကိုလည်းကောင်း၊ ဒူဘိုင်းသို့သွားရောက်သော ခရီးသည်များအတွက် အချိန်အတိုင်းအတာတစ်ခုအတွင်း ဒူဘိုင်းဗီဇာ အခမဲ့ပြုလုပ်ပေးခြင်း အစီအစဉ်ကိုလည်းကောင်း လုပ်ဆောင်ပေးခဲ့ကာ ယခု ၂၀၁၇ ခုနှစ်တွင်လည်း ခရီးစဉ်လမ်းကြောင်းသစ်များ၊ စိတ်လှုပ်ရှားဖွယ်ကောင်းသော ပျံသန်းမှုခရီးစဉ်များကို မိတ်ဆက်ပေးသွားမည့် "Hello 2017"အထူးအစီအစဉ်ကို ဇန်နဝါရီ ၃ ရက်တွင် စတင်ထုတ်ပြန်ကြေညာခဲ့သည်။

ထိုအစီအစဉ်အရ ခရီးသွားမည့်သူများအနေဖြင့် Emirates ခရီးစဉ်များဖြစ်သော ဥရောပ၊ အာရှ၊ အမေရိကနှင့် အခြားနေရာများစွာအတွက် လက်မှတ်များကို ဇန်နဝါရီ ၃ ရက်မှ ၁၇ ရက်အတွင်း အထူးဈေးနှုန်းများဖြင့် ကြိုတင်မှာယူနိုင်မည်ဖြစ်ကြောင်း၊ လက်မှတ်များကြိုတင်မှာယူရာတွင် နိုဝင်ဘာ ၃၀ရက်အထိ ခရီးစဉ်များအတွက် လက်မှတ်များကို ကြိုတင်ပြင်ဆင်မှာယူသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခင်ရတနာ**

# မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းအသိပညာပေး

**ပေါက် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်း မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးမှုများကို ပေါက်မြို့မဈေးအတွင်း၌ ဇန်နဝါရီ ၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ပေါက်မြို့မဈေးအတွင်းရှိ မီးသုံးစွဲမှုများနှင့် လျှပ်စစ်သွယ်တန်းထားရှိမှုများကို လိုက်လံစစ်ဆေးကာ လိုအပ်ချက်များကို ဈေးသူ ဈေးသားများအား အကြံပြုခြင်း၊ မီးသတိရှိစေရေးအတွက် အကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ ဈေးအတွင်းအလွယ်တကူ လျင်မြန်စွာဝင်ရောက်နိုင်ရေးအတွက် လမ်းကြောင်းများရှင်းလင်းခြင်း၊ ဆိုင်ခန်းတိုင်းတွင် မီးသတ်ဆေးဘူးများကို အသင့်ချိတ်ဆွဲထားရှိရေး အသိပေးနှိုးဆော်မှုများ ပြုလုပ်ခဲ့ပြီး မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်းများကိုလည်း ဈေးသူဈေးသားများအား သင်ကြားသရုပ်ပြခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မြစ်ရေတင် ရေစုပ်စက်စီမံကိန်း ရေပေးဝေမှုရပ်ဆိုင်းမည်ကို ဒေသခံတောင်သူများ စိုးရိမ်

**မြင်းခြံ ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ငါ့နန်းကျေးရွာအုပ်စု မြစ်သာကျေးရွာတွင် ဆီမီးခုံမြစ်ရေတင်ရေစုပ်စက် စီမံကိန်း (၂)ရှိသည်။



မြစ်သာကျေးရွာ၏ ရွာဦးထိပ်တွင် ရေစုပ်စက်များဖြင့် ဧရာဝတီမြစ်မှ ရေကိုစုပ်တင်၍ စိုက်ပျိုးမြေ ဧက ၄၀၀ ကျော်ကို မြစ်ရေပေးသွင်းခဲ့သဖြင့် ငါ့နန်း၊ မြစ်သာ၊ ညောင်ပင်သာ၊ ငွေ့ကြီး၊ ဆီမီးခုံ ကျေးရွာမှတောင်သူသည် လယ်ယာစိုက်ပျိုးလုပ်ကိုင်မှု အဆင်ပြေလျက်ရှိကြသည်။

မြစ်ရေတင်စီမံကိန်း၏ အကျိုးကျေးဇူးကြောင့် တစ်နှစ်လျှင် သုံးသီး စိုက်ပျိုးနိုင်သဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုအခါဧရာဝတီမြစ်သည် ရေလမ်းကြောင်း ပြောင်းလဲပြီး သဲသောင်များပေါ်ထွန်းခဲ့သဖြင့် ရေစုပ်စက်ဖြင့် မြစ်ရေတင် ရေပေးသွင်းမှု ရပ်ဆိုင်းသွားမည်ကို ဒေသခံ တောင်သူများက စိုးရိမ်နေကြောင်း သိရသည်။

**ဆီးမီးခုံ (နန်းရီ)**

# ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဦး ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ယူနီဆက်မှ ဆောင်ရွက်ပေးထားသည့် ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ဘူတာကျေးရွာနှင့် ပဲပြစ်တောကျေးရွာများသို့ ဇန်နဝါရီ ၂ ရက်က သွားရောက်စစ်ဆေးခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့သည် ချောင်းဦးမြို့နယ်အတွင်း ယူနီဆက်မှ ဆောင်ရွက်ပေးထားသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေမီတာစနစ်တပ်ဆင်သုံးစွဲလျက်ရှိသည့် ကျေးရွာများသို့ သွားရောက်ခဲ့သည်။

ဘူတာကျေးရွာနှင့် ပဲပြစ်တောကျေးရွာများတွင် ရေပေးဝေမှု၊ ရေမီတာတပ်ဆင်သုံးစွဲနေမှုနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာရေကော်မတီဝင်များနှင့်တွေ့ဆုံကာ တစ်ဦးတစ်ယောက်ချင်းစီမှ စနစ်တကျသုံးစွဲမှသာလျှင် မိမိတို့ကျေးရွာများတွင် စဉ်ဆက်မပြတ်ရေသုံးစွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရေမီတာတပ်ဆင်သုံးစွဲနေသည့် နေအိမ်များသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အဆင့်မြင့်ရော်ဘာပြားများထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာခြံမြေဆီလွှာပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

**ဘားအံ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ဈေးကွက်ဝင်အဆင့်မြင့်ရော်ဘာပြားများ ထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာခြံမြေဆီလွှာပြုပြင်ထိန်းသိမ်းရေးသင်တန်းကို



ဘားအံမြို့နယ် တောင်ကလေးကျေးရွာရှိ ခြံရှင်ဦးစံလှ၏ ရော်ဘာခြံ၌ ဇန်နဝါရီ ၃ ရက်က သင်တန်းဖွင့်လှစ်သည်။ သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးတာဝန်ခံဦးဝင်းဇော်က အစေးလှီးခြင်း သဘောသဘာဝနှင့် မြေဆီလွှာခတ်ခွဲ၍ မြေသြဇာနှုန်းထားများ သိရှိရန်လိုအပ်ကြောင်း ပြောကြားသည်။

ကရင်ပြည်နယ်အတွင်းရော်ဘာစိုက်ပျိုးဧက ၂၆၈၂၇၄ ဧကတွင် ၁၅၂၇၂၈ ဧကမှာစီးပွားဖြစ်ထုတ်လုပ်လျက်ရှိရာ ဘားအံမြို့နယ်အနေဖြင့် စိုက်ပျိုးဧက ၅၆၀၇၇ တွင် အစေးလှီးဧက ၃၀၃၇၂ဧကရှိကြောင်း၊ ရော်ဘာဈေးမှာ တစ်ပေါင်လျှင် ငွေကျပ် ၁၀၀၀ ခန့်ရရှိလာသောကြောင့် ရော်ဘာစိုက်တောင်သူများ၏ စိတ်ဝင်စားမှု မြင့်တက်လာသလို အစေးခြစ်လုပ်သားလိုအပ်ချက်မှာလည်း မြင့်တက်လာလျက်ရှိသောကြောင့် နည်းပညာများပေးခြင်းဖြင့် ရော်ဘာစိုက်သူများနှင့် အစေးခြစ်လုပ်သားများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးတင်မောင်စိန်က ပြောသည်။

အဆိုပါသင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ခြံပိုင်ရှင်များ၊ ရော်ဘာအစေးခြစ်လုပ်ငန်း လုပ်ကိုင်လိုသူလူငယ်လူရွယ် သင်တန်းသား သင်တန်းသူ ၅၄ ဦးအား သင်တန်းကာလ ငါးရက်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အဆင့်ဆင့်အပြင် အဓိကရော်ဘာအစေးလှီးအစေးခြစ်ခြင်းနည်းစနစ်နှင့် အရည်အသွေးပြည့်မီသော ဈေးကွက်ဝင်ရော်ဘာအစေးပြားများ ထုတ်လုပ်နိုင်ရေးအတွက် စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# ရေတာရှည်မြို့နယ်စည်ပင်သာရေးအဖွဲ့ အရပ်ရပ်အခွင့်အရေးလိုင်စင်များ ပထမအကြိမ်ရောင်းချ

**ရေတာရှည် ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ရောင်းချပွဲကို ဇန်နဝါရီ ၃ ရက် နံနက်က ရုံးအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်စည်ပင်သာရေးအဖွဲ့ကြီးကြပ်မှုကော်မတီဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးက လေလံစည်းမျဉ်း၊ စည်းကမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များရှိ အမဲခုံ၊ ဆိတ်ခုံသားသတ်လိုင်စင်များ၊ ဈေးကောက်၊ ယာဉ်ရပ်နား ခွန်၊ ကူးတို့လိုင်စင်များနှင့် အခြားအရပ်ရပ်လိုင်စင်များအတွက် ပထမအကြိမ်ရောင်းချ ခြင်းဖြစ်ပြီး ဒုတိယအကြိမ်၊ တတိယအကြိမ်၊ ချိတ်ပိတ်တင်ဒါ၊ အခြားနည်းဖြင့် ရောင်းချမည့် လိုင်စင်များအား သတ်မှတ်ရက်အတိုင်းဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လွှတ်လပ်ရေးနေ့ဂုဏ်ပြု ချုံနွယ်များ ရှင်းလင်း

**မိတ္ထီလာ ဇန်နဝါရီ ၄**

ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၃ ရက်က မိတ္ထီလာမြို့အမှတ်(၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူးယာယီ ဒုတိယရဲမှူးကြီးခွန်မြတ်လင်းနှင့်တပ်ဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ဘိုးဘွားရိပ်သာဝင်း အတွင်း/အပြင်သန့်ရှင်းရေးများပြုလုပ်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၆၀ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၅၅၇၈၄၂၈၈၂ ၀၉ ၅၅၇၈၄၂၈၈၃ | ရွှေဆောင် ၀၉၄၅၅၇၈၄၂၈၀၀ ၀၉၄၅၅၇၈၄၂၈၀၁ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၉၀၁၁၅၅ ၀၉၂၆၁၉၀၁၁၆၆ | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်မြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၇၁ ၀၉၇၉၁၁၈၃၇၇၂ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၀၁၅ ၀၉၄၅၆၆၀၀၀၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၁-၂ | | | | |

ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ
၆.၁.၂၀၁၇ ရက်မှစတင်ပြသမည့်ဇာတ်ကားသစ်များ

တီတီ နှင့် ဒိုးနတ်
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ၊ မင်္ဂလာဒဂုံစင်တာ(၂)၊ Top Royal၊ မင်္ဂလာ(ဂမုန်းပွင့်-စံရိပ်မြိမ်)
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မန်းနေပြည်တော်
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ ICON Shopping Mall
တောင်ငူ - NEW 3D CINEMA

THE GREAT WALL(3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ မင်္ဂလာ(ဂမုန်းပွင့်-စံရိပ်မြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ ICON Shopping Mall

SING (3D)
ရန်ကုန် - နေပြည်တော်
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

ASSASSIN'S CREED(3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်-စံရိပ်မြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေ
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)

ပဲဥူးဆားနှင့် သူ၏ဗိုင်းရပ်စ်များ
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)

















MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
Social Pack
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ 200MB/199Ks *3001# SP1 to 1332
၇ ရက် 1000MB/999Ks *3002# SP2 to 1332
ရက် ၃၀ 4000MB/3999Ks *3003# SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday

## တောင်ကြီးဂေါက်ကလပ်၊ တောင်ကြီးမြို့ ၂၀၁၇ခုနှစ် တောင်ကြီးဂေါက်ကလပ်၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

တောင်ကြီးဂေါက်ကလပ်၏ ၂၀၁၇ခုနှစ် သင်းလုံးကျွတ်အစည်းအဝေးနှင့်အမှုဆောင်အဖွဲ့ အသစ်ရွေးချယ်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ ကြွရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၇-၁-၂၀၁၇ရက် (သောကြာနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၃၀နာရီ
**ကျင်းပမည့်နေရာ** - တောင်ကြီးဂေါက်ကလပ်
**အကျွေးအမွေး** - နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံပါမည်။

**မှတ်ချက်။**
အသင်းသူ အသင်းသားများ တောင်ကြီးဂေါက်ကလပ်၏ ကောင်းရာကောင်းကျိုးအတွက် အကြံပြုလိုသူများ မိမိကိုယ်တိုင် သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်ပြီး အကြံပြုပေးပါရန်နှင့် မအားလပ်ပါကစာဖြင့် ၂၇-၁-၂၀၁၇ရက် နံနက် ၈း၀၀နာရီ နောက်ဆုံးထား၍ ဂေါက်ကွင်းရုံးခန်းသို့ အကြံပြုစာနှင့် ရွေးချယ်ဆန္ဒပြုမည့်အသင်းသားအမည်စာရင်းကို ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဆန္ဒမဲပုံးကို နံနက် ၈း၀၀နာရီတွင် ပိတ်ပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**
**တောင်ကြီးဂေါက်ကလပ်**

## ပုလောမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၈ရက်(စနေနေ့) နံနက် ၈း၃၀ နာရီ ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး (ရွှေစံပယ်ရိပ်မွန်နှင့် ရွှေမာလာရိပ်မွန်ကြား၊ ရေကြောင်းသိပ္ပံရှေ့) ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ အသင်းသား၊ မြို့နယ်သူ မြို့နယ်သားဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပြုစာများကို ၂၀-၁-၂၀၁၇ ရက် နောက်ဆုံးထားပေးပို့ပါရန် အသင်းဝင်သားသမီးများ ၂၀၁၇ ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာများကို ၃၁-၃-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀နာရီတွင် စတင်ပါမည်။ နံနက် ၉း၀၀နာရီ တွင် အကျွေးအမွေးဖြင့်ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။

**အမှုဆောင်အဖွဲ့**

## ၁၉၇၈ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဘူမိဗေဒကျောင်းသားဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့်ပြန်လည်တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၇-၁-၂၀၁၇ရက် (စနေနေ့)
**အချိန်** - ညနေ ၅နာရီ
**နေရာ** - JASMINE PALACE HOTEL အမှတ် ၃၄၁၊ ပြည်လမ်း (ဟံသာဝတီအဝိုင်းအနီး) စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

| | | | |
|---|---|---|---|
| ဦးမြထူး၊ ဦးကျော်ထူး | -၀၁-၈၆၀၃၂၁၁ | ဦးတင်ဦး | - ၀၉-၂၅၄၁၇၈၈၈၇ |
| ဦးအေးကိုကို | -၀၉-၄၂၁၁၁၉၉၉၀ | ဦးလောရင့် သာထွန်း | - ၀၉-၅၀၀၁၅၅၇ |
| ဦးတင်အောင်မြင့် | -၀၉-၄၃၀၈၃၉၂၂ | ဦးဇေယျ | - ၀၉-၄၃၁၅၈၂၀၉ |
| ဦးအောင်မြင့်ကျော် | -၀၉-၂၅၀၂၃၀၅၅၈ | ဦးအောင်မြ | - ၀၉-၄၂၀၀၅၉၇၉ |
| ဦးမြင့်ဖုန်း | -၀၉-၂၅၄၁၁၂၅၈၃ | ဦးဇေမျိုးလှိုင် | - ၀၉-၅၁၃၄၄၆၄ |
| ဦးဟံငြိမ်း | -၀၉-၂၅၈၅၈၇၃၇၇ | ဦးအောင်ကြိုင် | - ၀၉-၅၀၀၂၉၇၄ |
| ဦးမင်းအောင် | -၀၉-၅၀၅၅၅၅၂ | ဦးသောင်းလွင် | - ၀၉-၈၆၅၁၀၉၃ |
| ဒေါက်တာလှဌေး | -၀၉-၅၀၉၂၆၁၆ | ဦးစည်အောင် | - ၀၉-၅၀၁၉၁၄၀ |
| ဦးဦးဘစံ | -၀၉-၅၁၀၃၈၀၆ | ဦးခင်ထွေး | - ၀၉-၇၈၂၅၁၆၉၇၂ |

**(ပညာရည်ချွန်ဆု ချီးမြှင့်ရန်အတွက် ၂၀၁၆ ခုနှစ် ၁၀တန်းအောင် သား/သမီးများ အမည်ပေးပို့ပါ)**

## အထက (၂)လက်ပံတန်း (ဒုတိယ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

အထက (၂) လက်ပံတန်းမြို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်အပေါင်း ကျောင်းသား ကျောင်းသူဟောင်းများမှ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရပ်နီးရပ်ဝေးအသီးသီးမှ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**(ဆက်သွယ်လှူဒါန်းရန်)**

| | |
|---|---|
| ၁။ **ဦးသန်းအေး** ဖုန်း-၀၉-၄၂၃၆၈၉၀၅၀ | ၅။ **ဒေါ်ညိုညိုတင့်** ဖုန်း-၀၉-၂၆၀၅၄၄၆၈၄ |
| ၂။ **ဦးမြင့်နိုင်** ဖုန်း-၀၉-၅၀၃၇၅၀၄ | ၆။ **ဒေါ်သန္တာချို** ဖုန်း-၀၉-၂၆၄၃၄၁၁၂၃ |
| ၃။ **ဦးအောင်မြင့်ကြည်** ဖုန်း-၀၉-၄၂၃၆၆၃၄၃၉ | ၇။ **ဒေါ်သက်သက်မော်** ဖုန်း-၀၉-၄၂၃၆၈၄၃၂၂ |
| ၄။ **ဦးစိုးအောင်** ဖုန်း-၀၉-၅၃၇၂၂၆၆ | ၈။ **ဒေါ်တင်မေအိ** ဖုန်း-၀၉-၅၃၆၆၆၅၈ |

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျန်စစ်သား၊ ဦးပိုင်အမှတ် (၅၇^ခ)၊ ဧရိယာ ၀.၁၁၁မ၄၉၉ဧကရှိ ဦးမြင့်ရွှေ အမည်ပေါက် နှစ် (၃၀)အငှားဂရန် မြေကွက်မှ ဧရိယာ ၀.၁၁၁မ၀၃၀ဧကအား ဒေါ်ခင်ဆွေဦး၊ ဒေါ်ခက်ခက်၊ ဒေါ်စုကြည် ၉/တကန(နိုင်) ၀၀၉၇၂၇၊ ၉/တကန(နိုင်) ၀၀၉၇၂၀၊ ၉/တကန(နိုင်) ၀၀၇၈၉၉၊ (ဘ)ဦးချစ်ဆွေမှ ဦးမြင့်ရွှေအမည်ပေါက် နှစ် (၃၀)ဂရန်၊ ဦးမြင့်ရွှေမှ ဒေါ်ခင်ဆွေဦး (ပါ)၃ဦးသို့ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်၊ ၆၈/၂၀၀၇ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ ဦးပိုင်ခွဲမြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ညောင်ဦးမြို့

# ကြေညာချက်

### ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်
### ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ (၂)ရက်

၁။ ညောင်ဦးမြို့၊ အမှတ် (၅)ရပ်ကွက်၊ ရွှေစည်းခုံအနောက်ကွင်း ရှမ်းကုန်းရပ်ကွက်၊ အကွက်အမှတ် (၃)၊ မြေကွက်အမှတ် -၈၂ (ဃ)၊ ၈၂(င)၊ ၈၃(ဃ)၊အရှေ့လားသော်-မြို့နယ်စည်ပင်သာယာရုံးရှေ့နယ်နိမိတ်၊ အနောက်လားသော်-မော်တော်ယာဉ်လိုင်းပေါင်းစုံဂိတ်အဆောက်အအုံ၊ တောင်လားသော်-ညောင်ဦးမှ ပုဂံမြို့ဟောင်းလမ်း၊ မြောက်လားသော်-ရွှေစေတီကျောင်းတိုက်နှင့် မနောမယိဒ္ဓိဓမ္မာရုံဝင်းအစရှိသည့် နယ်နိမိတ်လေးရပ်အတွင်းရှိမြေသည် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီးပိုင် ဝတ္ထကမြေဖြစ်ပါသည်။
၂။ အဆိုပါမြေပေါ်တွင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ အားကစားကွင်း၊ ဈေးဆိုင်ခန်းများ၊ အဆောက်အအုံများ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဆောက်လုပ်ထားရှိနေကြသည်ကို တွေ့ရှိပါသည်။
၃။ ယခုအခါ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ညောင်ဦးမြို့သို့လာရောက်ကြသော ပြည်တွင်းပြည်ပဧည့်သည်များအတွက် စနစ်တကျ တည်ထောင်ဖွင့်လှစ်ထားသော ညဈေးတစ်ခုလိုအပ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများ၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူ၍ အထက်ရည်ညွှန်းပါနေရာတွင် တရားဝင်ညဈေးတစ်ခုထူထောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
၄။ သို့ဖြစ်ရာ အထက်ရည်ညွှန်းပါ ရွှေစည်းခုံစေတီတော်ကြီး၏ ဝတ္ထကမြေပေါ်တွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်တည်ရှိနေသော အားကစားကွင်း၊ ဈေးဆိုင်ခန်းများ၊ အဆောက်အအုံများ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဤကြော်ငြာပါသည့်ရက်မှ ရက် (၃၀)အတွင်း ဖျက်သိမ်း၊ ရွှေ့ပြောင်း၊ ထွက်ခွာပေးကြပါရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျူးကျော်နေထိုင်သူများနှင့်တကွ အများပြည်သူသိရှိနိုင်ရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ညောင်ဦးမြို့**

## ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ

၂၃-၁၂-၂၀၁၆ ၂၅-၁၂-၂၀၁၆

- အားလုံးပြည့်စုံပါသည်။ ဦးမောင်ဖြူ (တာမွေ ၀၉-၅၁၉၈၂၁၈)
- ခရီးစဉ်တလျှောက် နေထိုင်စားသောက်သွားလာရေးကောင်းပါသည်။ ဦးစိုးအောင် (မြောက်ဒဂုံ ၀၉-၇၉၅၈၄၈၄၅၀)
- Can Manage and Arrange Perfectly. ညိုညိုမြင့် (မြောက်ဥက္ကလာ ၀၉-၇၉၆၈၆၂၁၉၁)
- နှစ်သက်မှုများစွာနှင့်ပါ။ ဦးဝင်းရှိန် (ကန့်ဘလူ ၀၉-၄၀၀၄၃၇၉၁)
- အလွန်ကောင်းမွန်စွာဆက်ဆံပါသည်။ ဒေါ်သင်းသင်းအောင်(တောင်ဒဂုံ ၀၉-၃၃၂၁၉၈၈၆)
- ခင်နန္ဒာကို ရွေးချယ်မိသည့်အတွက် ကျေနပ်မှုရရှိခဲ့ပါသည်။ ဒေါ်ခင်စောဝင်း (ကမာရွတ် ၀၉-၅၀၇၂၇၁၁)
- အောင်မြင်ကြပါစေ။ ဦးတင့်ဆွေ (တောင်ကြီး ၀၈၁-၂၁၂၃၈၂၈)
- မွေးနေ့လုပ်ပေးသောကြောင့် အံ့သြဝမ်းသာပျော်ရွှင်မိပါသည်။ စိုးကလျာ (တောင်/ဥက္ကလာ ၀၉-၂၅၄၂၃၃၀၈၆)
- ဝန်ဆောင်မှု ဂရုစိုက်မှု အထူးကောင်းမွန်ပါသည်။ ဦးဇော်ဝင်း (မြောက်ဒဂုံ ၀၉-၂၆၁၉၇၈၂၆၃)
- အာကာနှင့်အဖွဲ့ ဆက်ဆံရေးကောင်းမွန်ပါသည်။ ဒေါ်စန်းစန်းမြင့် (ကန့်ဘလူ ၀၉-၇၉၇၇၉၈၀၆၈)
- ကောင်းလှပါသည်။ ပို၍ ပို၍ ကောင်းလာအောင် သူရော ကိုယ်ပါ ပိုင်းဝန်းကြိုးစားသင့်သည်။ ကြိုးစားကြပါစို့။ ဦးတင်ရှိန် (ကြည့်မြင်တိုင် ၀၉-၂၅၀၅၁၂၅၈၆)
- Very Good ခင်နန္ဒာ။ ဒေါ်ညွှန့်ညွှန့်သိန်း (ကြည့်မြင်တိုင် ၀၉-၂၅၀၅၁၂၅၈၆)
- ဝန်ဆောင်မှုအားလုံး ၊ ဦးဆောင်လမ်းညွှန်မှုအားလုံး ကောင်းမွန်ပါသည်။ မချိုမာလွင် (ကြည့်မြင်တိုင် ၀၉-၂၅၀၅၁၂၅၈၆)
- Good Service. ကိုရန်နိုင်ရှိန် (ကြည့်မြင်တိုင် ၀၉-၂၅၀၅၁၂၅၈၆)
- ခင်နန္ဒာနှင့်ခရီးသွားပါ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေ။ ဦးမျိုးဝင်း (ကြည့်မြင်တိုင် ၀၉-၂၅၀၅၁၂၅၈၆)
- Very Good Service and Everything is Fine. မမိုးပြည့်စုံရှင် (ကြည့်မြင်တိုင် ၀၉-၂၅၀၅၁၂၅၈၆)
- နိုင်ဇော်နှင့်အဖွဲ့ အားလုံးကောင်းပါသည်။ မသူဇာ (ကြည့်မြင်တိုင် ၀၉-၂၅၀၅၁၂၅၈၆)

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

### ချစ်မေမေ ဒေါ်မြကြည်
### (မြို့သစ် ၃ လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့)

ချစ်မိခင်ကြီးရဲ့ ကျရောက်တဲ့ (၈၅) နှစ်ပြည့် မွေးနေ့မင်္ဂလာမှ နောက်နှစ်ပေါင်း ၁၂၀ တိုင် ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို နာကြားရင်း အသက်ရှည်ရှည်ကုသိုလ်ရရ ကျန်းမာစွာလျှောက်လှမ်းနိုင်ပါစေ။

**သမီးကြီး အေးအေးမာ**
**ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးခင်ကြွေ+(ဒေါ်ကျင်စန်း) တို့၏သား၊ မခင်သန်းနွယ်၏ မောင်ဖြစ်သူ
**မောင်သက်ဆွေမင်း**
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ (ဦးဇော်မိုး)+ဒေါ်ခင်အုန်းမြင့်တို့၏ သမီးကြီး၊ ကိုကျော်စွာ၏အစ်မ
**မဝေလွင်ဇော် A.G.T.I (Civil)**
တို့သည် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ ၂၃-၁၂-၂၀၁၆ ရက်နေ့တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သက်ဆွေမင်း+မဝေလွင်ဇော်**

## နှစ်သစ်ဆုတောင်းနှင့် ဖိတ်ကြားလွှာ

အင်းစိန်မြို့နယ်လုံးဆိုင်ရာ ပူးပေါင်းဆွမ်းလောင်းအသင်းကြီး (မိုဘိုင်းလ်)သည် ပရိယတ္တိဝန်ဆောင် သံဃာတော်၊ သီလရှင်အပါး (၁၈၀၀)ကျော်တို့ကို နေ့စဉ် ဝါတွင်းဝါပ (၃၆၅)ရက် အရဏ်ဆွမ်းလှူဒါန်းခဲ့ရာ ယခု (၅)နှစ်တာကာလအတွင်း သံဃာတော်၊ သီလရှင်အပါး (၁၈)သိန်းကျော်တို့ကို အရဏ်ဆွမ်းလှူဒါန်းနိုင်ခဲ့ပြီးဖြစ်သဖြင့် ဝမ်းမြောက်နှမော်သာဓုခေါ်ဆိုနိုင်ကြပါစေ။

ဤကောင်းမှုအစုစုတို့ကြောင့် နှစ်သစ်တွင် အလှူရှင်များဝေယျာဝစ္စ ကုသိုလ်ရှင်များ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့်တကွ သတ္တဝါအားလုံးတို့သည်-

အများအကျိုးကို ဆောင်ရွက်ရင်း ကိုယ့်အကျိုးပါပြီးစီးအောင်မြင်နိုင်ကြပါစေ...

တောင့်တရခြင်းနှင့် ကြောင့်ကြရခြင်း ဘေးမှကင်းဝေးကြပါစေ...

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာ ဗြဟ္မစိုရ်တရားတို့ကို ချစ်ခြင်း၊ မုန်းခြင်းကင်းသည့်တိုင် လက်ခံကျင့်သုံးနိုင်ကြသဖြင့် မိမိသူတစ်ပါးနှစ်ဦးသား ငြိမ်းချမ်းခြင်းကို ဆောင်နိုင်ကြပါစေ...

(၅) နှစ်ပြည့်အထိမ်းအမှတ် အလှူတော်ကို မြို့လုံးကျွတ်သံဃာ့ ဒါနဆွမ်းလောင်းပွဲ၊ စာရေးတံမဲအလှူတော်နှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညို ကုသိုလ်ယူပါရမီဖြည့်ဆည်းနိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၈ခုနှစ်၊ ပြာသိုလဆန်း (၁၀၊ ၁၁)ရက်
၇/၈-၁-၂၀၁၇ ရက် စနေနေ့၊ တနင်္ဂနွေနေ့
**နေရာ** - အင်းစိန်မြို့နယ်လုံးဆိုင်ရာပူးပေါင်းဆွမ်းလောင်း အသင်းကြီး(မိုဘိုင်းလ်)အောက်မင်္ဂလာဒုံလမ်းမကြီး၊ ပြည်တော်သာ၊ အင်းစိန်မြို့နယ်

**(အမှုဆောင်အဖွဲ့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ် (၁၉၊ ၂၀^ခ)၊ ဧရိယာ ၀.၁၁၁မ၁၈၅၉ဧကရှိ ဒေါ်ချိုချိုသက်၊ ဦးစိုးလွင်၊ ဦးသန်းနိုင်၊ ဒေါ်ခင်မမ၊ ဒေါ်မီမီအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ခင်ရှမ်း ၉/ပမန(နိုင်)၀၀၂၈၅၀(ဘ) ဦးဝင်းမြင့်အောင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်မူရင်း၊ ကျမ်းကျိန်လွှာမူရင်း၊ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မူရင်းများတင်ပြ၍ စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် (၈၆^ခ)၊ ဧရိယာ ၀.၁၁၁မ၀၄၄ဧကရှိ ဦးစိုးလွင် အမည်ပေါက် နှစ် (၃၀)အငှားဂရန် မြေကွက်အား ဦးစိုးလွင် ၉/တကန(နိုင်)၀၀၇၉၂၇ (ဘ) ဦးပုသောင်းမှ ဦးစိုးလွင်အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မူရင်း၊ မှတ်ပုံတင်၊ ပုံစံ ၆၆ မူရင်းများ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်၏ မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ဃ/၃၆၂၂၁ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင် ၈/ခမန(နိုင်)၀၁၈၄၆၆က(ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း(သားဖွားမီးယပ်)၏ နာယကကြီး ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး(ငြိမ်း) အသက်(၈၇)နှစ်သည် ၂-၁-၂၀၁၇ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာဦးစောကလယ်ခူနှင့်**
**သားဖွားမီးယပ်အထူးကုဆရာဝန်များ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေး**
**ဆေးတက္ကသိုလ်၊ မန္တလေး**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကောင်းထက်(ငြိမ်း)-ဒေါ်ဇာနည်တင်သိန်းတို့၏ဖခင်ဖြစ်သူ ဦးမြထွန်းသည် ၂-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တေဇ(၂၄)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး (ငြိမ်း)
**သားဖွားမီးယပ်ပညာဌာန**
**အသက်(၈၇)နှစ်**

ဒုတိယဝန်ကြီးချုပ်(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်(ငြိမ်း)၏ဇနီးပါမောက္ခ ဒေါက်တာဒေါ်နန်းဦးသည် ၂-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူး၊**
**ပါမောက္ခများနှင့်သားဖွားမီးယပ်**
**အထူးကုဆရာဝန်များ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး (ငြိမ်း)
**အသက်(၈၇)နှစ်**

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်(ငြိမ်း)၏ချစ်လှစွာသောဇနီး ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး (ငြိမ်း)သည် ၂-၁-၂၀၁၇ရက် နံနက် ၁း၃၈နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**(ဒေါက်တာဦးထွန်းကြည်)-ဒေါ်ခင်မြင့် မိသားစု**
**မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်ထွေး
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၅၁)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်ထွေးသည် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ယခင်ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန**

**ချစ်တူလေး --- ဝင်းမောင်မောင်(ခ)မော့စ်**
**၂ - ၁ - ၂၀၁၇ရက်က**
**ခဏလေးလာတွေ့ကြတာကို**
**သားက ... အစောကြီး ပြန်ထွက်သွားတယ်နော် ...**
**လွမ်းဆွတ်ကြသူများ**
**ဦးသန်းစိုး (Suzuki - ပုသိမ်)**
**အန်တီမူ(သဲထွင့်ဝင်း) www.theithutwin.com**
**ညီငယ် - စိုးထွဋ်ထွဋ်ဦး**

## မောင်နိုင်လင်းထွန်း(ခ)
## အငယ်လေး
**အသက်(၂၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ကျိုက်လတ်မြို့နေ (ဦးမောင်ဥ - ဒေါ်တင်အောင်)၊ (ဦးဖေခင်-ဒေါ်ကြည်အောင်)တို့၏မြေး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်း အနောက်မြောက်ရပ်ကွက်၊ စကားဝါပင်အောက်လမ်း၊ အမှတ် ၁၇ နေ ဦးကြင်စော-ဒေါ်ထွေးထွေးနွယ်တို့၏သား၊ မောင်မျိုးမင်းထွန်း(ခ) လပြည့်၏ညီသည် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ဝက်ချီလာဘုရင့်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၇ရက် (စနေနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၉-၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းစိုး
**အသက်(၈၇)နှစ်**

ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာနေ (ဦးဘိုးဆောင် - ဒေါ်စောလှ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ မိုးမခလမ်း၊ အမှတ် ၃၈၂နေ (ဒေါ်အေးသိန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဦး-ဒေါ်သီရိစံ၊ (ဦးတင့်ရွှေ)-ဒေါ်ကျင်သန်း၊ (ဦးသန်းလှိုင်)-ဒေါ်အေးအေး၊ ဦးကျော်ရွှေ-ဒေါ်စန်းနွဲ့၊ ဦးသန်းစိုး-ဒေါ်သန္တာ၊ ဦးစိုးနိုင်-ဒေါ်ဝင်းဝင်းမာ၊ ဦးဝင်းကျော်တို့၏ဖခင်၊ မောင်ဇေယျာမင်း-မစန္ဒာလင်း၊ မောင်နိုင်မင်းနှင့်မြေး ၁၂ယောက်တို့၏အဘိုးသည် ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၇ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဉာဏသီ
**ပထမကျော်၊ သာသနဓဇ ဓမ္မာစရိယ (B.Ed)၊ မဟာဂန္ထဝါစကပဏ္ဍိတ**
**ပဓာန နာယကဆရာကြီး၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်၊ မြစ်ကြီးနားမြို့**
**ပြည်နယ်သီလရှင်အမှုဆောင်အဖွဲ့(ဥက္ကဋ္ဌ)**
**ကချင်ပြည်နယ်**
**သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ကချင်ပြည်နယ်၊ နမ္မတီးမြို့နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ Rose park 3၊ နဝရတ်နှင်းဆီလမ်း၊ အမှတ် ၁၃နေ ဦးဖေစိန်-(ဒေါ်ခင်ဦး)တို့၏သမီး၊ ဒေါ်ခင်ဝင်းဆွေ(ထ-၁၊ သဃ်န်းကျွန်း၊ ငြိမ်း)၊ (ဦးချစ်ဆွေ)၊ ဒေါ်ဉာဏ်သရီ(ဟိုပင်)၊ ဒေါက်တာကျော်ဆွေ-ဒေါက်တာဝင်းမိုမို၊ ဒေါ်လှဲ့လှဲ့ဆွေ၊ ဒေါ်သစ်သစ်ဆွေ၊ ဦးအုံ့ဘုန်းထိုက်-ဒေါ်နှစ်နှစ်ဆွေတို့၏အစ်မကြီးသည် ၄-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အန္တိမဈာပနအခမ်းအနားကို မြစ်ကြီးနားမြို့ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ခမည်းတော် ဦးဖေစိန်နှင့်ကျန်ရစ်သူမိသားစု

**အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်**
## ပဓာနနာယကဆရာကြီး ဒေါ်ဉာဏသီ
**(မဟာဂန္ထဝါစက၊ ပဏ္ဍိတ၊ B.Ed ပထမကျော်၊ သာသနဓဇ ဓမ္မာစရိယ)**
**ပြည်နယ်သီလရှင်အမှုဆောင်အဖွဲ့(ဥက္ကဋ္ဌ)၊ ကချင်ပြည်နယ်**
**သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာကြီး ဒေါ်ဉာဏသီ (မဟာဂန္ထဝါစက ပဏ္ဍိတ၊ B.Ed ပထမကျော် သာသနဓဇ ဓမ္မာစရိယ)သည် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၇ရက်) ၄-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၁နာရီတွင် မြောက်ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ အပိုင်း(၃)၊ အမှတ် ၁၃ နေအိမ်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မြစ်ကြီးနားမြို့ ရာဒါကောင်းသုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

သမိဒ္ဓေါဒယ သုခိတာရာမမြန်အောင်ကျောင်း
ဆရာကြီး/ဆရာလေးများ

**အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်**
## ပဓာနနာယကဆရာကြီး ဒေါ်ဉာဏသီ
**(မဟာဂန္ထဝါစက၊ ပဏ္ဍိတ၊ B.Ed ပထမကျော် သာသနဓဇ ဓမ္မာစရိယ)**
**ပြည်နယ်သီလရှင်အမှုဆောင်အဖွဲ့(ဥက္ကဋ္ဌ)၊ ကချင်ပြည်နယ်**
**သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာကြီး ဒေါ်ဉာဏသီ (မဟာဂန္ထဝါစက ပဏ္ဍိတ၊ B.Ed ပထမကျော် သာသနဓဇ ဓမ္မာစရိယ)သည် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၇ရက်) ၄-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၁နာရီတွင် မြောက်ဒဂုံမြို့နယ်၊ (၂၇) ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ အပိုင်း(၃)၊ အမှတ် ၁၃ နေအိမ်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မြစ်ကြီးနားမြို့ ရာဒါကောင်းသုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်
မြစ်ကြီးနားမြို့

**ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**
## ဦးသိန်းထွန်း အသက်(၈၁)နှစ်
**သက်ကြီးကန်တော့ခံ၊ ဦး/ရှိ(ငြိမ်း)၊ အသင်းဝင်အမှတ်(၈၃၄)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၈၅၂၊ မြေညီထပ်(ခေါင်းရင်းခန်း)နေ ဒေါ်ခင်အေးရီ၏ခင်ပွန်းသည် ၂-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်မာကြည်
**အသက်(၆၅)နှစ်**

မန္တလေးမြို့နေ (ဦးခင်မောင်ကြည်)-ဒေါ်ဒေါင်းတို့၏သမီး၊ ရန်ကုန်မြို့နေ ကိုဇာနည်မြင့်ထူး-မအိအိခင်(ကွန်ပျူတာသင်တန်း)၊ ရန်ကုန်မြို့နေ ကိုထွန်းထွန်းဝင်း-မကေခိုင်ထွန်းထွန်း(မေ့သမီးစိန်ဆိုင်)၊ တောင်ငူမြို့နေ ကိုမောင်မောင်-မဇင်မာမြင့် (မိဘဂုဏ် ရွှေဆိုင်)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ(ဦးမြင့်သိန်း)၏ဇနီးသည် ၄-၁-၂၀၁၇ရက် နံနက် ၁၁း၅၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးမောင်မောင်လေး
**ပြည်သူ့ရဲတပ်ဖွဲ့(ငြိမ်း)**
**ဇဝံဂေလိအသင်းတော် (A.G)**
**ကြို့ကုန်း(ရုံးအဖွဲ့မှူး)**
**အသက်(၈၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နေ (ဦးထွန်းမြ-ဒေါ်မြင့်)တို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ကန်လမ်း၊ အမှတ် ၂နေ [ဒေါ်မဂ္ဂီ (ခ) ဒေါ်မာဂရက်]၏ ခင်ပွန်း၊ ဦးဂျစ်ဆိန်း-ဒေါ်ယေ့နွယ်၊ ဦးစိုးမင်း-ဒေါ်အေးအေးမာတို့၏ဖခင်၊ ယေ့တိုင်ဆိန်း၊ အိုက်မွန်းဆိန်း၊ ညီပေါင်းဆိန်း၊ မောင်ခန့်ဝေစိုးမင်းတို့၏ အဘိုးသည် ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၆-၁-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကြို့ကုန်း ဇဝံဂေလိအသင်းတော်နှင့် နေအိမ်တို့မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဒေါ်မြသိန်း(ခ)
## ဒေါ်ခင်မြသိန်း
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးအေး-ဒေါ်အမာ)တို့၏သမီး၊ ပြည်မြို့နယ်နေ (ဦးမောင်မောင်-ဒေါ်ကျင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျောက်တောလမ်း၊ အမှတ် ၁၇ (ခြောက်လွှာ)နေ (ဦးမျိုးအောင်၊ ငွေစာရင်းမင်းကြီးရုံး၊ ရွှေပုစွန်)၏ချစ်လှစွာသောဇနီး၊(ဦးထွန်းဇော်မျိုး၊ ဒေါ်မိုးမိုးကြီး)၊ (ဦးအောင်ဇော်မျိုး)၊ ဒေါ်သူဇာမျိုးအောင်တို့၏ မိခင်၊ ဇော်ဝင်းနိုင်၊သန့်ဇင်ဦး(ခ)ဂူဂူး၊အိမ့်ဖြူစင်မိုး(ခ)Mitsuki တို့၏ အဘွားသည် ၃-၁-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃း၄၅ နာရီတွင် OSCဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း**
**ဒါယိကာမကြီး**
## အန်သန်းရီ(ခ)ဒေါ်သန်းရီ
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၅လမ်း၊ အမှတ် ၁၁နေ အန်ဘောဂ - ဒေါ်လှိုရာတို့၏ သမီး၊ [ဦးအေး(ခ)ယွန်အိန်အား]၏ဇနီး၊ [ဦးတင်ဝင်း(ခ)ဦးကျောက်ဆူး]-ဒေါ်ကျင်စန်းတို့၏အစ်မ၊ (ဦးအေးလွင်)-ဒေါ်ပိုးတင်၊ ဒေါ်လှလှ၊ ဦးမောင်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးတင်ဝီ-ဒေါ်စန်းစန်းကြည်၊ ဒေါ်စန်းစန်းငွေ (ကိုမောင်မြင့် ဖိနပ်ဆိုင်၊ မင်္ဂလာဈေး)၊ ဒေါ်ယုယုခိုင်(ယုဖိနပ်ဆိုင်၊ မင်္ဂလာဈေး)တို့၏မိခင်၊မြေးကိုးယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ အဘေးသည် ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၆း၀၅နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၇ ရက်(စနေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးတင်လှိုင်(ခ)လင်အင်လျှုံး
**(ခရမ်းမြို့)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၄၄၄ (ခြောက်လွှာ)နေ [ဒေါ်ခင်မြ (ခ) ရှားလေဟွား]၏ခင်ပွန်း၊ (ဦးအင်ဟိုး)-ဒေါ်ကျင်နု၊ (ဦးအင်စွမ်-ဒေါ်ကြည်)၊ (ဦးလုကြီး-ဒေါ်သောင်းငွေ)တို့၏ညီ၊ (ဦးတူး)-ဒေါ်ကြင်ကြူး၊ ဦးချိန်းကတ်-ဒေါ်သန်းအေး၊ ဦးအောင်ဝေ-ဒေါ်စိန်ရီ၊ ဒေါ်ခင်ကြူး၊ ဦးလှဝေ-ဒေါ်ချိန်ရီတို့၏အစ်ကို၊ ဒေါ်အေးအေးမော်၊ ဦးစိုးမြင့် (Schlumberger)-ဒေါက်တာစုစုနိုင်၊ ကပ္ပတိန် ဝင်းဇော်-ဒေါက်တာနေရီသွင်၊ ဦးကျော်လွင်စိုး (Operations Director-Shwe Me' Co., LTd.) - ဒေါ်အေးအေးအောင်၊ ဦးမင်းသူ(Maintenance & Parts Procurement Manager-Shwe Me' Co.,LTd.)-ဒေါ်နီနီလွင်၊ ဦးအောင်သူ (Senior Manager Admin & Finance Dept.-Shwe Me' Co., LTd.)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၅း၃၄နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁- ၂၀၁၇ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဆရာမကြီးဒေါ်ခင်ခင်ထွေး
**အမက(၂၂)မြောက်ဒဂုံ**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့နေ(ဦးအောင်ခင်-ဒေါ်နှင်းမြိုင်)တို့၏သမီး၊(ဦးကျော်-ဒေါ်သိန်း)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ ၇လမ်း၊ အမှတ် ၉၁၆နေ (ဦးကိုကိုကြီး)၏ဇနီး၊ ဒေါ်သန်းသန်းရီ (ဆေးဌာန၊ MEPE-ငြိမ်း)၊ ဦးကျော်မိုးထွန်း-ဒေါ်မာရီညိုတို့၏ ချစ်လှစွာသောမိခင်သည် ၃-၁-၂၀၁၇ရက် ည ၉း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၁-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်သင်းသင်းအောင်
**အင်/ယာ-၂၊ တာမွေမြို့နယ်**
**အင်ဂျင်နီယာအဆောက်အအုံဌာန**
**(YCDC)**
**MON-GTI (1993-Civil)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် ၈၀ (ခြောက်လွှာ၊ ခြေရင်းခြမ်း)နေ (ဦးစောမောင်)-ဒေါ်ရင်မေတို့၏သမီး၊ (ဦးမြင့်သိန်း-ဒေါ်တင်အုံး)တို့၏ချွေးမ၊ ကိုမင်းလွင်-မသန်းသန်းနုတို့၏ညီမ၊ ကိုအောင်လွင်၊ ကိုအောင်နိုင်-မနီလာဝင်းတို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်၊ ဦးမျိုးမြင့်ဦး (PACIFIC. ASIA HI TECH CONSTRUCTION Co., Ltd.)၏ချစ်လှစွာသောဇနီး၊ မချမ်းမြေ့ချို၊ မနှင်းအိလွင်တို့၏ချစ်လှစွာသောမိခင်သည် ၃-၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါကြောင်း အသိပေးအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးဘညွန့်(လှိုင်းဘုန်း၊ မော်ကျွန်း) အသက်(၉၉)နှစ်
**စခန်းမှူး(ပရ-ငြိမ်း)၊ ရွှေပြည်သာမြို့နယ်**

မော်လမြိုင်ကျွန်းမြို့နယ်၊လှိုင်းဘုန်းကျေးရွာနေ(ဦးပြန့်-ဒေါ်မယ်ခင်)တို့၏သား၊ (ဒေါ်ဒေါင်းစိန်)၏ခင်ပွန်း၊ (ဦးသြဂတ်စတင်း)-ဒေါ်ခင်ရီ(ပရ၊ ငြိမ်း)၊ (ရဲမှူးတင့်ထူး-ဒေါ်စန်းမြင့်)၊ ဦးစန်းငွေ-ဒေါ်တင်တင်ဝေ၊ (ဦးရဲထွန်း)-ဒေါ်အမာကြည်၊(ရဲအုပ်ယဉ်မောင်အေး၊ ငြိမ်း)-ဒေါ်အေးမြင့်ကြူ(မေ့ရင်သွေးမူကြို)၊ (မခင်ထွေးရီ)၊ အမှတ်(၇၀၄)ခြေမြန်တပ်ရင်းမှ ဆေးတပ်ကြပ်ကြီးသန့်ဇင်-နော်ဥမ္မာရွှေတို့၏ဖခင်၊ ကိုသက်-ဒေါက်တာရီဇင်ဦး၊ ရဲမှူးအောင်ထူးမြင့်-ဒေါ်အေးစန္ဒာ၊ ကိုဝင်းငြေး-မမိုးမိုးဇင်တို့၏အဘိုး၊ မြေး ၂၀၊ မြစ် ၁၁ယောက်တို့၏ အဘိုးသည် ၃-၁-၂၀၁၇ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင်ကျူချောင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။[ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဝါဖူး(၂)လမ်း၊ ၃၁၆ B၊ ပန်းခြံ(၉) နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းမယ်တော်ကြီး**
## ဒေါ်တင်တင်အေး အသက်(၈၆)နှစ်

ပြည်မြို့၊ ရွှေလက်လှရပ်နေ(ဦးသာမြတ်-ဒေါ်စောရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ မြို့ပတ်လမ်း၊ အမှတ် ၁၉၃နေ (ဦးစန်းမောင်)(အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး၊ အင်းစိန်၊ ငြိမ်း)၏ဇနီး၊ ဦးအုံ့တင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ခင်ခင်စန်း(ကထိက၊ ရူပဗေဒဌာန၊ အဝေးသင်တက္ကသိုလ်၊ ငြိမ်း)၊ ဒေါ်သလ္လာစန်း(အလက-၁၀၊ အင်းစိန်)၊ ဦးတင်ဝင်း(ကုန်းလမ်းပို့ဆောင်ရေး၊ ငြိမ်း)၊ ဒေါ်ကေတီစန်း(အထက-၁၊ အင်းစိန်)၊ ဒေါ်သီဂီစန်း (အထက-၁၀၊ အင်းစိန်)၊ ဦးအောင်အောင်(Aung Construction)၊ ဒေါက်တာစန္ဒာစန်း(တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ ဗန်းမော်တက္ကသိုလ်)၊ ဒေါ်ကလျာသီဂီ(ဒေါ်အိန္ဒြာမင်းမင်း)M.A(Part II) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)တို့၏မိခင်၊ ဒေါက်တာဝေယံပိုင်(သဃ်န်းကျွန်းဆေးရုံ)၊ မောင်သွန်းနောင်ဆက်(B.Sc .CSSE Oxford Brookes University)(U.K)၊ မသွန်းရတီအောင် (ဆဋ္ဌမတန်း၊ အထက-၄၊ ဗန်းမော်)၊ မောင်သွင်ရှင်းသန့်(သူငယ်တန်း၊ အထက-၄၊ ဗန်းမော်)တို့၏အဘွားသည် ၃-၁-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးညွန့်ရီ(ဇလွန်) အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သီရိမင်္ဂလာဆန်စက်ဝင်းနေ (ဦးအောင်သန်း-ဒေါ်အုံးမြ)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ခနောင်တိုမြို့နယ်နေ (ဦးကျော်ဇော-ဒေါ်ကျင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်း၊ အမှတ် ၂၁၀၊ ပ/ယာနေ ဒေါ်တင်တင်လှိုင်၏ခင်ပွန်း၊ ဇလွန်မြို့နေ ဒေါ်စန်းရီ၊ ဦးငွေဉာဏ်တို့၏အစ်ကို၊ ဦးစန်းယု-ဒေါ်စောယုမေ၊ ဦးအောင်နိုင်ဦး-ဒေါ်ကျင်အေးတို့၏ဖခင်၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီး၊ မြေး ၁၆ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၇ရက်တွင်ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(၃၉လမ်း နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်ဆွေ (မကွေးမြို့)
**တေးရေး-ဒွန်**
**အသက်(၆၆)နှစ်**

မကွေးမြို့၊ အောင်မေတ္တာ (စီ)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၁၄၅နေ (ဦးသာဆိုင်-ဒေါ်စန်းခင်)တို့၏သား၊ ရန်ကုန်မြို့နေ တေးရေး ဦးဇော်ဝင်းနိုင်၏အစ်ကို၊ ဒေါ်မြတ်မွန်၏ခင်ပွန်း၊ ဦးလှသိန်း-ဒေါ်ခင်ဆွေဦး၊ ဦးမျိုးသက်ပိုင်-ဒေါ်ဆွေဇင်လတ်၊ ဒေါက်တာဇော်ဟေမာန်ဦး-ဒေါ်ဆွေဇင်မြတ်၊ ဒေါ်ဝေဖြိုးခိုင်၊ ကိုအောင်ပိုင်မှူး-မလင်းနေခြည်စိုးတို့၏ဖခင်သည် ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တပည့်အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကြည် အသက်(၆၄)နှစ်
**မန်နေဂျာ (ဘဏ္ဍာရေးဌာန)**
**ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အနောက်ရပ်ကွက်၊ မော်လမြိုင်လမ်း၊ အမှတ် ၂၁နေ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ (ကိုမင်းမင်းဦး)၊ ကိုမောင်မောင်သန်း-မမေသူကြည်၊ မဝေဇင်ကြည်တို့၏ဖခင်၊ မအင်ကြင်းစံ၏အဘိုးသည် ၄-၁-၂၀၁၇ရက် နံနက် ၆း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးစိုးနိုင် (ကိုထူး)
**CDC-7373**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်း၊အမှတ် ၄၈နေ ဦးကျင်မင်း-ဒေါ်ခင်ကျင်တို့၏သား၊ (ဦးအေးဖေ-ဒေါ်တင်အေး)တို့၏ သားသမက်၊ ဒေါ်ခင်ခင်ကြူ၊ ဦးစိုးမင်း၊ ဒေါ်ခင်ခင်ဝင်း-ဦးဝင်းကြည်၊ ဦးစိုးလင်း၊ ဒေါ်ခင်ခင်ထွေး-ဦးသန့်စင်တို့၏အစ်ကို၊ ဒေါ်ခင်ခင်အေး၊ ဒေါ်မြင့်မြင့်သိန်း-(ဦးအေးသွင်)၊ ဒေါ်ကြည်ကြည်ခိုင်မှူး-ဦးသာမြင့်ထူး၊ ဦးသိန်းတန်-ဒေါ်အေးအေးမြင့်တို့၏အစ်ကို၊ဒေါ်ယဉ်ယဉ်စမ်း၏ခင်ပွန်း၊ ဦးစိုးထိုက်အောင်-ဒေါ်မေသက်ဝေဖြိုး၊ မသဇင်စိုးစံတို့၏ဖခင်၊ မမေဂုဏ်ဆင့်သူ(ခ) SHA SHA ၏ အဘိုးသည် ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယကာကြီး**
## ဦးဘို(ခ)ဦးမောင်ဘို
**ယာ/အုံ (စည်ပင်၊ ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ပညာလမ်း၊ အမှတ် ၁၀၁၂နေ (ဦးဘိုးဖုံ-ဒေါ်ချစ်မြိုင်)တို့၏သား၊ (ဦးပွား-ဒေါ်သန်းခင်)တို့၏သားသမက်၊ (ဒေါ်သန်းငွေ)၏ခင်ပွန်း၊ ဦးမြတ်သာနိုင်-ဒေါ်သန်းသန်းငွေ (ဈေးများဌာန၊ တောင်ပိုင်းခရိုင်)၊(ဦးမြင့်ငွေ)၊(ဦးသန့်ဇင်)၊ ဒေါ်ဆွေနွယ်ဝင်း (ထုတ်လုပ်ရေးဌာန)တို့၏ဖခင်၊ မြေးသုံးယောက်၏အဘိုးသည် ၃-၁-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပ



(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့၌ကျင်းပရာ ပြည်သူလူထုစုစုပေါင်းအင်အား သုံးထောင်ကျော် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီးတည်ဆောက်သွားနိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံးစုစည်းထိန်းသိမ်းကာကွယ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်(၄) ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

***စာမျက်နှာ ၅ ကော်လံ ၁*** ◆

## တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်း

စာ-၄

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် တန်ဖိုးမျှတအိမ်ရာ တိုက်ခန်း ၅၆၀ ကို မဲနှိုက်ရောင်းချ

စာ-၁၂

## အင်ဒိုနီးရှားနိုင်ငံက ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအတွက် လုံချည်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်နှင့် ကလေးများအတွက် အစားအသောက်များပါသည့် ကွန်တိန်နာ ၁၀ လုံး ပေးပို့မည်

**မျိုးမြင့်၊ ထွန်းဝင်းနိုင် (သတင်းစဉ်)**

**နေပြည်တော် ဇန်နဝါရီ ၄**

"အင်ဒိုနီးရှားနိုင်ငံက ရခိုင်ပြည်နယ်မှာရှိတဲ့ အကူအညီလိုအပ်နေတဲ့သူတွေကို အကူအညီပေးဖို့ လုံချည်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်နဲ့ ကလေးငယ်တွေအတွက် အစားအသောက်တွေပါတဲ့ ကွန်တိန်နာ ၁၀ လုံးကို ပို့ဖို့ အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာရှိတဲ့ မြန်မာသံရုံးရဲ့အစီရင်ခံစာအရ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ကွန်တိန်နာလေးလုံး ပထမဦးဆုံး သင်္ဘောတင်တဲ့အခမ်းအနားကို တန်ဂျုံပရီးယော့ (TANJUMGPRIOK) ဆိပ်ကမ်းမှာကျင်းပခဲ့တယ်လို့ သိရပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ပြောကြားသည်။

ရခိုင်ပြည်နယ်ရှိ အကူအညီလိုအပ်နေသူများအား အင်ဒိုနီးရှားနိုင်ငံက အကူအညီအထောက်အပံ့ပေးအပ်မည့် အစီအစဉ်သည် တရားဝင်သံတမန်လမ်းကြောင်းမှ တရားဝင်ဆက်သွယ်အဆိုပြုချက်များအပေါ်အခြေပြုပြီး မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ အစိုးရနှစ်ရပ်အကြား ညှိနှိုင်းဆောင်ရွက်သည့်အစီအမံတစ်ခု ဖြစ်ကြောင်း သိရသည်။

ဦးကျော်မိုးထွန်းက "ကွန်တိန်နာ လေးလုံး ပထမဦးဆုံး သင်္ဘောတင်တဲ့အခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံသမ္မတနဲ့ မြန်မာသံအမတ်ကြီး ဦးအောင်ထူးတို့ တက်ရောက်တယ်လို့ သိရပါတယ်။ အဲဒီကွန်တိန်နာလေးလုံးဟာ ဇန်နဝါရီ ၁၁ ရက်လောက်မှာ ရန်ကုန်ဆိပ်ကမ်းကို ရောက်မယ်လို့ သိရပါတယ်။ ဒီပစ္စည်းတွေရောက်ရင်လည်း ရခိုင်ပြည်နယ်မှာရှိတဲ့ နှစ်ဖက်လူ့အဖွဲ့အစည်းတွေဆီကို လှူဒါန်းတဲ့နေရာမှာ မြန်မာနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံ အစိုးရနှစ်ရပ် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

***စာမျက်နှာ ၅ ကော်လံ ၁*** ❐


